# ရင်းနှီး/စီးပွားသတင်းလွှာ

# "MIFER BULLETIN"

1/2023

(JAN,FEB,MARCH)

# ရင်းနှီး/စီးပွားသတင်းလွှာ

**နာယကများ**

ဒေါက်တာကံဇော် | ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝါဝါမောင် | ဒုတိယဝန်ကြီး

**အယ်ဒီတာချုပ်**

ဦးမင်းဇော်အေး | လက်ထောက်အတွင်းဝန်

**စာတည်းအဖွဲ့**

ဦးစိုင်းတင်အောင်သိန်း | လက်ထောက်အတွင်းဝန်
ဒေါ်ခင်ထွေးသက် | ဒုတိယညွှန်ကြားရေးမှူး
ဦးအောင်ထက်ပိုင် | ဦးစီးအရာရှိ
ဒေါ်ဇင်ဇင်ထက် | အငယ်တန်းစာရေး

**မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်**

ဒေါ်မေဝတ်ရည်ဖြိုး

e-Government ဌာနခွဲ

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (ဂ၃ဂ၄၈) မှ စီစဉ်ထုတ်ဝေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

◊ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်မည်။

◊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထု ဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

◊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

◊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

◊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

◊ နိုင်ငံရေး

- စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး။
- ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

◊ **စီးပွားရေး**

- စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည် အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

◊ **လူမှုရေး**

- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆုရရှိသူများ၏ ပန်းချီ၊ ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံး အခန်းကဏ္ဍများ | | |
| 🕊 | ပန်းချီကဏ္ဍ | |
| ပထမဆု | "Sea Gypsies" of Tanintharyi (Chit Ko) | ၁ |
| ဒုတိယဆု | ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ (နန်းတျာစိုး) | ၁ |
| တတိယဆု | တူစုံယှဥ်တွဲ ပြည်ထောင်စုပွဲ (မို) | ၁ |
| 🕊 | ကဗျာကဏ္ဍ | |
| ပထမဆု | ပြည်ထောင်စုလှေ (နေမျိုးသူရ) | ၂ |
| ဒုတိယဆု | ငြိမ်းချမ်းရေး ချိုးကူသံ (မောင်ငြိမ်းသူ)(ရာမည) | ၃ |
| တတိယဆု | တူယှဉ်နွဲပျော် ပြည်ထောင်စုပွဲတော် (ဂျူနို)(MIFER) | ၄ |
| အထူးဆု | ပြည်ထောင်စုအတွက် ထာဝရ (နိုင်စစ်သည်) | ၅ |
| 🕊 | ဆောင်းပါးကဏ္ဍ | |
| ပထမဆု | ဘိုးဘွားတို့အမွေ ဇာတိမြေ (နိုင်ဝင်းတိုး)(ဘားအံ) | ၆ |
| ဒုတိယဆု | ပင်လုံမြေမှအခြေစသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး (ဘိုဖေ) | ၁၁ |
| တတိယဆု | သွေးခွဲစကား တို့ရှောင်ရှား ပြည်ထောင်စုအမွေ ထိန်းစို့လား (သျှံထွန်းတောက်) | ၁၆ |
| အထူးဆု | ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ (မေနှင်းသော်) | ၂၀ |
| 🕊 | စာစီစာကုံးကဏ္ဍ | |
| ပထမဆု | ပင်လုံသစ္စာ (Dolly@SINT) | ၂၅ |
| ဒုတိယဆု | ညီညွတ်ခြင်းရဲ့ အောင်ပွဲနေ့ (ပြည်ထောင်စုနေ့) (ဦးအောင်စိုးနိုင်) | ၂၈ |
| တတိယဆု | ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ (ဦးအောင်မြွေး) | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| 🕊 | ဆောင်းပါးကဏ္ဍ | |
| ၁။ | ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံ၏အခွင့်အလမ်း (မင်းထက်ကျော်ဇော) | ၃၄ |
| ၂။ | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေ (နိုင်ဝင်းတိုး)(ဘားအံ) | ၃၆ |
| ၃။ | ကိုဗစ်-၁၉ အလွန် ပြန်လည်ဦးမော့လာသည့် ရခိုင်ပြည်နယ်မှ ရင်းနှီးမြှုပ်နှံမှုများ (ကောင်းမြတ်သူ) | ၃၇ |
| ၄။ | ရင်းနှီးမြှုပ်နှံမှုကို အခြေခံသည့် လူမှုစီးပွားဘဝမြှင့်တင်ခြင်း (ဦးမျိုး)(ရန်ကုန်) | ၃၉ |
| ၅။ | "တိုင်းရင်းသားပြည်သူဘဝတိုးတက်ဖို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်စို့" (အောင်မင်းခိုင်) | ၄၁ |
| ၆။ | အရှေ့မျှော်မူဝါဒ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသနှင့် မြန်မာပြည်ကချင်ပြည်နယ် (ဒေါက်တာပင်လုံအေး) | ၄၉ |
| 🕊 | MIFER သတင်းကဏ္ဍ | |
| ၁။ | "နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း | ၅၄ |
| ၂။ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၅၅ |
| ၃။ | ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးရုံး၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David McLachlan-Karr နှင့် အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၅၅ |
| ၄။ | ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၅၆ |
| ၅။ | မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အားပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၅၇ |
| ၆။ | (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ခဲ့ကြသောဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ | ၅၇ |

| | | |
|---|---|---|
| ၇။ | ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်ပွဲကျင်းပ | ၅၈ |
| ၈။ | ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၅၉ |
| ၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ အကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ | ၆၀ |
| ၁၀။ | ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Debora Comini နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ | ၆၁ |
| ၁၁။ | လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၆) ကျင်းပခြင်း | ၆၁ |
| ၁၂။ | အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၆၂ |
| ၁၃။ | ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ်ကုစားရေး လုပ်ငန်းကော်မတီ၏လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ | ၆၃ |
| ၁၄။ | ၂၅ ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာ ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် | ၆၄ |
| | **DICA သတင်းကဏ္ဍ** | |
| ၁။ | (၁/၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် (၈)ခုကို ခွင့်ပြု | ၆၅ |
| ၂။ | ဟိုတယ်တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသို့ နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၆၆ |

| | | |
|---|---|---|
| ၃။ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့မှ မြစ်ကြီးနားမြို့နယ်ရှိ ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၆၆ |
| ၄။ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၇ |
| ၅။ | ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ဟိုတယ်တည်ဆောက်၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တုများ ထုတ်လုပ်မှု လုပ်ငန်းတို့အား တွေ့ဆုံဝန်ဆောင်မှုပေးခြင်း | ၆၇ |
| ၆။ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၇ |
| ၇။ | ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၈ |
| ၈။ | မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၆) ခုအား ကွင်းဆင်းစစ်ဆေးခြင်း | ၆၈ |
| ၉။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၈ |
| ၁၀။ | မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တန်ဖိုးမြှင့် နှမ်းထုတ်ကုန် အမျိုးမျိုးနှင့် သန့်စင်ပြီး မြေပဲနှင့်ပဲမျိုးစုံ၊ သန့်စင်ပြီး ပြောင်း၊ မြေပဲဆီနှင့် နေကြာဆီထုတ်လုပ်ခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခြင်း | ၆၈ |
| ၁၁။ | ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၉ |
| ၁၂။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ခဲကာဗွန်နိတ်သန့်စင်ခြင်းလုပ်ငန်းနှင့် ထောပတ်သီးစိုက်ပျိုးခြင်းနှင့် ထောပတ်သီး၊ သရက်သီး အစရှိသည့် သစ်သီးများ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၆၉ |
| ၁၃။ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း | ၆၉ |

| | | |
|---|---|---|
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း | ၆၉ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း | ၇၀ |
| ၁၆။ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း | ၇၀ |
| ၁၇။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ပုသိမ်စက်မှုမြို့တော် စီမံကိန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း | ၇၀ |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း | ၇၁ |
| ၁၉။ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ကွင်းဆင်းလေ့လာ | ၇၁ |
| ၂၀။ | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှု အခြေအနေ | ၇၂ |
| | **FERD သတင်းကဏ္ဍ** | |
| ၁။ | တတိယအကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ပူးတွဲကော်မတီ အစည်းအဝေးကျင်းပ | ၇၃ |
| ၂။ | အကြိမ် (၂၀) မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေး ကျင်းပ | ၇၃ |
| ၃။ | အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန လက်အောက်ရှိ NEDFi ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လက်ခံတွေ့ဆုံ | ၇၄ |
| ၄။ | ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ ဒါရိုက်တာများအစည်းအဝေးနှင့် ရှယ်ယာရှင်များ အစည်းအဝေးကျင်းပ | ၇၅ |

| | | |
|---|---|---|
| ၅။ | Global Development Promotion Center Network ၏ စတင်မိတ်ဆက်ခြင်း အခမ်းအနားနှင့် ပထမအကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေး ပွဲကျင်းပ | ၇၅ |
| ၆။ | ကိုရီးယားအပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) Chief Representative ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လက်ခံတွေ့ဆုံ | ၇၆ |
| ၇။ | အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၁/၅၄) ကြိမ်မြောက် အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ | ၇၆ |
| ၈။ | အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ၏ အထူးအစည်းအဝေးကျင်းပ | ၇၇ |
| ၉။ | အေမက်အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ၂၀၂၂ ခုနှစ် အတွက် ပထမအကြိမ် အစည်းအဝေး ကျင်းပ | ၇၉ |
| ၁၀။ | အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ ၏ ဒုတိယအကြိမ် ကြားဖြတ်အစည်းအဝေး ကျင်းပ | ၈၀ |
| | **ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းကဏ္ဍ** | |
| ၁။ | လျှပ်စစ်သုံးယာဉ်များရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ စတင်ဖွင့်လှစ် | ၈၁ |
| ၂။ | ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ရရှိ | ၈၂ |
| ၃။ | ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း | ၈၃ |
| ၄။ | မြန်မာ့ကြက်သွန်နီကို ပြည်ပသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့ရန် လုပ်ဆောင်နေ | ၈၅ |
| ၅။ | နိုင်ငံ့စီးပွားမြှင့်တင်ဖို့ MSME ကို အားပေးစို့ | ၈၆ |
| ၆။ | လျှပ်စစ်ကားများအတွက် တရုတ်နိုင်ငံမှ တင်သွင်း လာသည့် EV Charger များ မြန်မာနိုင်ငံသို့ ရောက်ရှိ | ၈၈ |
| ၇။ | သတ္တုနှင့်တွင်းထွက်တင်ပို့မှုမှ ၁၀လအတွင်း အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော် ရရှိခဲ့ | ၈၉ |
| ၈။ | လျှပ်စစ်ယာဉ် အစီးရေ ၃၀၀၀ ခန့် တင်သွင်းခွင့်ပြုထား | ၉၀ |

| | | |
|---|---|---|
| ၉။ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များတိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၉၁ |
| ၁၀။ | EV (လျှပ်စစ်ကား) နှင့် ICE Vehicle (လောင်စာဆီသုံးအင်ဂျင်ကား) တို့ ကွာခြားချက်၊ အားသာချက်များအကြောင်း | ၉၂ |
| ၁၁။ | ယခုနှစ် ဇန်နဝါရီလ ထိုင်းဆန်တင်ပို့မှု ပမာဏ ၇၅.၂% မြင့်တက် | ၉၃ |
| ၁၂။ | ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကော်ပိုရေးရှင်းမှ အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမည့် ကုန်စည်စာရင်းမှ မုန်ညင်းဆီထည့်သွင်း | ၉၄ |
| ၁၃။ | တရုတ်နိုင်ငံ အနောက်မြောက်ဘက်ရှိ အလက်စ်ရှန်ကူနယ်စပ်ဂိတ်တွင် လယ်ယာထွက်ကုန်များအား အကောက်ခွန် လျှင်မြန်စွာစစ်ဆေးနိုင်ရေး အစိမ်းရောင်လမ်းကြောင်း ဖွင့်လှစ်ပေးထားခြင်း | ၉၅ |

# ဥယျောဇဉ်



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ရင်းနှီး/စီးပွား သတင်းလွှာကို ထုတ်ဝေခဲ့ရာ သုံးနှစ်ရှိပြီ ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီနှင့် ချေးငွေများရယူ၍ အကျိုး ထိရောက်စွာ အသုံးချနိုင်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များစသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/စီးပွားသတင်းလွှာ (၁/၂၀၂၃) တွင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆုရရှိသူများ၏ ပန်းချီ၊ ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံးများအတွက် အထူးကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းထားပြီး ပြည်တွင်း/ပြည်ပ စီးပွားရေးသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာကံဇော်

ပြည်ထောင်စုဝန်ကြီး

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆုရရှိသူများ၏ ပန်းချီ၊ကဗျာ၊ဆောင်းပါးနှင့်စာစီစာကုံးအခန်းကဏ္ဍများ

| ပန်းချီ | ကဗျာ | ဆောင်းပါး | စာစီစာကုံး |
|---|---|---|---|

**ပထမဆု** (ပန်းချီ)



Chit Ko

**ပထမဆု** (ကဗျာ)



နေမျိုးသူရ

**ပထမဆု** (ဆောင်းပါး)



နိုင်ဝင်းတိုး (ဘားအံ)

**ပထမဆု** (စာစီစာကုံး)



Dolly@S!NT

**ဒုတိယဆု** (ပန်းချီ)




နန်းတျာစိုး

**ဒုတိယဆု** (ကဗျာ)




မောင်ငြိမ်းသူ (ရာမည)

**ဒုတိယဆု** (ဆောင်းပါး)



ဘိုဖေ

**ဒုတိယဆု** (စာစီစာကုံး)



ဦးအောင်စိုးနိုင်

**တတိယဆု** (ပန်းချီ)




မို

**တတိယဆု** (ကဗျာ)



ဂျူနို (MIFER)

**တတိယဆု** (ဆောင်းပါး)



သျှံထွန်းတောက်

**တတိယဆု** (စာစီစာကုံး)




ဦးအောင်မြွေး

**ကဗျာအထူးဆု**



နိုင်စစ်သည်

**ဆောင်းပါးအထူးဆု**



မေနှင်းသော်

MIFER

# ပန်းချီကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

# (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆုရပန်းချီပုံများ

"Sea Gypsies" of Tanintharyi.






" ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ"

"တူစုံယှဉ်တွဲ ပြည်ထောင်စုနေ့ပွဲ"



MIFER

# ကဗျာကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

# ပြည်ထောင်စုလှေ

◊ ပင်လုံမြေက၊ အခြေစလို့
ဒို့တွေပေါင်းစု၊ အကြောင်းပြုကာ
တွဲလက်ခိုင်မာ၊ ချစ်ကြည်စွာဖြင့်
ညီညာလှော်ခပ်၊ ကမ်းကထွက်သည်
ဒို့တည်ထောင်ပြု၊ ပြည်ထောင်စုလှေ
ဆန်ရေကိုဖြတ်၊ ဝဲဂယက်ကြား
လေထန်ငြားလည်း၊ ခိုင်မာအမြဲ
မယိုင်လဲကာ၊ ရှေ့သို့သာလျင်
ခရီးနှင်သည်၊ ရတုများပင်ကျော်ခဲ့ပြီ။

◊ ဤလှေကြီးဝယ်၊ တစ်လှေတည်းစီး
ခရီးအတူသွား၊ ညီနောင်သားချင်း
ဆွေရင်းများစွာ၊ ညီကိုပမာသို့
ပေါင်းကာစုစည်း၊ ရင်းနှီးချစ်ကြည်
တက်ကိုယ်စီလှော်၊ ကြွေးကြော်သံပြု
ပြည်ထောင်စုလှေ၊ ဘိုးဘွားအမွေကို
ဤကမ္ဘာမြေကြီး၊ မပျက်စီးသမျှ
တည်တံ့ရအောင်၊ ထိန်းသိမ်းဆောင်ရွက်
ကမ်းစပ်မှသည်၊ ပန်းတိုင်ဆီသို့။

◊ ဤလှေကြီးဝယ်၊ လှေငယ်ကိုဆောက်
လှေကြီးမှောက်ရန်၊ ထိုသူ့အကြံဆိုး
လူမျိုးရယ်ခြား၊ တိုင်းတစ်ပါးက
သွေးဆောင်ငြားလည်း၊ ထာဝစဉ်အမြဲ
တူယှဉ်တွဲကာ၊ စောင့်ထိန်းလာကြ
ခိုင်မြဲရအောင်၊ ကြိုးပမ်းဆောင်ရွက်
ဒို့မျိုးဆက်များ၊ လက်ဆင့်ပွားကာ
အများအကျိုး၊ ထမ်းသယ်ပိုးသည်
မျိုးရိုးစဉ်ဆက်၊ အစဉ်အလာမပျက်ခဲ့။

◊ ဒို့ညီနောင်စု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုလှေ၊ လှိုင်းထန်ရေကြား
ကျော်ကာလွှားရန်၊ ဒို့အားမာန်ဖြင့်
ရေဆန်ကိုဖြတ်၊ ဒို့လှော်ခတ်မည်
တက်ကိုယ်စီကိုင်၊ စည်းချက်ပိုင်စွာ
လှော်ခတ်လာကြ၊ ပင်လုံမှသည်
ကမ္ဘာတည်သရွေ့၊ "မြန်မာ" ဟော့လို့
ရှေ့သို့လှမ်းချီ၊ ပန်းတိုင်ဆီကို
ရောက်မည်မလွဲ၊ ကေန်အမြဲ။

နေမျိုးသူရ



# ငြိမ်းချမ်းရေး ချိုးကူသံ

တို့ညီနောင်စု ပြည်ထောင်ပြုဖို့
ပေါင်းစုအားအင် နယ်ချဲ့ညဉ်ကို
ဖယ်ကြဉ်နိုင်ရေး ရဲမာန်သွေးထည့်
ဟစ်ကြွေးတွန်းလှန် ပေါင်းစုညာဏ်နဲ့
ပင်လုံအလံ စိုက်ခဲ့ပြီ။
ရက် , လ, မက တွက်ချင့်ဆသော်
နှစ်ခုနှစ်ဆယ့်ခြောက် မြောက်ခဲ့ပြီ။
အခုချိန်ခါ ပြည်မြန်မာဝယ်
ပျော်ဖွယ်အလျဉ်း သွေဆောင်ကြဉ်းအောင်
ကျွန်သပေါက်သား မျိုးဖျက်များက
မှောင့်မှားသတင်း သတ်သွင်းဖြိုခွဲ
ပြိုလဲကြံစည် မှန်းမျှော်ရည်လည်း
မြန်ပြည်တလွှား ပြည်သူများမှ
ဆပွားအသိ ညာဏ်ချင့်ညှိ၍
သတိမြဲမြံ မျှော်တွေးကြံက
မှန်စွသတင်း တိလင်းသေချာ
ကမ္ဘာကြည့် ကြည့် သိလိမ့်မည်။

တို့ပြည်တို့ရေး တို့မျှော်တွေးကာ
မှန်စွာ ထုဆစ်နိုင်လိမ့်မည်။
တို့ငြိမ်းချမ်းရေး တို့ဟစ်ကြွေးကာ
မြန်စွာ ဆွေးနွေးနိုင်လိမ့်မည်။
တို့ပြည်ထောင်ရေး ခွန့်ရှည်တွေးကာ
ထာဝရ ငြိမ်းအေးနိုင်လိမ့်မည်။
ရင်မှာ ရေးလို့ အမိဋ္ဌာန်တည်။

မောင်ငြိမ်းသူ (ရာမည)

# တူယှဉ်နွဲပျော် ပြည်ထောင်စုပွဲတော်



လာ..လာပဲ့.....တို့အများ
ပြည်ထောင်စုပွဲ နွှဲစို့လား။

ချင်းတွင်း ဧရာ မြစ်ဖျားအစ
သာယာလှတဲ့ မနောမြေ။
ကိုယ့်အခေါ် “ ကချင်”
သူ့အခေါ် “ ဂျိန်းဖော”
အခေါ်ကွဲပေမဲ့ သွေးမကွဲလှပါတဲ့
မြောက်ဖျားဆီက တို့ညီနောင်တွေ။



ကိန္နရီ ကိန္နရာ ပျော်ရွှင်မြူးတဲ့
ဖားစည်သံဝေ ငွေတောင်ပြည်။
ကယား ပဒေါင် ဂေခို စသည့်
မျိုးနွယ်ကိုးစု အားအင်ပြုတဲ့
ပြည်နယ်သေးပေမဲ့
ပြည်တစ်ခွင်အလင်းဆောင်ပါတဲ့
လောပိတမြေက တို့ညီအစ်ကိုတွေ။



မြစ်သံလွင် ဖြတ်ကာစီးတဲ့
ဖားစည်သံဝေ ဖွဲ့ကပင်မြေ။
ဒုံယိမ်းအလှ ဝါးညှပ်အကနဲ့
စကောကရင်ပိုးကရင်
မခွဲခြားပါတဲ့
ဒေါနတောင်တန်းက တို့ညီအစ်ကိုတွေ။



ဂျပ်ခုပ်သံညံ တောင်ဇလပ်သင်းတဲ့
အောက်ချင်းတို့ရဲ့ သစ္စာမြေ။
ခွာဒိုပွဲတစ်ထောင့်
ခေါင်ရည်သောက်ရင်း
ကုလားတန် မဏိပူရ ဖြတ်ကာစီးပါတဲ့
ချင်းတောင်တန်းက တို့ညီအစ်ကိုတွေ။



ရွှေဆံတော် ကိန်းကာဝပ်တဲ့
မွန်တို့ဌာနေ ရာမညမြေ။
ကျွဲကော နဲ့ ရာဘာ
ဒူရင်းတွေလှိုင်လှိုင်ပေါ်လို့
ရွှေဟင်္သာတင့်တယ်လွှန်းပါသတဲ့
သုဝဏ္ဏမြေက တို့ညီအစ်ကိုတွေ။



တောင်တန်း ပင်လယ် ဝန်းကာရံတဲ့
လေးရပ်ဝတီ ရခိုင်ပြည်။
အနုသုခုမ ယဉ်ကျေးမှုအလှနဲ့
သာကီဝင်တို့ နန်းစိုက်ရာမြေ
သဇင်ပန်းခိုင် သင်းကာကြိုင်တဲ့
အနောက်ရိုးက တို့ညီအစ်ကိုတွေ။



ပင်လုံသစ္စာ အခြေတည်တဲ့
အိုးစည်သံဝေ မောရှမ်းပြည်။
မီးပုံပိုင်းဖွဲ့ လှည့်ကာကရင်း
ချယ်ရီနဲ့သင်း သဘောရှင်းတဲ့
ရှမ်းတောင်တန်းက
တို့ညီအစ်ကိုတွေ။

မူဟန်တွေ ကွဲပြားပေမဲ့
ရင်ဝယ်လေ မခွဲခြားစေဖို့
ယုံကြည်မှုထပ် ရင်ချင်းအပ်လို့
ပင်လုံရဲ့သွေး မအေးရလေအောင်



လာ--လာပဲ့--- တို့အများ
ပြည်ထောင်စုပွဲ နွှဲစို့လား။

ဂျူနို(MIFER)

## “ ပြည်ထောင်စု အတွက် ထာဝရ ”

ဆောင်းနှင်း ငွေ့ငွေ့
နွေအကူးက
လေရူးတွေနဲ့မြူးစတယ်.........

နွေလေအကူး
မြောက်လေထူးလို့
စိတ်ကူးတွန်သာ လွင့်ပါလွယ်.......

နှင်းရည်စက်လက်
လင်းလင်းလက်စ
တိမ်ခိုးမြူလိုထွေးလာကွယ်.........

စိတ်သာရည်မှန်း
ဆန္ဒလမ်းစ
လမ်းဖြစ်ဖို့ရာ လွမ်းရတယ်.........

ပြည်ရှေ့တဖျား ဌာနီခြားလည်း
ဦးလည်မသုန် နှင်းစေရာဝယ်
ဇာတိရပ်ခြေ ရင်ကွယ်ဝှက်လျက်
စွန့်လွှတ် သစ္စာ ရည်သို့ရှုယ်လို့
မြဲမြဲခိုင်ခိုင် ရှိခဲ့တယ်။

ရောက်ရာစေစား
ဇာမဏီသားတို့ မတုန့်မရှုန့်
သန္နိဋ္ဌာန်ထား ဦးညွှတ်လို့သာ ရှိစေတယ်..........

ညီရင်းအကို မာတာပိတူ
သွေးနီးနီးနှောင် ပြည်ထောင်ဖွားလို့
စိတ်ထားမြဲခိုင်မေတ္တာတွယ်...............
ရင်တွင်းချစ်ကြည် ကိန်းတွယ်မျှတ
ရင်နှစ်သည်းချာ ရည်လူးနှလုံး ပတုပုံမာ
ထွေးကပ်လို့သာပိုက်ထွေးဝယ်...........

မေ့ကိုတမ်းလို့ လွမ်းလွန်းလေမယ့် မြင်တန်းလို့
လွမ်းပျောက်ကွယ်ခြောက် လွှောင်ဝ်ဖက်တွယ်လည်း
ပျော်ပါတယ်........

သို့တည်းမို့ရာ မေတ္တာစေကျွန် သစ္စာထမ်းမို့
ပေးအပ်ဝန်ရာ ပိုင်းစဖြတ်လမ်း
ပြည်ကြီးခိုင်မာ မြဲတည်ရန်မှာ
ကိန်းဝတ်မည်သာ စွဲတည်တယ်.........

ချစ်သူမုန်းသူ ရန်သူမည်ကား
ကျင့်ဝတ်သည်သာ လမ်းစဉ်တွယ်လို့
ကျင့်ရဲ ကျင့်ခက် စွန့်ဝံ့ရဲလွယ်

နောင်လားနောင်ဖွား ညီငယ်များသို့
မှာတမ်း ခွန်းချွေ ပြုဆဲကတိ ဖွင့်ဟရဲသည်
စစ်သည်တော်ဟောင်း ဘဝ နှောင်းလဲ
မြဲမြဲခိုင်ခိုင် စိတ်ရှိတိုင်းက
ပြည်ထောင်စုကြီး တည်တံ့ဖို့ရာ အသင့်ရှိတယ်။

နိုင်စစ်သည်

MIFER

# ဆောင်းပါးကဏ္ဍ

# ဘိုးဘွားတို့ အမွေ ဇာတိမြေ

အချိန်ကား ဘီစီ ၇၃၉ ခုနှစ်၊ ရာသီဥတု ကြမ်းတမ်းလှသော အာရှတိုက် အလယ်ပိုင်း ကုန်းမြင့်ဒေသတွင် မှီတင်းနေထိုင်ကြသည့် မျိုးနွယ်စုတစ်စုသည် သူတို့၏ အနာဂတ်အတွက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ကြသည်။ ဘိုးဘွားတို့၏ နိမိတ်စကားအရ သူတို့မျိုးနွယ်စု ရေရှည်တည်တံ့စွာ ရှင်သန်နေထိုင်နိုင်မည့် ဇာတိမြေသည် တောင်ဘက် အရပ်တွင် တည်ရှိလေသည်။ တောင်ဘက်အရပ်သို့ ခရီးသွားရင်း မြစ်ကြီးကိုးသွယ်ကို ဖြတ်ကျော်ပြီးချိန်တွင် နေရောင်ခြည် ဖြာလင်းသော ဒေသကို တွေ့ရလိမ့်မည်။ ထိုဒေသသည်ကား ထာဝရ ဇာတိမြေပင်တည်း။

ဤသို့ဖြင့် မျိုးနွယ်စုလေး၏တောင်အရပ်သို့ ခရီးရှည်သည် စတင်ခဲ့လေပြီ။ မဲခေါင်မြစ်နှင့် သံလွင်မြစ်အကြား ရှည်လျားကြမ်းတမ်းသော ခရီးစဉ်အား ခိုင်မာသော သူတို့၏ စိတ်ဓာတ်ဖြင့် ဖြတ်ကျော်ခဲ့ကြသည်။


နှစ်ကာလ အတန်ကြာပြီးနောက် အရှေ့ဘက်တွင် တောင်စဉ်တန်းတို့ကို မြင်ရသော၊ တသွင်သွင် စီးဆင်းနေသည့် စစ်တောင်းမြစ်၏ မြေနုလွင်ပြင်တို့ တည်ရှိနေသော၊ နေရောင်ခြည်ဖြင့် နွေးထွေးတောက်ပသော ဒေသသို့ သူတို့ ရောက်ရှိခဲ့ကြသည်။ တောင်ငူ ဒေသရောက်ချိန်တွင် အချို့သော မျိုးနွယ်စုဝင်တို့က သူတို့၏ ခရီးစဉ်ကို အဆုံးသတ်ကာ အခြေချနေထိုင်ခဲ့ကြသည်။

အချို့က သူတို့၏ခရီးစဉ်ကို သံလွင်မြစ်ရိုး အတိုင်း ဆက်လက် ထွက်ခွာခဲ့ကြသည်။ သို့သော် ဆွေမျိုးကို ခင်တွယ်တတ်သော သူတို့သည် ဝေးဝေးတော့ ရောက်အောင်မသွားခဲ့ပါ။ သံလွင်မြစ်အနီးရှိ မြေပြန့်ဒေသဖြစ်သော၊ ထုံးကျောက်တောင်များကို နေရာအနှံ့ တွေ့ရသော၊ အရှေ့ဘက်ခပ်လှမ်းလှမ်းတွင် ဒေါနတောင်တန်းကြီးတည်ရှိသော ဒေသတွင် သူတို့ အခြေချနေထိုင်ကြလေတော့သည်။

ဘိုးဘွားတို့ လက်ဆင့်ကမ်းခဲ့သော ဒဏ္ဍာရီနှင့် ကိုက်ညီစွာပင် မျက်မှောက်ခေတ်၏ သုတေသီပညာရှင်များက ကရင်လူမျိုးတို့သည် တိဘက်ကုန်းပြင်မြင့်မှ ဆင်းသက်လာသော တိဘက်တို-ဘားမင်း (Tibeto-Burman) ဘာသာစကား အစုဝင်များဖြစ်ကြောင်း လက်ခံ အတည်ပြုခဲ့ကြသည်။

ဒေါက်တာ ဖရန်စစ် မေဆန်၏ (Dr.Francis Mason) ပေးဖြဲအနွယ်ဝင် အယူအဆ နှင့် မစ္စတာ ဂျေအာလိုဂင် (Mr. J. R. Logan) ၏ ဖြဟ္မာပုတရန် အယူအဆများ ထက် တိဘက်တို-ဘားမင်း ဘာသာစကား အစုဝင်ဟူသော အယူအဆက ယနေ့အချိန်တွင် ပိုမိုခိုင်လုံလျက်ရှိကြောင်းတွေ့ ရပေသည်။

ပုဂံအရှေ့ပိုင်း ရွှေကွန်ချာဘုရား တံတိုင်းအတွင်းရှိ ကျောက်စာအရလည်းကောင်း၊ ပုဂံအရှေ့မြောက် တန်ဆောင်း ဘုရားအတွင်းရှိ ကျောက်စာအရလည်းကောင်း၊ အရှင်အဂ္ဂသမာဓိ စပ်ဆိုတော်မူသော သုဝဏ္ဏသျှံ သူဌေးခန်းပျို့အရလည်းကောင်း ကရင်လူမျိုးတို့သည် ရှေးခေတ် မြန်မာပြည်၏ ဒေသခံများဖြစ်ကြောင်း ပေါ်လွင်လှပေသည်။



၁၈၆၇ ခုနှစ်တွင် ထုတ်ဝေသည့် Transactions of Ethnological Society, London, Vol.5 တွင် ဆာအာသာဖယ်ယာက ရေးအခါက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ကြသော ပျူ၊ ကမ်းယံ၊ သက် ဟူသည့် လူမျိုးတို့အနက် ကမ်းယံဟုခေါ်သော လူမျိုးအမည်မှ ကရင်ဟူသော အမည်သို့ပြောင်းလဲခေါ်ဆိုလာခဲ့သည်ဟု ရေးသားခဲ့ဘူးသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ကရင်လူမျိုးများသည် နေရာဒေသအလိုက် မျိုးနွယ်စုနှင့် စကား ကွဲပြား

ခြားနားကြသည်။ စကော၊ ပိုး၊ ပကူး၊ ပလချီး၊ ဘွဲ၊ မောနေပွာ၊ တလေပွာ၊ မိုပွာ၊ ရှို၊ စာဖြူ၊ ကရင်ဖြူ စသဖြင့် ခွဲခြားမှတ်သားလေ့ ရှိကြသည်။

၁၉၃၄ ခုနှစ် ဗြိတိသျှ လက်အောက် ပါလီမန်တွင် ကရင်အမျိုးသား ပါလီမန်အမတ် စောဂျွန်ဆင် ဒီဖိုးမင်းက ကရင်နှစ်သစ်ကူးနှင့် နှစ်ဆန်း (၁) ရက်ကို အသိအမှတ်ပြုရန်အတွက် အဆိုတင်သွင်းခဲ့သည်။ ကရင်လူမျိုးတို့၏ ရှေးယဉ်ကျေးမှုများကို လေ့လာပြီး ခရစ်နှစ် ၁၉၃၄ ခုနှစ်အား ဘီစီ ၇၃၉ ခုနှစ်နှင့်ပေါင်း၍ ကရင်သက္ကရာဇ် ၂၆၇၃ ခုနှစ်ဟု သတ်မှတ်ရန်၊ ကရင် ပြက္ခဒိန်ပါ ၁၃ လအနက် နှစ်ဦးလဖြစ်သော သလေ လဆန်း (၁) ရက်သည် မြန်မာပြက္ခဒိန်ပါ ပြာသိုလဆန်း(၁) ရက်နှင့် တိုက်ဆိုင်သည့်အတွက် နှစ်ဆန်း (၁) ရက်နေ့ဟု သတ်မှတ်ရန် အဆိုပြုခဲ့လေသည်။ပါလီမန်က သဘောတူခဲ့သဖြင့် ခရစ်နှစ် ၁၉၃၇ ခုနှစ်မှစ၍ ပြာသိုလဆန်း (၁) ရက်နေ့ကို ကရင်နှစ်သစ် မင်္ဂလာနေ့အဖြစ် ရုံးပိတ်ရက် သတ်မှတ်ပြဋ္ဌာန်း ပေးခဲ့ပေသည်။

၁၉၅၁ ခုနှစ် တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ ၆၂ အရ ကော့ကရိတ်၊ ဘားအံ၊ ဖာပွန်၊ ကြာအင်း ဆိပ်ကြီး၊ သံတောင်ကြီး၊ လှိုင်းဘွဲ့မြို့နယ်များအား ကရင်ပြည်နယ်အဖြစ် ဖွဲ့စည်းပေးခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် မြဝတီမြို့နယ် အား တိုးချဲ့ ဖွဲ့စည်းခဲ့ပေသည်။ အခြေခံဥပဒေ ပြင်ဆင်ချက်အား နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးခဲ့သည့် ၁၉၅၅ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့အား ကရင်ပြည်နယ်နေ့ အဖြစ် သတ်မှတ်၍ နှစ်စဉ် အခမ်းအနားများ ကျင်းပခဲ့ကြပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ပေါ်ပေါက်လာသော ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်တွင်တည်ရှိပေသည်။ မြောက်လတ္တီကျူ၁၅ ဒီဂရီ ၁၉ မိနစ် နှင့် ၁၉ ဒီဂရီ ၂၅ မိနစ်အကြား၊ အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ ၁၀ မိနစ်နှင့် ၉၈ ဒီဂရီ ၅၅ မိနစ်အကြား တည်ရှိပြီး၊ ဧရိယာစတုရန်း မိုင်ပေါင်း ၁၁၇၃၀.၈၅၁ ကျယ်ဝန်းရာ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းများအနက် ကျယ်ဝန်းမှု အဆင့် (၁၁) ရှိပေသည်။ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသလို အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် နယ်ခြားထိစပ်မှု ၃၁၁ မိုင်ရှိပေသည်။

ကယားပြည်နယ်နှင့် ထိစပ်နေသော သံတောင်ကြီးဒေသတွင် ဟိုကကြိုးတောင်တန်း တည်ရှိနေပြီး၊ အမြင့်ဆုံး အမြင့်ပေမှာ ၈,၆၀၇ ပေဖြစ်သည်။ အရှေ့ဖက်နယ်နမိတ် တစ်လျှောက် ဒေါနတောင်တန်းသည် တောင်မြောက် တန်းလျက်တည်ရှိပြီး အမြင့်ဆုံး အမြင့်ပေမှာ ၆,၈၂၂ ပေ ဖြစ်သည်။ အနောက်ဖက် မွန်ပြည်နယ်နှင့် ထိစပ်နေသော ကြာအင်းဆိပ်ကြီးဒေသတွင် တောင်ညိုတောင်တန်း တည်ရှိပြီး အမြင့်ဆုံးအမြင့်ပေမှာ ၄,၂၅၉ ပေ ဖြစ်သည်။

တောင်တန်းများ တည်ရှိနေပုံကို လိုက်၍ မြစ်ချောင်းများ စီးဆင်းလျက်ရှိရာ သံလွင်မြစ် နှင့် မြစ်လက်တက်များဖြစ်သော မက်သလောက်၊ ယွန်းစလင်း၊ ဒုံသမိ၊ ဟောင်သရော (သို့) ဂျိုင်း၊ ဇမိ (သို့) ဝင်းယော် (သို့) အတ္တရံတို့ တည်ရှိသည်။ ကောလင်း ထရီတောင်မှ မြစ်ဖျားခံသော သောင်ရင်းမြစ်သည် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံအကြား နယ်နမိတ်အဖြစ် တောင်မှမြောက်သို့ စီးဆင်းခဲ့ရာ မြောက်ဘက် မောလောခိုအနီးတွင် သံလွင်မြစ်နှင့် ပေါင်းစုံလေသည်။

ကရင်ပြည်နယ်သည် အပူပိုင်းဇုန်အတွင်း ကျရောက်ပြီး ပင်လယ်နှင့်လည်းများစွာ မဝေးကွာသည့်အပြင် တောင်တန်းများ ပတ်လည်ဝိုင်းရံနေ၍ ပူအိုက်စွတ်စိုသော မုတ်သုံရာသီဥတုကို ပိုင်ဆိုင်သည်။ ပျမ်းမျှအပူချိန် ၃၀ ဒီဂရီ စင်တီဂရိတ် ခန့်ရှိပြီး၊ နှစ်စဉ်မိုးရေချိန် ၁၂၀-၁၉၀ လက်မခန့် ရွာသွန်းလေ့ရှိသည်။ ရာသီဥတု နှင့် လျော်ညီစွာ ပေါက်ရောက်သော အမြဲစိမ်းသစ်တောများကို ပိုင်ဆိုင်ထားပြီး၊ ခနောက်စိမ်း၊ ထုံးကျောက်၊ ဂေါ်ဒန် တို့ တူးဖော်နိုင်ကာ၊ ရာဘာအများအပြား စိုက်ပျိုးသောဒေသဖြစ်သည်။

ကရင်ပြည်နယ်လူဦးရေမှာ၁၉၆၆ခုနှစ်ခန့်မှန်းစာရင်းများအရ ၇၂၉,၀၀၀ ခန့်ဖြစ်သော်လည်း၊ ၂၀၁၄ ခုနှစ် လူဦးရေစာရင်း ကောက်ယူမှု အချက်အလက်များအရ ၁.၅၇၄ သန်း ရှိကြောင်းတွေ့ရသည်။ အရွယ်ရောက်ပြီးသူ ၉ သိန်းကျော်ရှိကြောင်း တွေ့ရှိရပြီး မြန်မာနိုင်ငံ အရွယ်ရောက်ပြီးသူ စုစုပေါင်း၏ ၂.၆ ရာခိုင်နှုန်းခန့်ရှိပေသည်။

တောင်ပေါ်နှင့်အရှေ့ကရင်ကျေးရွာများတွင်တောင်သူ လယ်သမားဦးကြီး အများစုတို့သည် မိမိတို့ တစ်နှစ်ပတ်လုံး မအားမလပ်ထွန်ယက်စိုက်ပျိုး လုပ်ကိုင်ရရှိသော သီးနှံများကို ဈေးကွက်တွင် ရောင်းချရန် မရည်ရွယ်ဘဲ မိသားစုဝမ်းစာဖူလုံရေးအတွက် ရည်ရွယ်ထုတ်လုပ်နေကြခြင်းဖြစ်သည်။

မိသားစုစားဝတ်နေရေးနှင့် လူမှုရေးအတွက်မရှိမဖြစ်လိုအပ်သော စားသုံးကုန် ပစ္စည်းတခုခုကို မိမိတွင် ပိုလျှံနေသော လယ်ယာထွက်သီးနှံ သို့မဟုတ် အင်း၊ အိုင်၊ ချောင်း၊ မြောင်းများမှ ရှာဖွေရရှိသော သားငါး သို့မဟုတ် အိမ်တွင် မွေးမြူထားသော တိရိစ္ဆာန်တစ်မျိုးမျိုး ဖြင့် မိမိအလိုရှိသော ကုန်ပစ္စည်းရှိသူ ရွာသားချင်းထံတွင်ဖြစ်စေ၊ ရွာသို့ လာရောက်၍ ကုန်ချင်းဖလှယ်တတ်သော ကုန်သည်တို့ထံတွင် ဖြစ်စေ ကုန်ပစ္စည်းချင်းဖလှယ်၍ သုံးစွဲတတ်ကြသည်။ ငွေအသပြာကို မရှိမဖြစ်အောင် လိုလာပါမှ မိမိပိုင် ပစ္စည်းတမျိုးမျိုးကို ဝယ်သူလာသည့်အခါ ရသမျှဈေးနှင့် ရောင်းချတတ်ပေသည်။

ထို့ကြောင့် တောင်ပေါ်ကရင်နှင့်အရှေ့ကရင် မြေပြန့်ကျေးရွာများ၏ စီးပွားရေးသည် ကျေးရွာတွင်း ဖူလုံရေး သို့မဟုတ် ကုန်ပစ္စည်းချင်းဖလှယ်သော စီးပွားရေး အဆင့်မှပင်လွတ်လွတ်ကင်းကင်းပြောင်းလဲလွန်မြောက်ခြင်း မရှိသေးဟု ဆိုရပေမည်။

လက်မှုပညာလုပ်ငန်းဟူ၍ သီးခြားခွဲခြားမှု မရှိခဲ့သော်လည်း မိသားစုသုံးစွဲရန် ရက်လုပ်ခဲ့ကြသော ကရင်ရိုးရာ အထည်အဆင်အမျိုးမျိုးမှာ လူကြိုက်များလာခဲ့ပြီး ယက်ကန်းရုံများ ပေါ်ပေါက်လာကြပေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ဆုံးရှုံးပြီးနောက် ဗြိတိသျှအရင်းရှင်နယ်ချဲ့တို့၏ လျစ်လျူရှုဝါဒများကြောင့် ပြည်မရှိ ကျေးရွာများတွင် ရှေးယခင်ကရှိခဲ့သော ကျေးရွာတွင်း စီးပွားရေး ဖူလုံမှုစနစ်သည် ပျက်စီးကာ စီးပွားရေးအရ ဈေးကွက်ကို မှီခိုအားထားမှု စတင်ကျယ်ပြန့်လာခဲ့သော်လည်း တောင်ပေါ်ဒေသများတွင် ကျေးရွာတွင်း စီးပွားရေးဖူလုံမှုစနစ်နှင့် ကုန်ပစ္စည်းချင်းဖလှယ် စားသုံးသည့် စနစ်သည် ယနေ့တိုင် ဆက်လက်၍ တည်ရှိနေပေသည်။

ကရင်လူမျိုးတို့သည် ဘိုးဘွားအစဉ်အဆက်မှစ၍ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်၊ ခြံမြေများကို စိုက်ပျိုးလုပ်ကိုင် အသက်မွေးကြသော လုပ်သားကြီးများဖြစ်ကြသည်။အခြားသောအသက်မွေးဝမ်းကြောင်း လုပ်ငန်းများထက် စိုက်ပျိုးရေးလုပ်ငန်းကို ပို၍ ခုံမင်ကြသည်။ စိုက်ပျိုးလုပ်ကိုင်မှ ဝမ်းဝသည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် စိုက်ပျိုးရေးသည် ကရင်လူမျိုး တို့၏ ပဓာနကျသော စီးပွားရေးလုပ်ငန်း ဖြစ်ပေသည်။ မြေပြန့်နှင့် တောင်ပေါ်နေ ကရင်လူမျိုးများသည် လယ်ယာသို့မဟုတ် တောင်ယာနှင့် ဥယျာဉ်ကိုမှီခို၍ လုပ်ကိုင် စားသောက်ကြသည်။

မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသော ကောက်ပဲသီးနှံများကိုသမရိုးကျနည်းစနစ်အတိုင်းဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ ခေတ်မီ စိုက်ပျိုးရေးစနစ်သစ်နှင့် သီးနှံသစ်များကို ကရင်တောင်သူ လယ်သမား အများစုသည် စိုက်ပျိုးလုပ်ကိုင်ရန် စိတ်ပါဝင်စားမှု နည်းပါးသေးသည်။ ထွက်နှုန်းကောင်းသော ကောက်ပဲသီးနှံမျိုးများ စိုက်ပျိုးရန်နှင့် ကန်ထရိုက် လယ်ယာစနစ်ကျင့်သုံးရန် အတွက် ကြိုးစားနေဆဲ ဖြစ်ပေသည်။

ဥယျာဉ်ခြံမြေ လုပ်ငန်းများကို လုပ်ကိုင်ရာတွင် ကွမ်းသီး၊ မင်းကွတ်သီး၊ ဒူးရင်းသီး၊ လိမ္မော်သီး၊ ကော်ဖီ တို့ စိုက်ပျိုးလေ့ရှိကြပြီး၊ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ငရုတ်ကောင်း၊ ချဉ်ပေါင်ဖာလာနှင့် ဝဥစိုက်ပျိုးမှုများ ပေါ်ပေါက်လာခဲ့သည်။

ကရင်ပြည်နယ်ရှိ အိမ်ထောင်စုများ၏ ၄၉ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး၊ နှစ်စဉ် ပြည်နယ် GDP ၏ ၃၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးမွေးမြူရေး ကဏ္ဍမှ ရရှိပေသည်။

လွတ်လပ်ရေး ရပြီးချိန်မှစ၍ လက်နက်ကိုင် အဖွဲ့အစည်းများကြောင့် မငြိမ်မသက်ဖြစ်ခဲ့သော ကရင်ပြည်နယ်သည် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှစပြီး အခြေခံအဆောက်အအုံ၊ လမ်းတံတားများ ဖွံ့ဖြိုးလာမှုနှင့်အတူ နယ်စပ်ကုန်သွယ်ရေး အားကောင်းလာမှုကြောင့် စီးပွားရေးအလားအလာကောင်းများကို ပိုင်ဆိုင်လာခဲ့သည်။

မြဝတီမြို့သည်မြန်မာ့နယ်စပ် ကုန်သွယ်ရေး ပမာဏစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းကျော်ကို တင်သွင်း ပို့ဆောင်ပေးနိုင်သော အချက်အချာနေရာတစ်ခု ဖြစ်လာခဲ့ပြီး၊ မြန်မာ့နယ်စပ် ကုန်သွယ်ရေးတွင် မူဆယ်မြို့၏နောက် ဒုတိယနေရာ၌ အစဉ် ရပ်တည်လာနိုင်ခဲ့သည်။ အာရှလမ်းမကြီးနှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံတို့ ထပ်

တူဖြတ်သန်းသော ကရင်ပြည်နယ်၏ စီးပွားရေးတွင် ဝန်ဆောင်မှုကဏ္ဍာသည် ပြည်နယ် GDP ၏ ၄၁ ရာခိုင်နှုန်းခန့်ဖြင့် အဓိကကဏ္ဍာ ဖြစ်လာခဲ့သည်။

ပြည်နယ်မြို့တော် ဘားအံတွင် တည်ထောင်ခဲ့သော ဘားအံစက်မှုဇုန်နှင့် မြဝတီမြို့ရှိ စီးပွားရေးဇုန်တို့တွင် CMP အထည်ချုပ်လုပ်ငန်း ကဏ္ဍာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခဲ့သည်။နိုင်ငံသားပိုင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့၍ စက်မှု ကဏ္ဍာသည် ပြည်နယ် GDP ၏ ၂၂ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိလာခဲ့သည်။၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၏ GDP သည် ကျပ် ၁၄၄၁ ဘီလီယံ ထိရောက်ရှိခဲ့ပြီး တိုးတက်မှုနှုန်းမှာ ၆.၉ရာခိုင်နှုန်းထိရှိလာခဲ့သည်။

ကရင်ပြည်နယ်အတွင်းသို့ ပြည်တွင်း ပြည်ပခရီးသွား ဝင်ရောက်မှုများပြားလာခြင်းနှင့်အတူ ခရီးစဉ်ဒေသသစ်များ ပေါ်ပေါက်လာခြင်း၊ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းသစ်



များ တိုးတက်လာကာ ဒေသခံရွှေ့ပြောင်း လုပ်သား အများအပြား ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ အရှိန်အဟုန် ကောင်းလာခဲ့သော ကရင်ပြည်နယ်၏ တိုးတက်မှုများသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ စတင်သော ကိုဗစ်-၁၉ ရိုက်ခတ်မှုနှင့်အတူ တုံ့နှေးသွားခဲ့ရ ပြန်သည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်များ နောက်ပိုင်းတွင် ပြည်ပ ပယောဂအနှောင့်အယှက်များနှင့်အတူ ကရင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုသည် ပြန်လည် လှုပ်ခတ်လာခဲ့သည်။

လက်နက်ကိုင် အဖွဲ့အစည်းအချို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အာရှလမ်းမကြီး၏ ကုန်စည်စီးဆင်းမှုနှင့် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းတို့ ထိခိုက်ပွန်းပဲ့ခဲ့ရသည်။

သို့သော် ကရင်ပြည်နယ်သား အများစု၏ စိတ်သန္တာန်တွင် ငြိမ်းချမ်းရေး၏ ပုံရိပ်များ၊ တည်ငြိမ် အေးချမ်းမှု၏ အသီးအပွင့်များမှာ အိပ်မက်မဟုတ်ဘဲ အမှန်ထိတွေ့ပိုင်ဆိုင်ခဲ့သော အရာများသာ ဖြစ်ကြောင်း သိရှိခဲ့ကြလေပြီ။ ထိုအရာများ ပျက်စီးဆုံးရှုံးမည်ကို မလိုလားနိုင်ကြတော့ပေ။ ပြည်ပ ပယောဂ ကူးစက်နေသူ လူတစ်စု၏ လုပ်ရပ်များအား မနှစ်မြို့နိုင်ကြ တော့ပေ။

ရာစုနှစ်အဆက်ဆက် ဘိုးဘွားတို့ လက်ဆင့်ကမ်းခဲ့သော ဇာတိမြေနှင့် ကရင်လူမျိုး အများအပြား၏သွေး၊ ချွေးတို့ ရင်းနှီးကာ တည်ထောင်ခဲ့သော၊ ကာကွယ်ခဲ့သော ပြည်ထောင်စုကို သွေးစွန်းစေမည့်၊ ယမ်းခိုး ဝေစေမည့် ဖြစ်ရပ်များအား ထပ်မံမဖြစ်ပေါ်စေလိုတော့ပေ။

ကရင်ပြည်နယ်သားတို့၏စိတ်ဆန္ဒအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပစ်ပယ်မထားခဲ့ပေ။ လမ်း၊ တံတား၊ လျှပ်စစ် စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့မြှင့်တင်ခြင်းတို့ကိုစဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့လေသည်။ အာရှလမ်းမကြီး၏ အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်း အောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်သလို၊ ဂျိုင်းမြစ်ကူး တံတားသစ် တည်ဆောက်ရေးအား အရှိန်အဟုန်ပြည့်ဆက်လက် ဆောင်ရွက်ခဲ့သည်။ မွေးမြူရေးဇုန်နှင့် အဆင့်မြင့် လယ်ယာများ ဖော်ထုတ်ပေးခဲ့သလို နိုင်ငံတကာအဆင့်မီ လှာကမြင် အားကစားကွင်းသစ်ကြီး ကို ဘားအံမြို့တွင် တည်ဆောက် ပေးခဲ့လေသည်။ ကိုဗစ်-၁၉ ကာလအတွင်း ရိုက်ခတ်မှု ဒဏ်ခံခဲ့ရသော စီးပွားရေးလုပ်ငန်းများ MSMEလုပ်ငန်းများကို အားဖြည့်ပံ့ပိုး ပေးလျက်ရှိ၏။ ကရင်ပြည်နယ်အတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံခဲ့သော ပမာဏသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျပ် ၁၃၄.၄၉ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၉၇.၃၆၂ ဘီလီယံ ရှိခဲ့ပေသည်။

သို့ရာတွင် လက်ရှိ ကာလ၏ အခက်အခဲများအား ကျော်လွှားနိုင်ရန် ခွန်အားသတ္တိ၊ စိတ်ရှည် သည်းခံမှုတွေနှင့်အတူ ဖြတ်သန်းကြရပေဦးမည်။ မဲခေါင်မြစ်နှင့် သံလွင်မြစ်အကြား ခက်ခဲ ကြမ်းတမ်းသော ခရီးရှည်ကို ဖြတ်သန်း၍ဇာတိမြေကိုရှာဖွေထူထောင်ခဲ့သော၊ သမိုင်းမတင်မီကပင် ဤမြေ၊ ဤရေတွင် အခြေချ၍ အေးအတူပူအမျှ နေထိုင်ခဲ့ကြသော ကရင်လူမျိုးတို့သည် သစ္စာ

တရားနှင့်အတူ ဤမြေတွင်မားမားမတ်မတ် ဆက်လက်ရပ်တည် နေကြဦးမည် ဖြစ်ပေသည်။ ဘိုးဘွားတို့ အမွေဇာတိမြေတွင် နေရောင်ခြည်တစ်ဖန် ထွန်းလင်းမည့်အချိန်ကို ယုံကြည်ရင်း၊ နှစ်သစ်ကူးအချိန် ဖိဖူးယော်စပါးနတ်သမီး ပူဇော်ပွဲတွင် အားအင်သစ်တွေ မွေးရင်း၊ ပြည်ထောင်စု၏ တန်ဖိုးကြီးသော အစိတ်အပိုင်း တစ်ခုအဖြစ် ရပ်တည်ရင်း၊ မောင်ရို့ဒုံးသီချင်းများကို သီဆိုရင်း တည်ရှိနေကြဦးမည် ဖြစ်ပေတော့သည်။

**နိုင်ဝင်းတိုး (ဘားအံ)**

**မှီငြမ်း ကိုးကားစာရင်း-**


(၁) ကရင်တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ

(၂) Transactions of Ehnological Society, London, Vol.5, 1867

(၃) ဘာသာစကားယဉ်ကျေးမှု၊ ဦးဖေမောင်တင်၊ ငွေတာရီ၊ ၁၉၆၄ ဖေဖော်ဝါရီ

(၄) Kayin State Investment Opportunity Survey Report, 2017




## ပင်လုံမြေမှအခြေစသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး

လွန်ခဲ့သော (၇၆) နှစ်တာ ကာလက ရေခဲမတတ် ချမ်းအေးလှသော ရှမ်းပြည်နယ် တောင်ပိုင်းရှိ မြို့ငယ်လေး တစ်မြို့ဖြစ်သော ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များ နယ်ချဲ့ကိုလိုနီ လက်အောက်မှ လွတ်မြောက်ရေးအတွက် တောင်တန်း ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရယူကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ရှမ်း၊ ကချင်၊ ချင်း၊ ကယားစသည့် တိုင်းရင်းသား ခေါင်းဆောင်များ အားလုံးသည် ပြည်မကို လွတ်လပ်ရေးပေးသည့်အခါ တောင်တန်းဒေသကိုပါ တစ်ပါတည်း လွတ်လပ်ရေးပေးရန် သဘောတူညီကြပြီး တောင်တန်း ပြည်မ ပူးပေါင်းရေးစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များ တညီတညွတ်၊ တစ်စိတ်တစ်ဝမ်းတည်းလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုနေ့သည်ကား ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားခေါင်းဆောင်များနှင့် သဘောတူညီချက်ရရှိသည်နှင့် လွတ်လပ်သော အနာဂတ်နိုင်ငံတော်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရန်အတွက် လုံးပမ်းရပြန်သည်။ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲရမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်ကို ၁၉၄၇ ခုနှစ်၊ဇွန်လ(၁၆)ရက်နေ့တွင်တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံသို့ လမ်းညွှန်ပြဋ္ဌာန်းချက်အဆိုကို တင်သွင်းခဲ့သည်။ တောင်တန်းဒေသများနှင့် ကရင်နီနယ်များ အပါအဝင်ဖြစ်သော မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့် လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရန်အလို့ငှာ စုံညီစည်းဝေးကြပြီး အောက်ပါ ပြဋ္ဌာန်းချက်များကို သတ်မှတ်ခဲ့ကြောင်း -

(၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗမာ ပြည်ထောင်စုနိုင်ငံတော်ဟုခေါ်တွင်စေသော လွတ်လပ်သည့် အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်ရမည်၊

(၂) ပြည်ထောင်စု နိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟုသတ်မှတ်ဖော်ပြသည့်တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် သတ်မှတ် ပြဋ္ဌာန်းထားသည်နှင့်အမျှကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာရရှိစေမည်၊

(၃) အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော သမ္မတ ဗမာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့် ပြည်နယ်များနှင့် အစိုးရအဖွဲ့အစည်းများ အားလုံးတို့၏ အခွင့်အာဏာ ဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ ဆင်းသက်စေရမည်၊

(၄) ပြည်ထောင်စုနိုင်ငံတော်၏ တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌ လည်းကောင်း၊ စီးပွားရေးရာ၌ လည်းကောင်း၊ နိုင်ငံရေးရာ၌ လည်းကောင်း တရားမျှတမှုရှိစေလျက် ၊ အဆင့်အတန်းအခွင့်အရေးဥပဒေသက်ရောက်မှုတို့တွင် ဆူကြံ့နိမ့်မြင့်မရှိ ပကတိ တူညီစေရမည့်အပြင်၊ တရားဥပဒေနှင့် သော်လည်းကောင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့် သော်လည်းကောင်း၊ မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ရရှိတည်မြဲစေရန် အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံ သတ်မှတ်ထားရှိစေရမည်၊

(၅) ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုများအဖို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်၊

(၆) လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်သမ္မတဗမာနိုင်ငံ၏နယ်မြေတို့တစ်ပေါင်းတစ်စည်းတည်း

တည်တံ့ခိုင်မြဲရေးကို လည်းကောင်း၊ နိုင်ငံ၏ ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာ စိုးမိုး အုပ်ချုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်ချင်းချင်း ဥပဒေအရ ထိန်းသိမ်းထားရှိစေရမည်၊

(၇) ရာဇဝင်တွင်ထင်ရှားခဲ့သော ဤဗမာနိုင်ငံတော်သည် ကမ္ဘာတွင်မိမိ၏ ဂုဏ်ကျက်သရေနှင့် လျော်စွာ ရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင်၊ လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာ ပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန်ဖြည့်စွက်ထမ်းရွက်ကာ ပြည်ထောင်ချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာကိုအခြေခံပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

အထက်ပါ အချက်(၇)ချက်သည် ပင်လုံစာချုပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် လမ်းညွှန်မှု (၇) ချက်လည်း ဖြစ်ပါသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် (၃) ကြိမ်တိုင်တိုင် ကျူးကျော်စစ်ဆင်နွှဲပြီး



နောက် အချုပ်အခြာအာဏာပိုင်ဘဝဆုံးရှုံးကာ နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်ကိုလိုနီဘဝသို့ ကျရောက်ခဲ့ရသည်။ ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သို့ တရားဝင်ရောက်ရှိသွားသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို တောင်တန်းပြည်မ ခွဲခြား၍ သွေးခွဲအုပ်ချုပ်သော စနစ် (Divide Rule)ဖြင့် အုပ်ချုပ်ခဲ့သည်။ ချင်းလူမျိုးများအတွက် Chill Hills Regulation၊ ကချင်လူမျိုးများ အတွက် Kachin Hills Tribes Regulation ရှမ်းပြည်နယ်အတွက် Federated Shan State Act တို့ဖြင့် အုပ်ချုပ်ခဲ့သည်။

၁၈၈၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတက်ကျူ ဥပဒေ ၃၃ ၏ အခန်း ၃ အရ ရှမ်းပြည်ကို ချန်လှပ်၍ အထက် မြန်မာပြည်ကို ဇယားဝင်စီရင်စု (Schaduled District) အဖြစ် သတ်မှတ်လိုက်သည်။ ဇယားဝင်စီရင်စု ဆိုသည်မှာ သာလွန်ခေတ်နောက်ကျသောနယ်၊ မယဉ်ကျေး၊ မတိုးတက်၊ မဖွံ့ဖြိုးသေး၍ လက်ရှိတရား ဥပဒေများနှင့် အုပ်ချုပ်ရန် အဆင့်အတန်း မမီသေးသောနယ်၊ သီးခြား ခွဲထုတ်အုပ်ချုပ်ရမည့် နယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။ ၁၈၈၆ခုနှစ်၊ မတ်လတွင် အထက်မြန်မာပြည်ကို စီရင်စု (၁၄) ခု ဖွဲ့စည်း အုပ်ချုပ်ခဲ့သည်။ ရခိုင်တောင်တန်းစီရင်စုနှင့် တစ်တန်းတစ်စားတည်း ဖြစ်သည်။ ၎င်းစီရင်စုများကို အရှေ့ပိုင်းခရိုင်၊ အလယ်ပိုင်း ခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင် ဟူ၍ ခရိုင် (၄) ခုခွဲ၍ ခရိုင်ဝန်ရှင်တော်မင်းကြီး (Divisional Commissioners) တစ်ဦးစီဖြင့် အုပ်ချုပ်ခဲ့သည်။ အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီး နောက်ပိုင်းတွင် အထက်အောက် မြန်မာပြည်နှစ်ရပ်လုံးကို မဟာဝန်ရှင်တော် မင်းကြီး (High Commissioners) တစ်ဦးတည်းက တာဝန်ယူ၍ အုပ်ချုပ်သည်။ ၁၈၉၇ ခုနှစ် နောက်ပိုင်းတွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ကို ပူးပေါင်း၍ Burma Act ဖြင့် မြန်မာပြည်ကို ဘုရင်ခံ ခန့်အပ်၍ အုပ်ချုပ်စေခဲ့သည်။မြန်မာပြည်ကို ခရိုင်၊ စီရင်စု၊ မြို့နယ်ဟူ၍ အုပ်ချုပ်ရေး နယ်မြေများ ခွဲခြား သတ်မှတ်ကာ အရာရှိကြီးငယ် အဆင့်ဆင့် ခန့်ထား အုပ်ချုပ်သည့် အိန္ဒိယပုံစံအပေါ် မူတည်သည့် အုပ်ချုပ်ရေးစနစ်သည် ကိုလိုနီခေတ်ဦး မဟာဝန်ရှင်တော်မင်းကြီး လက်ထက်မှသည် ဗြိတိသျှတို့ မြန်မာပြည်ကို လက်လွှတ်ခဲ့ရသည့် တိုင်အောင်အထိ ယင်းအတိုင်း တည်ရှိခဲ့သည်။ ဗြိတိသျှ အစိုးရသည် အုပ်ချုပ်မှု လွယ်ကူရေး ၊ စရိတ်အကုန်အကျနည်းရေး

ဟူသည့် ဝါဒကို လက်ကိုင်ထားလျက် ဗြိတိသျှတို့ အာဏာစက် ထက်မြက်တည်တံ့ရေးကို အဓိကထားကာ မစွက်ဖက်ရေး သဘောတရားဖြင့် ပြည်သူတို့၏ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးတို့ကို ဥပေက္ခာပြု လျစ်လျူရှုခဲ့သည်။ စရိတ်အကုန်အကျနည်းရေးကို အဓိကထားသဖြင့် နည်းနည်းနှင့် ကျဲကျဲဝိုင်းထားသော အုပ်ချုပ်ရေး ယန္တရားသည် တရားမျှတမှုထက် လုပ်ငန်းလွယ်ကူမှုကို ပို၍အရေးထားခဲ့သည်။ အဓိကအားဖြင့် အခွန်ကောက်ခံရေးကို ဦးစားပေးလုပ်ဆောင်ကြသည်။ အခွန်တော်ကို သဿမေဒ၊ လယ်တော်ပတ္တမြားနှင့် ကျောက်စိမ်းခွန်၊ရေနံခွန်၊ရေခွန်၊ အင်းခွန်၊ တံဆိပ်ခေါင်းခွန်၊ ယစ်မျိုးခွန်၊ သစ်တောခွန် စသည်ဖြင့်ခေါင်းစဉ်တပ်၍ ကောက်ခံလေသည်။ တောင်တန်းဒေသကို တောင်ပိုင်၊ တောင်အုပ်များခန့်၍ ၎င်းတို့က အစိုးရကို ခိုင်ကြေးဆက်သရသည်။ ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးကို ဆောင်ရွက်ပေးခြင်းမျိုး မရှိခဲ့ပါ။ နယ်ချဲ့ဗြိတိသျှတို့သည် မိမိ၏ ကိုယ်ကျိုးစီးပွား အမြတ်မရှိလျှင် မည်သည့်လုပ်ငန်းကိုမျှ ရင်းနှီးစိုက်ထုတ် ကုန်ကျခံ ဆောင်ရွက်ပေးခဲ့ခြင်းမျိုး မရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် တောင်တန်းနှင့်ပြည်မသည် ဖွံ့ဖြိုးမှုကွာဟချက် ကြီးမားလာခဲ့သည်။ ဖွံ့ဖြိုးသောပြည်နယ်များကို Part I ဧရိယာဟုလည်းကောင်း၊ မဖွံ့ဖြိုးသေးသော တောင်တန်းနယ်များကို Part II ဧရိယာ ဟုလည်းကောင်း သတ်မှတ်ထားရာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်အခါ မဖွံ့ဖြိုးသေးသော Part II ဧရိယာများကို ချန်လှပ်ပြီး လွတ်လပ်ရေးပေးရန် အင်္ဂလိပ်တို့ကသဘောထားရှိသည်။ တောင်တန်းနယ်များကို ဗြိတိသျှလက်အောက်၌ ဆက်လက်ရှိနေစေပြီး ကျွန်သက်ရှည်စေမည့် လုပ်ရပ်သာဖြစ်သည်။ ဤသည်ကိုသိသော ဗိုလ်ချုပ်အောင်ဆန်းက မြန်မာနိုင်ငံပြည်မကို လွတ်လပ်ရေးပေးသည့်အခါ တောင်တန်းများကိုပါ တစ်ပါတည်း ပါစေချင်သည်။ မြန်မာနိုင်ငံ၏ ခိုင်လုံသော သမိုင်းကြောင်းများအရ ရေးယခင်ပဝေသဏီကတည်းက အတူတကွ နေထိုင်လာကြသည့် တစ်အူတုံဆင်း ညီရင်းအစ်ကို မောင်နှမများသာ ဖြစ်ကြသည်။ ကံမကောင်း အကြောင်းမလှ၍ နယ်ချဲ့တိုင်းတစ်ပါးသား လက်အောက်ကျရောက်ခဲ့သော်လည်း လွတ်လပ်ရေးရယူသည့် အချိန်တွင် တောင်တန်းဒေသနှင့်တိုင်းရင်းသားများကို ချန်လှပ်ထားရန် မသင့်ပေ။ လေးနက်သော နိုင်ငံရေးဖြစ်စဉ်နှင့် မသွေဖီအပ်သော လောကပါလ တရားများအပေါ် အခြေခံ၍ တိုင်းရင်းသားများ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စု နိုင်ငံတော်သစ်တစ်ခုကို အတူတကွထူထောင်ကြရန် သဘောတူညီကြသည့်အလျောက် ပင်လုံစာချုပ်ဟုခေါ်သော တောင်တန်း ပြည်မပူးပေါင်းရေး သဘောတူညီချက်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ သို့သော်လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်း အုပ်ချုပ်သည့်အစိုးရ၏ စီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် ပြည်နယ်နှင့် သက်ဆိုင်သည့် အခွန်တော် ရငွေများကို ပြည်နယ်များသို့ ဖြန့်ခွဲပေးမှု မရှိခြင်း၊ ပြည်နယ်အစိုးရများသည် စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်းလုပ်ငန်းများ လုပ်ကိုင်ရန် ငွေရင်းရှာဖွေခွင့်နှင့် ထွက်ကုန်ပစ္စည်းများ ပြည်ပတို့ လွတ်လပ်စွာရောင်းချခွင့်ကိုကန့်သတ်ထားခြင်းများရှိလာခြင်းကြောင့် တန်းတူညီမျှ၍ တပြေးညီစွာတိုးတက်သော ပြည်ထောင်စုဖြစ်ပေါ်ရေးအပေါ် ဗမာလူမျိုးကြီးဝါဒ လက်ပါးစေများက အမျိုးသားညီညွတ်ရေးကို ဖြိုခွဲရန် ကြိုးပမ်းနေကြသည်ဟု စွပ်စွဲလာကြသည်။လူမျိုးစုတိုင်း တန်းတူညီမျှမှု မရှိသည်ကိုလည်းကောင်း၊ ဖွဲ့စည်းပုံစနစ် မမှန်ကန်သည်ကိုလည်းကောင်းတွေ့မြင်ကြကာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေ တစ်ခုလုံးကို ပြင်ဆင်လိုကြသည်အထိ ကြီးကျယ်လာခဲ့သည်။

ပြည်ထောင်စုအစိုးရက ဝန်ကြီး ဒေါက်တာဦးအေးမောင် ခေါင်းဆောင်သော အခြေခံဥပဒေ ပြင်ဆင်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့သည်။ ပြည်နယ်ဝန်ကြီးများ ပါဝင်သော ပြည်နယ်များ ပြန်လည် သုံးသပ်ရေး ကော်မတီဖွဲ့ကာ ပြည်သူလူထုများထံမှ အကြံပေးချက်များကို ကြေညာ၍ တောင်းခံခဲ့ကြသည်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချိုက ထိုထက် တစ်ဆင့်တက်၍ ကျယ်ပြန့်စွာဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ် အမတ်များအားလုံး အမတ်များ မဲဆန္ဒနယ်မှ ကိုယ်စားလှယ် (၂) ဦးစီ၊ ရှမ်းပြည်နယ်ရှိ ပါတီအဖွဲ့ အစည်းများ အားလုံးမှ ကိုယ်စားလှယ် (၃) ဦးစီနှင့် ရှမ်းပြည်ရေးတွင် စိတ်ပါဝင်စားကြသော တစ်သီးပုဂ္ဂလများနှင့်တကွ ပင်လုံစာချုပ်

လက်မှတ်ရေးထိုးခဲ့သော ပုဂ္ဂိုလ်များ၊ ယခင်တိုင်းပြုပြည်ပြုလွှတ်တော် အမတ်များအားလုံးကို ဖိတ်ခေါ်၍ အမျိုးသားညီလာခံသဘောမျိုး ကျင်းပပြုလုပ်ကြတော့သည်။

ထိုညီလာခံသို့ တက်ရောက်သော ကိုယ်စားလှယ်များအားလုံးက လက်ရှိဖွဲ့စည်းပုံ စနစ်ကိုမကြိုက်ကြောင်း၊ ပိုမိုတိကျသော ပြည်ထောင်စုစနစ် (Federation) ကို လိုချင်ကြကြောင်းဆွေးနွေးတင်ပြကြလေသည်။လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဗမာလူမျိုးကြီးဝါဒတို့ကြောင့် ရှမ်းပြည်အတွက် နစ်နာနေမည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး (ဝါ) တန်းတူညီမျှ၍ တစ်ပြေးညီစွာတိုးတက်သော ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် ဟူသော အကြောင်းပြချက်ဖြင့် ရှမ်းပြည်နယ်သည် နိုင်ငံရေး လှုပ်ရှားမှုများကို သဲသဲမဲမဲ ဆောင်ရွက်လာကြသည်။

ပင်လုံစာချုပ်ပါ အားနည်းချက် များကြောင့် ပြည်ထောင်စုမှ ခွဲထွက်ရန်အထိ ကြိုးပမ်းလာကြပြီး လက်နက်ကိုင် သောင်းကျန်းမှုများ ဖြစ်လာသောအခါ ပါလီမန်ဒီမိုကရေစီအစိုးရ ဆိတ်သုဉ်းပြီး တပ်မတော်က မြန်မာနိုင်ငံရေးတွင် ပါဝင်လာရတော့သည်။

နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ခဲ့သည့် အစိုးရများအဆက်ဆက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထား တည်ဆောက်ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးကြပြီး ငြိမ်းချမ်းရေးဒေသ တည်ငြိမ်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်။ သမ္မတဦးသိန်းစိန်လက်ထက်တွင် သမိုင်းတွင်မည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (Non-Ceasefire Agreement) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် တိုင်းရင်းသားပြည်သူများ လိုလားမျှော်လင့်နေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးအတွက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင် "နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူ အားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး NCA ပါ သဘောတူညီ ချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့် ဦးတည်



ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အလေးထား ဆောင်ရွက်လျက်ရှိကြောင်း" ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

လက်ရှိတွင် နိုင်ငံတော်အစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အပါအဝင်တစ်နိုင်ငံလုံးဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံချက်များချမှတ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည့် ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ ဖြစ်သည့်-

၁။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထာဝစဉ် တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ပြည်တွင်းအားဖြင့် ကြိုးပမ်း တည်ဆောက်ရေး။

၂။ ရေရှည် တည်တံ့သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာ ဖူလုံစေရေးအမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ် အောင်မြင်စေရေး ပြည်ထောင်စု စိတ်ဓာတ်ဖြင့်တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။
၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီးအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင်ဆောင်ရွက်ပေးရေး။
၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

တို့ကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး အလေးထားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းမှီတင်းနေထိုင်ကြသောပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံးသည် ပြည်ထောင်စုနိုင်ငံတော်ဖြစ်သည်နှင့်အညီ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မြဲသည့် စည်းလုံးညီညွတ်မှုတို့ဖြင့် သာယာဝပြောသည့် နိုင်ငံ၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရပါမည့်အကြောင်း (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

(ဘိုဖေ)

**ကိုးကားစာရင်း**


၁။ မကြန်၏မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေး (၁၈၈၆-၉၇)
၂။ ဆလိုင်လျန်မှုန်းစုဆောင်းတင်ပြသည့် ပင်လုံကတိကဝတ်များ
၃။ နေ့စဉ်ထုတ်မြန်မာ့အလင်းသတင်းစာများ




# သွေးခွဲစကား တို့ရှောင်ရှား ပြည်ထောင်စုအမွေ ထိန်းစို့လား

"တောသားတွေ ပြန်သွားတော့ ရန်ကုန်မြို့ကြီး သန့်သွားပြီ... ။"

ကြုံဆုံလာတဲ့ အစိုးရရုံးပိတ် ရက်ရှည်တစ်ခုရဲ့ အစ နံနက်ခင်းလေးမှာပေါ့။ နံနက်စာစားပြီး ကော်ဖီလေး သောက်ရင်း ဆိုရှယ်မီဒီယာပေါ် တက်ကြည့်မိတဲ့အချိန် တွေ့လိုက်ရတဲ့ ပို့စ်တစ်ခုပါ။ စိတ်ထဲမှာ အတော်လေး ကသိကအောက် ဖြစ်မိသွားတယ်။ အားလုံးသိတဲ့ အတိုင်း ရန်ကုန်မြို့ဆိုတာ မြန်မာနိုင်ငံတစ်ဝှမ်းက တိုင်းရင်းသား လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံ လာရောက်နေထိုင်ကြတဲ့နေရာပါ။ သူတို့တွေဟာ ဆိုင်ရာလုပ်ငန်းခွင်တွေမှာ ရက်ပေါင်းများစွာ နေထိုင် ရုန်းကန်ကြရင်းက အခုလို ပိတ်ရက်ရှည်လေးတွေ ရှိတဲ့အချိန်မှပဲ ကိုယ့်နေရပ်ကို ခေတ္တခဏ ပြန်ခွင့်ရကြတာပါ။

ဒီလိုအချိန်မှာ ရန်ကုန်မြို့တော်ကြီးရဲ့ဝေးရာ ခေတ္တ ထွက်ခွာသွားသူတွေကို ရည်ရွယ်တဲ့ ဒီလိုပို့စ်မျိုးကို မြင်ရတာ ပို့စ်တင်တဲ့သူရဲ့ စိတ်ထဲမှာ အပျော်သဘောနဲ့ ရေးလိုက်တာလား၊ အမှန်တကယ် ပြည်ထောင်စုဖွား တိုင်းရင်းသား အချင်းချင်းအကြား စိတ်ဝမ်းကွဲပြားစေလို စိတ်နဲ့ရေးတာလား၊ တခြား ဘာရည်ရွယ်ချက်နဲ့ ဘယ်လို အဓိပ္ပာယ်ဖွင့်ပြီး ရေးလိုက်သလဲဆိုတာ တိတိကျကျ မသိပေမယ့် တစ်မြေတည်းနေ တစ်ရေတည်း သောက်နေတဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ အကြား သွေးခွဲစကားဖြစ် သွားနိုင်တယ်ဆိုတဲ့ အတွေးမျိုး ကတော့ စာရေးသူစိတ်ထဲမှာ ပေါ်လာပါတယ်။ ဒီပို့စ် တစ်ခုတည်းမှ မဟုတ်ပါဘူး။ ဒီလိုအလားတူ ပို့စ်တွေ ရန်ဖန်ရန်ခါ တွေ့နေရပါတယ်။ လပြည့်နေ့ အခါကြီး ရက်ကြီးတွေ ဘုရားတွေပေါ်မှာ လူစည်နေချိန်ဆိုလည်း "တောသားတွေ ထွက်လာပြီ"၊ "တောသားတွေရဲ့ အပြင် အဆင်" စသည်ဖြင့်ပေါ့။ ချစ်လို့ကြည်စယ်တယ်ဆိုရင် တောင် ခံရသူအနေနဲ့ ဆင်ကျိစားရာ ဆိတ်မခံသာတဲ့ အခြေအနေဖြစ်လာမှာကို စိုးရိမ်မိပါတယ်။ ဒီလို အပြော အဆိုတွေဟာ ဖြစ်တည်ပြီးသား ပြည်ထောင်စုစိတ်ဓာတ် ကို အတွင်းကနေ ခြစားသလို လှိုက်စားပြီး မလိုလားအပ် တဲ့ ပဋိပက္ခတွေ၊ အဓိကရုဏ်းတွေ ဖြစ်လာစေမယ့် သွေးခွဲ စကားတွေဖြစ် မသွားနိုင်ဘူးလို့ဘယ်သူက အာမခံနိုင် မှာလဲ။ ကိုလိုနီခေတ်က ဗြိတိသျှနယ်ချဲ့တွေရဲ့ သွေးခွဲ အုပ်ချုပ်မှုစနစ်ကြောင့်ရခဲ့တဲ့ သွေးကွဲဒဏ်ရာ အနာကျက် နေပြီဆိုကာမှ ကိုယ့်အချင်းချင်း သွေးခွဲရင်း ဒဏ်ရာတွေ ပြန်မြင်ရမှာကို စိုးရိမ်မိလာရတယ်။

ဟာ... စိုးရိမ်တတ်ရန်ကောလို့ ပြောလာရင်လည်း ခံရမှာပါပဲ။ ဘာလို့လဲ ဆိုရင်တော့ မြန်မာ့သမိုင်းကြောင်း မှာကလည်း သွေးခွဲအုပ်ချုပ်မှုကြောင့် အပြန်အလှန် မယုံကြည်မှုတွေ ပဋိပက္ခတွေ၊ အဓိကရုဏ်းတွေ ဖြစ်ခဲ့ ဖူးကြတာပဲကိုး။ ဗြိတိသျှနယ်ချဲ့မိစ္ဆာတွေက သွေးခွဲ အုပ်ချုပ်မှုဆိုတဲ့ မဟာဗျူဟာကို မြန်မာနိုင်ငံထဲသို့ ဘယ်လိုသွတ်သွင်းလာခဲ့သလဲ။ ဒီလိုသွေးခွဲ အုပ်ချုပ်မှု ကြောင့် မြန်မာနိုင်ငံအပေါ် ဘယ်လောက်အထိတောင် သက်ရောက်မှုတွေ ဆိုးဆိုးရွားရွား ဖြစ်ခဲ့သလဲဆိုတာ သမိုင်းကို နည်းနည်း ပြန်လှန်ကြည့်ကြတာပေါ့။

ဒီတော့အရင်ဆုံး သွေးခွဲအုပ်ချုပ်မှု ဘယ်အချိန်မှာ စပြီး အသုံးတွင် ကျယ်လာသလဲဆိုတာ ပြန်ကြည့် ရအောင်။ အားလုံးသိတဲ့အတိုင်းပဲ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ တွေဟာ နေမဝင်အင်ပါယာဆိုပြီး တစ်ကမ္ဘာလုံးကို ပတ်သိမ်းခဲ့ကြတယ်လေ။ ဒီလောက်များပြားတဲ့ နိုင်ငံ တွေကို သူတို့ရဲ့လက်အောက်မှာ တည်တည်ငြိမ်ငြိမ် ထိန်းချုပ်ဖို့ ခက်ခဲမယ်ဆိုတာ ဗြိတိသျှတွေက သိတာပေါ့။ ဒါကြောင့်လည်း ကိုလိုနီ လက်အောက်ခံနိုင်ငံတွေကသာ သူတို့ကို တော်လှန်ပုန်ကန်လာခဲ့ရင်ဆိုတဲ့ ကြိုတင် တွေးခေါ်မှုတွေနဲ့အတူ ဒီအခြေအနေကနေ ကျော်လွှားနိုင် ဖို့အတွက် Divide and Rule Strategy လို့ခေါ်တဲ့ သွေးခွဲ အုပ်ချုပ်မှု မဟာဗျူဟာကို စတင်ဖန်တီးခဲ့ကြတယ်။ နိုင်ငံ တွင်းက မတူညီတဲ့ ဒေသတွေ၊ လူမျိုးတွေ၊ ဘာသာတွေ၊ ယုံကြည်မှုတွေ၊ အလေ့အထတွေကို ခုတုံးလုပ်ပြီး အချင်းချင်း မတည့်အောင် ဝါဒမှိုင်းအမျိုးမျိုးနဲ့ မတူညီမှု ကို ပိုပြီးကွဲပြားတယ်လို့ ခံစားရအောင် မဟာဗျူဟာ ကျကျ သွေးခွဲသပ်လျှိုမှုတွေ လုပ်ပေးလိုက်တယ်။

မြန်မာပြည်ရဲ့ အတိတ်သမိုင်းကိုပြန်ကြည့်လိုက်မယ် ဆိုရင်လည်း ဗြိတိသျှ ကိုလိုနီနယ်ချဲ့တွေရဲ့ သူ့ကျွန်ဘဝ

မကျရောက်ခင်အထိ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးက ပြည်ထောင်စု တိုင်းရင်းသား ညီရင်း အစ်ကို မောင်ရင်းနှမတွေ အကြားမှာ ဘာသာရေး ပဋိပက္ခ၊ လူမျိုးရေး ပဋိပက္ခ၊ တောင်ပေါ်သား၊ မြေပြန့်သားဆိုတဲ့ ပဋိပက္ခဆိုတာတွေ မရှိသလောက်ပါပဲ။ နယ်ချဲ့ကိုလိုနီတွေ ဝင်လာမှပဲ တောင်ပေါ်သားနဲ့ မြေပြန့်သားတွေကိုလည်း ရည်ရွယ်ချက်ရှိရှိ သွေးခွဲတာ ခံရတော့တာပါပဲ။ ရှမ်းစော်ဘွားအချို့ မြန်မာပြည်မကို ဆင်းလာတဲ့အခါ ရထားဘူတာ၊ သင်္ဘောဆိပ်ကမ်းတွေရောက်ရင် အမြောက်ဖောက်ပြီး ကြိုဆိုရတဲ့ အခွင့်အရေးမျိုးတွေ ပေးပြီးအချင်းချင်း သွေးကွဲအောင် လုပ်ခဲ့တယ်။ ရှေးက ဘုရင့် တပ်မတော်တွေထဲမှာ ဆိုရင် ဘင်္ဂလား စစ်သားတွေ၊ ပေါ်တူဂီစစ်သားတွေ ပါဝင်တယ်လို့ ဖော်ပြကြပေမယ့် သူတို့အကြား ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းတွေ ဖြစ်ခဲ့ဖူးတယ်လို့ မတွေ့မိဖူးပါဘူး။ ကိုလိုနီ ခေတ်ရောက်မှပဲ ဒီလိုပြဿနာတွေ မြင်တွေ့လာရတာဟာ သူတို့ရဲ့ သွေးခွဲအုပ်ချုပ်မှုကြောင့်ပဲဆိုတာ ကောင်းကောင်းကြီး နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ဖြစ်တည်နေတဲ့ မြန်မာနိုင်ငံကို ဗြိတိသျှတွေက သွေးကွဲအောင် ဘေးဆွဲခြင်းရဲ့အစ အင်္ဂလိပ်-မြန်မာ ပထမကျူးကျော်စစ်ပွဲကနေ စကြည့်ကြရအောင်။ အားလုံး သိပြီးကြတဲ့အတိုင်းပါပဲ ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်- မြန်မာပထမကျူးကျော်စစ် ဖြစ်ခဲ့တယ်။ မြန်မာတွေစစ်ရှုံးတဲ့အတွက် ရခိုင်ဒေသနဲ့ တနင်္သာရီဒေသကို ပေးလိုက်ရတယ်။ နယ်ချဲ့မိစ္ဆာ ကျူးကျော်သူတွေဟာ တစ်ပြိုင်နက် သိမ်းပိုက်ရရှိခဲ့တဲ့ ဒေသနှစ်ခုကို တစ်ပေါင်းတည်းရှိတယ်လို့ မခံစားရစေဖို့ ရခိုင်ဒေသကို ဘင်္ဂလားအစိုးရက အုပ်ချုပ်စေပြီး တနင်္သာရီဒေသကို အိန္ဒိယအစိုးရက အုပ်ချုပ်စေခဲ့တယ်။ ဒီမှာတင် မတူညီတဲ့ အစိုးရနှစ်ရပ်နဲ့ မြန်မာနိုင်ငံကို စတင်သပ်လျှို ခွဲခြားလိုက်တာနော်။ မြင်အောင်ကြည့်တတ်ဖို့ လိုတယ်။

အဲ့ကာလကတည်းက ရခိုင်ဒေသထဲကို ဘင်္ဂလားလူမျိုးတွေ သွတ်သွင်းလာခဲ့လို့ အခုနောက်ပိုင်း နှစ်တွေမှာ ဖြစ်လာတဲ့ ဘင်္ဂါလီပြဿနာဆိုတာ နယ်ချဲ့တွေ စမွေးခဲ့တဲ့မီးဆိုတာ အမြဲသတိချပ်မိနေဖို့ လိုပါတယ်။ တနင်္သာရီဒေသကိုလည်း အိန္ဒိယလုပ်သားတွေ ပို့လိုက်ကြတာ ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ်မဖြစ်မီ မော်လမြိုင်မြို့ လူဦးရေရဲ့ သုံးပုံ တစ်ပုံဟာ အိန္ဒိယလူမျိုးတွေချည်းဆိုပဲ။ ဒီလိုနဲ့ ရခိုင်ဒေသနဲ့ တနင်္သာရီဒေသတွေကို မတူညီတဲ့ အစိုးရနှစ်ရပ်အပြင် လူမျိုးခြားတွေပါ ထည့်သွင်း အုပ်ချုပ်လာလိုက်တာ နှစ်ပေါင်း ၂၅ နှစ် ကျော်တောင် ကြာသွားခဲ့တယ်။ ဒုတိယကျူးကျော်စစ် အပြီးမှာတော့ ရခိုင်၊ တနင်္သာရီနဲ့ ပဲခူးဒေသတွေကိုပေါင်းပြီး ဝန်ရှင်တော်မင်းကြီးက အုပ်ချုပ်ခဲ့တယ်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယ ကျူးကျော်စစ်အပြီး ၁၈၈၆ ခုနှစ်ကစပြီး မြန်မာနိုင်ငံအပေါ် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို အဝီအပြင် အသက်သွင်းတော့တာပါပဲ။

၁၈၈၇ ခုနှစ်မှာ အထက်ဗမာပြည် ကျေးရွာများ စည်းမျဉ်း (Upper Burma Village Regulation) ဆိုပြီး ရေးဆွဲ အုပ်ချုပ်တယ်။ နောက်တော့ ၁၈၈၉ ခုနှစ်မှာ အောက်ဗမာပြည် ကျေးရွာများ အက်ဥပဒေ (Lower Burma Village Act)ကို ထပ်ထုတ်ပြီး အုပ်ချုပ်ပြန်တယ်။ ဒီမှာတင် အထက်ဗမာပြည်၊ အောက်ဗမာပြည်ဆိုပြီး မတူညီတဲ့ အမြင်တွေ လုပ်ဆောင်ချက်တွေ ဖန်တီးပြီပေါ့။ ဒီလောက်တင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ တောင်ပေါ်သားတွေနဲ့ မြေပြန့်သားတွေကို ထပ်ပြီးသွေးခွဲပြန်တယ်။ ဘယ်လို သွေးခွဲလိုက်သလဲဆိုတော့ ကချင်လူမျိုးတွေအတွက် ကချင်တောင်တန်းဒေသ လူမျိုးများ စည်းမျဉ်း (Kachin Hill Tribes Regulation) ဆိုပြီး ရေးဆွဲ ထုတ်ပြန်ခဲ့သလို ချင်းလူမျိုးတွေအတွက် ချင်းတောင်တန်းဒေသ စည်းမျဉ်း (Chin Hills Regulation) ဆိုပြီးရေးဆွဲ ထုတ်ပြန်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ကိုလည်း ဖက်ဒရယ် ရှမ်းပြည်ထောင်စု (Federated Shan States) အဖြစ် သတ်မှတ်အုပ်ချုပ်ခဲ့ပါတယ်။ ဆိုတော့ကာ မြန်မာတစ်နိုင်ငံတည်းကိုပဲ ပြည်မအုပ်ချုပ်မှု၊ တောင်တန်းဒေသအုပ်ချုပ်မှုဆိုပြီး ခွဲခြားဆက်ဆံလိုက်မှတော့ မတူညီတဲ့ လူမျိုးစုတွေအကြား သွေးကွဲလို့ ကောင်းပြီပေါ့။ ဒီကြားထဲ မြန်မာပြည်ထဲကို အိန္ဒိယ လူမျိုးတွေရော တရုတ်လူမျိုးတွေပါ ခေါ်သွင်းလာခဲ့လိုက်တာ ၁၉၂၁ ခုနှစ် သန်းခေါင်စာရင်းအရဆိုရင် ရန်ကုန်မြို့ လူဦးရေရဲ့ တစ်ဝက်လောက်က အိန္ဒိယနွယ်ဖွားတွေ ဖြစ်ခဲ့သလို တရုတ်လူမျိုးကလည်း နှစ်သောင်းခွဲလောက် ရောက်နေပြီဆိုပဲ။ ဒီကြားထဲ ကုလား-ဗမာ အဓိကရုဏ်းလေးတွေကလည်း မကြာခဏ လုပ်ဆောင်ခဲ့ပါတယ်။

နောက်တော့ အားလုံးသိတဲ့ ဒိုင်အာခီအုပ်ချုပ်ရေး ဆိုတာပေါ်လာတဲ့ အချိန်မှာတော့ ဝံသာနုအဖွဲ့နဲ့ အာဏာ မက်သူအဖွဲ့ဆိုပြီး အပြန်အလှန်စွပ်စွဲကြရင်း ဂိုဏ်းက ထပ်ကွဲကြပြန်လေရော။ နောက်တစ်ခါ ၉၁ ဌာန အုပ်ချုပ် ရေးဆိုပြီး အာဏာကိုလိုသလို ကုလားဖန်ထိုးပြီးသွေးချင်း ညီအစ်ကိုတွေအကြား သွေးစည်းညီညွတ်မှု မရအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြသေးတယ်။ ဒါပေမယ့် လည်း သွေးစည်းချစ်ကြည်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ဖြစ်တည်နေပြီဖြစ်တဲ့ မြန်မာပြည်သူလူထုဟာ မျိုးချစ် ခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုနဲ့ အင်္ဂလိပ်တွေကို ဂျပန် နဲ့ပေါင်းပြီး တိုက်ထုတ်လိုက် တစ်ချက်ပိုခေါက်ချင်တဲ့ နောက် ဘုန်းကြီး ဂျပန်ကိုလည်း ရှေ့ဘုန်းကြီး အင်္ဂလိပ်နဲ့ ပြန်ပေါင်းပြီး တိုက်ထုတ်လိုက်နဲ့ အပြင်းအထန် ကြိုးစား ခဲ့ရတာနော့။ ဒီလိုသွေးခွဲခံနေရတဲ့ ကြားက ရှေးက တိုင်းရင်းသားညီအစ်ကိုမောင်နှမများက ပြည်ထောင်စု စိတ်ဓာတ်ရင်မှာကပ်ပြီးစည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေး အတွက် ကြိုးစားခဲ့ကြရတာနော်။

ဂျပန်လက်က လွတ်ပြီးချိန်မှာ သွေးခွဲကောင်းတဲ့ ဗြိတိသျှတွေဟာ မြန်မာပြည်ရဲ့ လွတ်လပ်ရေးအတွက် ဆိုပြီးစက္ကူဖြူစာတမ်းဆိုတာကို ထုတ်ပြန်ခဲ့ကြပြန်တယ်။ ဘာလို့ထုတ်တာလဲ သိလား… ။သူတို့ကရေရှည်အစီအမံနဲ့ တောင်ပေါ်သားနဲ့ မြေပြန့်သားတွေကို မတူညီတဲ့ ဥပဒေ အမျိုးမျိုးထုတ် အခွင့်အရေးမတူအောင်ပေးပြီး သွေးခွဲ သပ်လျှိုထားပြီးသားဆိုတော့ လွတ်လပ်ရေးပေးရပြီဆိုရင် လည်း တစ်နိုင်ငံလုံးပေးစရာ မလိုလောက်ဘူးလို့




ယုံကြည်ထားပြီးသားလေ။ ဒါကြောင့် စက္ကူဖြူစာတမ်း မှာ ရှမ်းပြည်အပါအဝင် တောင်တန်းသားတွေက မြန်မာ ပြည်မကြီးနဲ့ အတူတူလွတ်လပ်ရေး မယူချင်ရင် လွတ်လပ်ရေး မပေးဘူး။ ငါတို့ဘုရင်ခံကပဲ သီးခြား အုပ်ချုပ်မှာနော့ဆိုတဲ့ သဘောမျိုး ထည့်သွင်းဖော်ပြ ခဲ့တယ်။

ကဲ ဒီလိုဆိုရင်တော့ မဖြစ်ချေဘူးဆိုပြီး မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းသူများက ၁၉၄၆ ခုနှစ် ဇန်နဝါရီလ အတွင်းမှာ ဖဆပလ ညီလာခံကြီးကို ရွှေတိဂုံ ကုန်းတော် အလယ်ပစ္စယံမှာ ကျင်းပခဲ့ကြတယ်။ အင်္ဂလိပ်တွေက တော့ ဒီလိုပြောနေပြီ ငါတို့ဘာလုပ်မှာလဲပေါ့။ ညီလာခံ မှာ တောင်တန်းသားတွေကို စည်းရုံးပြီး လွတ်လပ်ရေး အတူယူဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ နယ်ချဲ့တွေကလည်း မြန်မာပြည်မနဲ့ပေါင်းရင်တော့ မကောင်းတာ ဖြစ်တော့ မယ်ဆိုတဲ့ ဝါဒမှိုင်းကလည်း ဆက်ဖြန့်ပေးနေလေရဲ့။ ဒီသပ်လျှိုဝါဒတွေ မှားယွင်းနေကြောင်း ရှင်းပြဖို့ မြန်မာ ခေါင်းဆောင်ကြီးတွေဖြစ်တဲ့ သခင်နု၊ ဦးဘဂျမ်းနဲ့ မန်းဘခိုင်တို့က ပင်လုံမြို့မှာ ကျင်းပနေတဲ့ ရှမ်းစော်ဘွား များ ညီလာခံကို သွားတက်ပြီး ရှင်းပြကြရတယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလလည်း ရောက်ရော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့က ဘိလပ်ကို သွားပြီး တောင်တန်းနဲ့ပြည်မ တစ်ပြိုင်နက်တည်း လွတ်လပ်ရေးပေးဖို့ သွားတောင်းဆိုကြတယ်။

တောင်တန်းနဲ့ပြည်မတစ်ပေါင်းတည်း လွတ်လပ်ရေး ပေးဖို့ဆိုတာ တောင်တန်းသားတွေပဲ ဆုံးဖြတ်ပါစေ ဆိုတဲ့ အချက်ပါတဲ့ “အောင်ဆန်း-အက်တလီစာချုပ်”ကို ချုပ်ဆို ခဲ့ကြတယ်။ ဗိုလ်ချုပ်နဲ့ ကိုယ်စားလှယ်အဖွဲ့ကလည်း ဘိလပ်ကနေ မြန်မာပြည်ကို ပြန်ရောက်တာနဲ့ ရှမ်းပြည် နယ်ပင်လုံ ညီလာခံကြီးဆီကို ဆက်ချီတက်ခဲ့ရတယ်။ လိုအပ်တဲ့ဆွေးနွေးမှုတွေ လုပ်ပြီးတဲ့နောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေမှာ သူလျှိုသမား နယ်ချဲ့များ မလိုလားတဲ့ အဖြေတစ်ခု အရယူနိုင်ခဲ့ကြပါ တယ်။ ဒါကတော့ အားလုံးသိတဲ့အတိုင်း တောင်ပေါ်- မြေပြန့်မခွဲဘဲအတူ လက်တွဲလို့ လွတ်လပ်ရေးယူဖို့ သဘောတူညီမှုရခဲ့ပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာတော့ သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့ တာပဲလေ။

ဒါကြောင့် ရှေးရှေးက တိုင်းရင်းသား ညီအစ်ကိုတွေ အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက် ထားခဲ့တဲ့ ပြည်ထောင်စုအမွေကို အမြဲတည်တံ့စေဖို့ တန်ဖိုးထား စောင့်ရှောက်သင့်ပါတယ်။ လွတ်လပ်ရေးကြီး ရသွား တယ်ဆိုပေမယ့် ပြည်ပတိုင်းပြည်အချို့က အခုချိန်အထိ

မြန်မာတိုင်းရင်းသား ညီအစ်ကို မောင်နှမတွေအကြား သွေးစည်းချစ်ကြည်မှု မရစေဖို့၊ မယုံကြည်မှုတွေ၊ အငြိုး အာဃာတတွေ ဖြစ်ပြီး သွေးကွဲစေဖို့ နည်းလမ်းမျိုးစုံရှာ သွေးခွဲဗားရှင်း အသစ်တွေထုတ်ပြီး ကုန်းချောစကားတွေ ဖြန့်နေကြတုန်းဆိုတာကို သတိချပ်သင့်ပါတယ်။ အခု ဆိုရင် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးတွေအပြင် စီးပွားရေးနဲ့ပတ်သက်တဲ့သွေးခွဲမှုပုံစံတွေကိုလည်း သုံးနေကြပါပြီ။

ဒီလိုသွေး ခွဲမှုတွေကြားမှာ ရောယောင်ပြီး ကိုယ်တိုင်သွေးခွဲသူ မဖြစ်သွားဖို့ သတိထားမှ ဖြစ်ပါလိမ့်မယ်။ မိမိကြောင့် မြို့ပြနေသူနဲ့ ကျေးလက်နေသူအကြား၊ ဘာသာမတူသူတွေအကြား၊ တိုင်းရင်းသားနဲ့ မြေပြန့်သားတွေအကြား၊ အစိုးရနဲ့ ပြည်သူအကြား၊ ဆင်းရဲသူနဲ့ ချမ်းသာသူအကြား၊ ပညာရည်မြင့်သူနှင့် နိမ့်သူကြား၊ အလုပ်ရှင်နဲ့ အလုပ်သမားကြား သွေးကွဲစရာတွေ မိမိကိုယ်တိုင်မလုပ်မိဖို့ လိုပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်းသွေးကွဲစေမယ့် မည်သည့်စကားကိုမဆို သတိထားရှောင်ရှားဖို့နဲ့ ကြားမြင်လာရရင်လည်း ဒါဟာ သွေးခွဲစကားတွေပါဆိုတာ ကိုအသိသတိနဲ့ ယှဉ်နိုင်ဖို့လိုပါတယ်။

လက်ရှိ မြန်မာတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အနေနဲ့ ရှေးရှေးက လွတ်လပ်ရေးအရ ယူပေးခဲ့ကြတဲ့ ဘိုးဘေးတို့ရဲ့ ပြည်ထောင်စုအမွေအနှစ် ကိုမပျောက် မပျက်ရအောင်သွေးခွဲစကားတွေ ရှောင်ရှားရင်း ဆက် လက်ထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းရင်း (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါတယ်။

**သျှံထွန်းတောက်**



# ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ

"ပြည်ထောင်စု" ဆိုသည့် စကားလုံးသည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် နေထိုင်နေကြသော ပြည်သူများအတွက် ကြီးမြတ်သော စကားလုံးဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ၎င်းတို့နှင့် သက်ဆိုင်သည့် သမိုင်း၏ ပြယုဂ်တစ်ခုဖြစ်သော ပြည်ထောင်စုနေ့ (Union Day) ကို အထွဋ်အမြတ်ထား၍ ခမ်းခမ်းနားနား ကျင်းပပြုလုပ်ကာ ထိန်းသိမ်းကြပါသည်။ နိုင်ငံတစ်ခုနှင့် တစ်ခုသည် ရေ၊ မြေ၊ ပတ်ဝန်းကျင် သဘာဝ၊ အုပ်ချုပ်မှုပုံစံစနစ်၊လူနေမှု သဘာဝ မတူညီသည့်အပြင် နောက်ခံသမိုင်း အကြောင်းအရာများလည်း ကွဲပြားနိုင်ပါသည်။ သို့သော်လည်း တူညီသည့် အချက်မှာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားအားလုံး၏ စိတ်နှလုံးတွင် အမိမြေအား တစ်စိတ်တစ်ဝမ်း တည်းချစ်ခင်မြတ်နိုး တန်ဖိုးထားခြင်းကြောင့် ပြည်ထောင်စုနေ့အဖြစ် အမှတ်ရနေကြသည့် အချက်ပင်ဖြစ်ပါသည်။



ပြည်ထောင်စုနေ့ကို နေ့ထူးနေ့မြတ်အဖြစ် အမှတ်ရသင့်သကဲ့သို့ "ပြည်ထောင်စု" ဆိုသော စကားလုံး၏ အနှစ်သာရနှင့် ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်သာရကိုလည်း မေ့ထား၍မရပါ။ "ပြည်ထောင်စု" ဆိုသည့် အဓိပ္ပာယ်၏ အခြေခံမှာ ပေါင်းစည်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်းဖြစ်၍ နိုင်ငံသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် နိုင်ငံတစ်ခုအတွင်း အတူတကွ ပေါင်းစည်းပြီး၊ အေးအတူပူအမျှ နေထိုင်ကြသည်ဟု ရည်ညွှန်းပါသည်။ ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာ တစ်မြေတည်းနေသည့် နိုင်ငံသားအားလုံး တစ်ဦးနှင့်တစ်ဦး အယူဝါဒ မကွဲပြားဘဲ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝမ်းမကွဲ၊ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိခြင်းကို ရည်ညွှန်းပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းအရ "ပြည်ထောင်စု" ဖြစ်ပေါ်လာရခြင်းမှာ ရှေးယခင်မင်းများ ဖြစ်သော အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့ လက်ထက်တွင် တစ်ပေါင်းတစ်စည်းတည်းရှိခဲ့သော နိုင်ငံတော်သည် ဗြိတိသျှအစိုးရ၏ ခွဲခြားအုပ်ချုပ်မှုကြောင့် မြေပြန့်နှင့် တောင်ပေါ် သွေးကွဲနေရာမှ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့ လွတ်လပ်ရေး ခေါင်းဆောင်များ၏ ကြိုးပမ်းမှုဖြင့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် အုတ်မြစ်ချခဲ့သည့် "ပြည်ထောင်စုနေ့"သည် မြန်မာ့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အရေးပါသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ဗြိတိသျှတို့အုပ်ချုပ်မှုလက်အောက်မှနှစ်ပေါင်း (၇၀) ကျော်ကြာသည်အထိ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ရသော်လည်း မြေပြန့်နှင့်တောင်ပေါ် တစ်ခါမျှ စည်းလုံးညီညွတ်မှုမရှိခဲ့ပါချေ။ သို့သော်လည်း ဖက်ဆစ်ဂျပန်ကို တော်လှန်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာတော်လှန်နိုင်ခဲ့ပါသည်။ဂျပန်တို့ လက်အောက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းကြရာ၌ တောင်ပေါ်သား၊ မြေပြန့်သား မခွဲခြားဘဲ စည်းလုံးညီညွတ်မှုရှိမှသာလျှင် မြန်မာ့လွတ်လပ်ရေးကို မျှော်မှန်းနိုင်မည်ဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးခေါင်းဆောင်များ၏ ကြိုးပမ်းမှုဖြင့် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ အတွင်းမှာပင် ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း ဗဟိုချက်တွင်ရှိသော ပင်လုံမြို့ကလေး၌ ရှမ်းစော်ဘွားများ ညီလာခံကိုကျင်းပခဲ့ပြီး မြန်မာ့ခေါင်းဆောင်ကြီးများဖြစ်သော သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဟောပြောလှုံ့ဆော်ခဲ့ကြပါသည်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည်

ဗြိတိန်နိုင်ငံသို့ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်အရေးဆိုခဲ့ကြပြီးနောက် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ပင်လုံညီလာခံကြီးသို့တက်ရောက်၍ပြည်မနှင့်တောင်တန်းဒေသ ပူးပေါင်းရေးကို ဆွေးနွေးကြရာ၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မြန်မာတိုင်းရင်းသား ပေါင်းစုံညီညွတ်မှုကို ရရှိခဲ့ပါသည်။ ထို့နောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ ကိုယ်စားလှယ် ၂၁ ဦးတို့သည် ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူညီသော ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ဤကဲ့သို့ တစ်ပြည်ထောင်လုံးရှိ တိုင်းရင်းသားပေါင်းစုံ၏ သွေးစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သောနေ့ကို "ပြည်ထောင်စုနေ့" ဟူ၍ သတ်မှတ်ခဲ့သည်မှာ ယခု (၇၆) နှစ်ပြည့်တော့မည် ဖြစ်ပါသည်။ ယင်းသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်လာရေးကို အုတ်မြစ်ချခဲ့သည့် ပြည်ထောင်စုနေ့သည် ပြည်ထောင်စု တိုင်းရင်းသားအားလုံးအတွက် မမေ့လျော့အပ်သော နေ့ထူးနေ့မြတ်တစ်ခု ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကို ပြန်ကြည့်ပါက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးသည် နေ့ချင်းညချင်း ဖြစ်ပေါ်လာခြင်း မဟုတ်ခဲ့ပါ။ မြန်မာ့လွတ်လပ်ရေး ခေါင်းဆောင်ကြီးများ၏ နှစ်ကာလများစွာ ပေးဆပ်အနစ်နာခံမှုများ၊ ကြိုးပမ်းမှုများ၊ အသက်ပေး၍ တော်လှန်ခဲ့ကြသည့် တော်လှန်ရေး စိတ်ဓာတ်များဖြင့် နိုင်ငံနှင့် ပြည်သူများကို ကာကွယ်လိုသည့် မျိုးချစ် စိတ်ဓာတ် ပြည့်ဝစွာ ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ပြည်ထောင်စုနေ့၏ အရေးပါမှုနှင့် အနှစ်သာရကို ပြည်သူများ၏ စိတ်နှလုံးတွင် ပိုမိုထင်ဟပ်စေခြင်း ဖြစ်ပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီး စတင်တည်ထောင်ချိန်မှစ၍ ယနေ့တိုင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး တစ်စိတ် တစ်ဝမ်းတည်း စုစည်းနေထိုင်ခဲ့သည့် ပြည်ထောင်စုကြီးသည် မိဘဘိုးဘွားတို့၏ ပြည်ထောင်စု အမွေဖြစ်၍ နိုင်ငံသားများအနေဖြင့် မျိုးဆက်သစ်များထံ ပြန်လည် လက်ဆင့်ကမ်းရမည့် သမိုင်းပေးတာဝန် တစ်ခု ဖြစ်ပါသည်။ ယင်းသို့ လက်ဆင့်ကမ်း တာဝန် ကျေပွန်မှသာလျှင် အနာဂတ်ပြည်ထောင်စုအရေး စိတ်အေးရမည် ဖြစ်ပါသည်။

ပြည်ထောင်စုအမွေ ဖြစ်သည့် ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြရာတွင်တိုင်းရင်းသား အားလုံးသည်ကောင်းတူဆိုးဖက် တစ်စိတ်တစ်ဝမ်းတည်း နေထိုင်လိုစိတ်ရှိမှသာလျှင် အပြန်အလှန် မယုံကြည်မှုများ၊ စိတ်ဝမ်းကွဲမှုများနှင့် ခံယူချက်မတူညီမှုများအပေါ် ဖြေလျှော့နိုင်မည် ဖြစ်ပါသည်။ ယင်းသို့အပြန်အလှန် မယုံကြည်မှုများ၊ စိတ်ဝမ်းကွဲမှုများကို ရှေ့တန်းတင်၍ သူတစ်လူငါတစ်မင်းနှင့် ကိုယ့်မြင်းကိုယ်စိုင်း နေကြမည်ဆိုပါက "ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု" သည် မိမိတို့၏ လက်တစ်ကမ်းတွင် ရှိနေသည့်တိုင် ပိုမို ဝေးကွာနေမည် ဖြစ်ပါသည်။ ယနေ့ခေတ်တွင် မိမိတို့ပြည်တွင်း၌ ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများကို ပြန်လည် သုံးသပ်ကြည့်မည်ဆိုပါက တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် မယုံကြည်ခြင်းများ၊ စိတ်ဝမ်းကွဲမှုများနှင့် စည်းလုံးညီညွတ်မှု မရှိသောကြောင့် သာလျှင် ဖြစ်ပါသည်။ ဖြစ်ပေါ်လာသော အကျိုးဆက်များအနေဖြင့် ပြည်တွင်းနေ တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားများ ထိခိုက်ရုံသာမက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း



နှောင့်နှေးကြန့်ကြာစေပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးအရ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးသည့်အပြင် ငြိမ်းချမ်းသာယာမှုရှိမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး တိုးတက်ကောင်းမွန် သာယာဝပြော

ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ် ချမှတ်ထားကာ၊ ထိုဦးတည်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင် ထမ်းဆောင်ခဲ့ချိန်မှစပြီး၊ နိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်လာရေးကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံ့ဝန်ထမ်းများအားလုံး၊ ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးနှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

ယင်းသို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြရာတွင် ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော Mother Teresa ပြောခဲ့သည့် “I can do things you cannot, you can do things I cannot, together we can do great things” ဆိုသည့် စကားအတိုင်း တူညီသည့် ပန်းတိုင်ကို သာရှေးရှု၍ တစ်ဦး၏ လုပ်ကိုင်နိုင်စွမ်းအပေါ်တွင် တစ်ဦးက အပြစ်မမြင်ဘဲ၊ မတူညီမှုများကို အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်သွားပါက ကောင်းမွန်သည့် အသီးအပွင့်ကိုခံစားကြရမည် ဖြစ်ပါသည်။ တူညီသည့်ပန်းတိုင်ဟုဆိုရာတွင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်၊ ဦးတည်ချက်များနှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် နိုင်ငံ၏ကဏ္ဍအသီးသီးတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြပါသည်။

ဝန်ကြီးဌာနများက နိုင်ငံတော်၏ ကဏ္ဍ အသီးသီးကို တာဝန်ယူဆောင်ရွက်ကြရာတွင် မိမိတို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏အခြေခံအုတ်မြစ်ဖြစ်သော တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ ချမှတ်ကာ၊ မိမိတာဝန်ယူထမ်းဆောင်ရသည့် ကဏ္ဍအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးတွင် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့မှုရှိခဲ့ပါသည်။ မိမိတို့နိုင်ငံသည်လည်း စီးပွားရေးထိခိုက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတွင်းပဋိပက္ခ အခြေအနေများကြောင့် လည်းကောင်း၊ ပြည်တွင်း ပြည်ပဖိအားများကြောင့် လည်းကောင်း၊ နိုင်ငံ၏ကဏ္ဍအသီးသီးကို နိုင်ငံတကာနှင့် နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုနှုန်းမှာ အားရ ကျေနပ်ဖွယ်ကောင်းသော အနေအထားသို့ မရောက်ရှိသေးဘဲ၊ ဖွံ့ဖြိုးမှုမှာလည်း နှောင့်နှေးလျက်ရှိပါသည်။ နိုင်ငံ တစ်နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ကောင်းမွန်သည့် စီးပွားရေးစနစ်သည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာက ပေးအပ်သည့် ကူညီထောက်ပံ့မှုများကို နိုင်ငံတော်၏ မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၏ အရေးပါသည့် အခန်းကဏ္ဍကို ထိရောက်စွာမြှင့်တင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် လည်းကောင်း၊ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ယနေ့ခေတ် ကမ္ဘာ့စီးပွားရေး အခြေအနေသည်လည်း ရုရှား-ယူကရိန်း စစ်ပွဲကြောင့် စွမ်းအင်စျေးနှုန်း မြင့်တက်ပြီး၊ ငွေကြေးဖောင်းပွမှုနှုန်း စံချိန်မြင့်မားကာ၊ ကမ္ဘာ့စီးပွားရေး ကျဆင်းနေပြီး၊ စီးပွားရေး တိုးတက်မှုကို ပိုမိုနှောင့်နှေးစေသော အနေအထားမှာရှိနေပါသည်။ ယနေ့ခေတ်ကာလတွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင်လျှင် စီးပွားရေး အကြပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်ဖြစ်ရာ၊ မိမိတို့နိုင်ငံသည်လည်း အဘက်ဘက်မှ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရချိန်ဖြစ်ပါသည်။

စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရန်မှာ ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးပါပြီး၊ အလုပ်အကိုင် ဖန်တီးရရှိရေး၏ အဓိက အရင်းအမြစ်ဖြစ်ကာ၊ နည်းပညာသစ်များ ရရှိရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

စီးပွားရေးကဏ္ဍအနေနှင့် ကြည့်မည်ဆိုပါက ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများသည် ယခင်နှစ်များနှင့်နှိုင်းယှဉ် လျှင် လျော့နည်းလျက်ရှိသော်လည်း မူလရှိနေပြီးသော ရင်းနှီးမြှုပ်နှံမှုများ ရေရှည်တည်တံ့နေစေရန်၊ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာ လုပ်ကိုင် နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်များ ဝင်ရောက် လာရေးမှာ စိန်ခေါ်မှုများစွာရှိနေသည့်တိုင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုဦးစားပေး ကဏ္ဍများ သတ်မှတ်ခြင်းတို့ကို မိမိတို့ဌာနမှ ဝန်ထမ်း များ၏စွမ်းဆောင်ရည်ဖြင့် စည်းလုံးညီညွတ်စွာ လမ်းညွှန် ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သလို ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် လူမှုစီးပွား ထိခိုက်မှုများ ခံစားခဲ့ရသော ပြည်တွင်းရှိ CMP အထည်ချုပ် လုပ်ငန်းများ၊ ဟိုတယ်/ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ၊အသေးစား၊ အငယ် စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အပါအဝင် လုပ်ငန်း(၁၀) မျိုးကို လည်းကောင်း၊ မွေးမြူရေးကဏ္ဍကို လည်းကောင်း၊ ရုပ်ရှင်၊သဘင်၊ ဂီတ၊ စာနယ်ဇင်း မီဒီယာ အတွက်လည်းကောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းကာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ စီးပွားရေး လုပ်ငန်းရှင်များအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးခြင်းဖြင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက် တစ်လမ်း မှ ဆောင်ရွက်ပေးခဲ့ကြပါသည်။

နိုင်ငံတော်၏ အကျိုးစီးပွားကိုသာ ရှေးရှု၍ နိုင်ငံ့ တာဝန်ကို ဤကဲ့သို့ ကျေပွန်စွာ ထမ်းဆောင်ကြရာတွင် နိုင်ငံ့ဝန်ကိုထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံအတွင်း သဘောထားကွဲလွဲမှုများကြောင့် ယခင်နှစ် များတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် ရုပ်ပိုင်းဆိုင် ရာထိခိုက်မှုများ ရင်ဆိုင်ခဲ့ကြရပါသည်။ သို့သော်လည်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီခြင်း၊ အခက်အခဲကြုံ တွေ့လျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်း ဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာ ထောက်ထားခြင်း နှင့် နားလည်သည်းခံတတ်ခြင်း စသည့် ပြည်ထောင်စု စိတ်ဓာတ်များဖြင့် ပြည်ထောင်စုအမွေကို ထိန်းသိမ်းရာ တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ရပ်တည်ချက်များ မယိမ်းယိုင်ဘဲ၊ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည် မှာ ဂုဏ်ယူဖွယ် ကောင်းလှပါသည်။

မိသားစုတစ်စုတွင် လည်းကောင်း၊ လူ့အဖွဲ့အစည်း တစ်ခုတွင်လည်းကောင်း၊ နေရာဒေသအဖွဲ့အစည်း အသီး သီးတွင် သဘောထားကွဲလွဲမှုများ၊ ပဋိပက္ခများနှင့် အမြင် ဝါဒမတူညီမှုများ ရှိစမြဲဖြစ်ပါသည်။ စည်းလုံးညီညွတ်ခြင်း ဆိုသည်မှာ တူညီမှု ကိုဆိုလိုခြင်းမဟုတ်ဘဲ၊ တစ်သား တည်းဖြစ်ခြင်းသာဖြစ်သောကြောင့် နိုင်ငံအတွင်း နေထိုင် လျက်ရှိသည့်နိုင်ငံသားများသည်လူမျိုး၊ဘာသာ၊ အယူဝါဒ များ၊ ဘာသာရေး၊ ဓလေ့ထုံးစံများမတူညီကြသော်လည်း မိမိတို့ကျရာ ကဏ္ဍအသီးသီးတွင် ပြည်ထောင်စု စိတ် ဓာတ်ကို အခြေခံကာ၊ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွား ကြမည်ဆိုပါက "ဖွံ့ဖြိုး တိုးတက် သာယာဝေစည်သော ပြည်ထောင်စုနိုင်ငံတော်"ဟူ၍ ပြည်ထောင်စုအမွေဖြစ် သည့် လှပသည့်ပန်းချီကားကို ပြည်ထောင်စု တိုင်းရင်း သား လူမျိုးများ လက်တွဲကာ ပုံဖော်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံတော်သည် ဤကမ္ဘာ မြေကြီး ပျက်သုဉ်းသွားသမျှ ကာလပတ်လုံး မိမိတို့ ပိုင်ဆိုင်သည့် ပြည်ဖြစ်ကြောင်း ရည်ရွယ် ရေးသားခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော် သီချင်းဖြစ်သော"ကမ္ဘာမကြေ" သီချင်း၏ ခြေဆင်းတွင်-

"တရားမျှတ၊ လွတ်လပ်ခြင်းနဲ့မသွေ<br>
တို့ပြည်၊ တို့မြေ<br>
အများလူခပ်သိမ်း ငြိမ်းချမ်းစေဖို့<br>
ခွင့်တူညီမျှ ဝါဒ ဖြူစင်တဲ့ပြည်<br>
တို့ပြည်..တို့မြေ<br>
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ<br>
အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ"

ဟူသောစာသားများကိုလေ့လာကြည့်ပါက ပြည်ထောင်စု အမွေ၏ လေးနက်မှုအဓိပ္ပါယ်ပြည့်ဝမှုနှင့် ရည်ရွယ်ချက် ခိုင်မာမှုတို့ကိုတွေ့မြင်နိုင်မည်ဖြစ်သည်။ မိဘဘိုးဘွားများ ၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ပေးဆပ်၍ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည့်"ပြည်ထောင်စု မြန်မာနိုင်ငံတော်" ဟူသော အမွေအနှစ်ကို ထိန်းသိမ်းကာကွယ်ကြရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို သမိုင်းပေးတာဝန် အဖြစ် အဆင့်ဆင့် လက်ဆင့်ကမ်းရမည်ဖြစ်ပါသည်။

တရား မျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်း ဟူသော လောကပါလတရားများ ထွန်းကားသည့် အမိမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၏ စိတ်နှလုံးတွင် ပြည်ထောင်စု စိတ်ဓာတ်များ ကိန်းအောင်း ရှင်သန်၍ ပြည်ထောင်စု အမွေသည်လည်း (၇၆)နှစ်မှသည်နောင်နှစ်ပေါင်း များစွာတိုင် ဆက်လက် အစွန့်ရှည်တည်တံ့စေရန် ဆန္ဒပြုရင်းဖြင့် "ပြည်ထောင်စုနေ့"အား ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

(မေနှင်းသော်)



MIFER

# စာစီစာကုံးကဏ္ဍ

# ပင်လုံသစ္စာ

ယနေ့သည် ရာသီဥတုအရ စိတ်ခံစားချက်အရပါ သာယာလှပနေသည့် ဖေဖော်ဝါရီလအစသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ဖေဖော်ဝါရီလသည်မြန်မာ့လွတ်လပ်ရေး အတွက် အသက်တမျှ အရေးပါသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေသော မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ထည်ဝါခန့်ညားစေခဲ့သော ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည့်လ ဖြစ်ပါသည်။ ထို့ပြင် ပင်လုံစာချုပ်ကြီး လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်ရရှိအောင် ဦးဆောင် ကြိုးပမ်းပေးခဲ့သည့် အာဇာနည် ပုဂ္ဂိုလ်ကြီးဟု တင်စားခေါ်ဝေါ်ကြသော ဗိုလ်ချုပ် အောင်ဆန်းကိုလည်း ဖေဖော်ဝါရီလတွင် မွေးဖွားခဲ့သောကြောင့် မြန်မာနိုင်ငံအတွက် တမူထူးခြားသော သမိုင်းမှတ်တိုင်များ ရှိသည့်လအဖြစ် မှတ်မိနေဆဲဖြစ်ပါသည်။

သမိုင်းကြောင်းအား ပြန်လည်ပြောပြရလျှင် မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများ လက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ကိုယ်နန်းဖြင့်ကမ္ဘာ့အလယ်တွင်ထည်ဝါစွာရပ်တည်နိုင်ခဲ့သည်။သို့သော်ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ နယ်ချဲ့တို့၏ လက်ချက်ကြောင့် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပြီး သူ့ကျွန်ဘဝတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရသည်။ ဗိုလ်ချုပ် အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဒုတိယကမ္ဘာစစ် ကာလတွင်မူ ဖက်ဆစ်တို့နှင့် ပူးပေါင်း၍ နယ်ချဲ့တို့ကို တော်လှန်နိုင်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ တွင် ဖက်ဆစ်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်ပြေးသည့်အချိန်တွင် နယ်ချဲ့တို့က တစ်ဖန်ပြန် ဝင်လာသောကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ကြန့်ကြာနှောင့်နှေးခဲ့ရသည်။ ကိုလိုနီခေတ် အဆုံးသတ်ချိန်တွင်မူ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကြောင့် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ အဖြစ်မှ လွတ်မြောက်ခဲ့ရသည်။

တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လွတ်လပ်ရေးရယူရန် ရည်ရွယ်၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လုံမြို့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ကြသည်။ အဆိုပါညီလာခံကြီးသို့ တိုင်းရင်းသား ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် အတူ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများသည် သာတူညီမျှ တလုံးတစည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ခြင်းမှ အစပြု၍ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ပင်လုံစိတ်ထား၊ ပင်လုံသစ္စာကို စိတ်တူကိုယ်တူ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ သမိုင်းမှတ်တိုင် တင်နိုင်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုသောနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ပင်လုံညီလာခံမှ အစပြုခဲ့သော ပြည်ထောင်စု စိတ်ဓာတ်သည် ယနေ့ဆိုလျှင် (၇၆) နှစ် ကြာ တည်ရှိနေခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စုနေ့၏ ဦးတည်ချက်များပါ "တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားစေရေး" ဆိုသည့်အတိုင်း ပြည်ထောင်စုစိတ်ဓာတ်မှာ ပြည်ထောင်စုသွေးချင်းများအပေါ် ရှင်သန်ပေါက်ဖွားခဲ့ပြီ ဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ် ဟူသည် ပြည်ထောင်စုတိုင်းရင်းသား အားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ နေထိုင်လိုသည့် စိတ်ဓာတ်ဟူ၍ ငယ်စဉ်ကပင် လေ့လာမှတ်သားခဲ့ရပါသည်။ ပြည်ထောင်စုနေ့ မတိုင်မီ ပြည်ထောင်စုအလံတော်သည် တိုင်းနှင့်ပြည်နယ်များရှိ မြို့ကြီးများသို့ လှည့်လည်လေ့ရှိပြီး ပြည်ထောင်စုအလံတော် ကြိုဆိုရေးအဖွဲ့များ၊ လက်ဆင့်ကမ်း သယ်ယူရေး အဖွဲ့များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်းကား သိုက်မြိုက်စွာ ကျင်းပကြသည်မှာလည်း မြန်မာတို့၏ဓလေ့တစ်ခုအဖြစ် ယနေ့တိုင် ထင်ကျန်နေဆဲ ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်များအနေဖြင့် စည်းလုံးညီညွတ်သောစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းခြင်းဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတို့ ပေါင်းစည်းနေထိုင်ရာ အစွန့်ရှည် တည်တံ့ခိုင်မြဲတိုးတက်ရေး အတွက် စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သော ပြည်ထောင်စုကြီး ဖြစ်သည်နှင့်အညီ မတူကွဲပြားသော ယဉ်ကျေးမှုအမွေအနှစ်

စုံလင်စွာဖြင့် တည်ရှိနေပါသည်။ ထို့ပြင် တိုင်းရင်းသားပြည်သူတို့သည် မိမိနိုင်ငံတော်အတွက် ကျရာတာဝန်ကို ထမ်းဆောင်နိုင်ခဲ့ကြသည်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင်ဖြစ်ပါသည်။ "သစ်တစ်ပင်ကောင်း လျှင်ငှက်တစ်သောင်း နားနိုင်သည်" ဟူသော ဆိုရိုးအရ မိမိတို့ မြန်မာနိုင်ငံ၏ တိုင်းရင်းသားသွေးချင်း လူမျိုးများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုးပမ်းမှုတစ်လျှောက်တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် တောင်တန်းသားများနှင့် မြေပြန့်သားများကို သွေးခွဲခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများ၏ တစ်စိတ်တစ်ဝမ်းတည်း ကြိုးစားအားထုတ်မှုကြောင့် တောင်တန်းနှင့် ပြည်မကို ပူးပေါင်းနိုင်ခဲ့ပြီး နယ်ချဲ့တို့ကို တော်လှန်နိုင်ခဲ့ကြသည်။ ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်းအင်အားသည် အောင်မြင်မှု၏ မှတ်တိုင်ဖြစ်သောကြောင့် စည်းလုံး ညီညွတ်ခြင်း၏ စွမ်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး အခက်အခဲများကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်ရာ တိုင်းပြည်၏ ထုတ်ကုန် အများစုထွက်ရှိသော ကဏ္ဍမှာလည်း စိုက်ပျိုးရေး ကဏ္ဍပင် ဖြစ်ပါသည်။ မုတ်သုန်ရာသီအတွင်းတွင် ရာသီဥတုစိုထိုင်းဆမြင့်မားသဖြင့် စိုက်ပျိုးတောင်သူ များအနေဖြင့် ဆန်စပါးများ စိုက်ပျိုးလေ့ရှိပြီး အေးမြခြောက်သွေ့သော ရာသီများတွင် အခြားကောက်ပဲသီးနှံများ၊အဓိကအားဖြင့်ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ပြောင်းစသည့် သီးနှံများကို အများစု စိုက်ပျိုးလေ့ ရှိကြပါသည်။ ထို့အတူအခြေခံသဘာဝ သယံဇာတကြွယ်ဝမှု၊ လုပ်အားအလျှံပယ်ရှိမှု၊ မဟာဗျူဟာကျသည့် တည်နေရာ အနေအထားတို့က မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော နေရာတစ်ခု ဖြစ်လာစေပါသည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းအပြင် စက်မှုသီးနှံများ ဖြစ်သော ရာဘာ၊ ကြံ၊ ဝါ၊ ဆီအုန်း၊ ကော်ဖီ၊ လက်ဖက်စသည်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် စနစ်ကျနသော စိုက်ပျိုးနည်းစနစ်များအား တောင်သူများထံ လက်ဆင့်ကမ်း ပေးနိုင်မည်ဆိုပါက ပိုမိုအထွက်နှုန်းများပြားသော စိုက်ပျိုးကွေများ တိုးပွားလာနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှကုန်းမြေနိုင်ငံများတွင် မြေဩဇာကောင်းမွန်၍ အကြီးဆုံးသော စိုက်ပျိုးမြေကေများပိုင်ဆိုင်မှု၊ ရေအရင်း အမြစ်၊ သစ်တောများ အစရှိသည့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍတွင် သိသာထင်ရှားသော စီးပွားရေးအကျိုးအမြတ်များကို ရရှိနိုင်မည့် အလားအလာ ကောင်းများစွာကို လည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် နေထိုင်သူဦးရေသည် မြို့ပြနေထိုင်သူဦးရေ ထက် ပိုမိုများပြားပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည် ဖြစ်သောကြောင့် ယင်းတို့၏ စီးပွားရေးနှင့် လူနေမှုစနစ်ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများသည် ယဉ်ကျေးမှုအပေါ် အခြေခံလေ့ရှိသည်ကို သမိုင်းကြောင်းများ၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့နှင့် ဆက်စပ်နေသော စေတီပုထိုးများ၊ ဘုရားကျောင်းများနှင့် အထိမ်းအမှတ်အဆောက်အဦများကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ မြန်မာနိုင်ငံသည် နှင်းများဖြင့် ဖုံးလွှမ်းနေသော တောင်တန်းများ၊ စိမ်းလန်းစိုပြေသော သစ်တောများ၊ အေးမြ၍ သာယာလှပသောနေရာများ၊ ရှည်လျားသွယ်တန်းသောမြစ်များ၊လှပသောရေကန်များ၊ ဆွဲဆောင်မှုရှိသော ကမ်းခြေများနှင့် ကျွန်းများ စသည့် သဘာဝအလှအပများ ပြည့်နှက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ ကြီးမားသည့်အပြင် တိုင်းရင်းသားလူမျိုးအသီးသီးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု လက္ခဏာများနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများ အမျိုးမျိုးရှိကြပါသည်။ထို့ပြင်ကွဲပြား ခြားနားသော တိုင်းရင်းသားများ၏ မတူညီသော ဓလေ့များ၊ အစားအစာများ၊ ထူးခြားဆန်းပြားသော ရိုးရာအနုပညာလက်ရာများသည်လည်း ခရီးသွားဧည့်သည်များအပေါ် ဆန်းသစ်သော ရသကို ခံစားရစေမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အခြေခံကျသော အရင်းအမြစ်များတွင် ဒေသခံ တိုင်းရင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ၎င်းတို့နေထိုင်ရာ ဒေသများ၊ တိုင်းရင်းသားဒေသခံများ၏ နွေးထွေးလှိုက်လှဲ၍ ဖော်ရွေပျူငှာမှုများလည်း အပါအဝင် ဖြစ်ပါသည်။ မြို့ကြီးပြကြီး များသာမက ဖွံ့ဖြိုးမှုနောက်ကျခဲ့သော ဝေလံခေါင်သီသည့် ဒေသများရှိ ယဉ်ကျေးမှုနှင့်

သဘာဝအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပြီး ခရီးသွားလုပ်ငန်းတွင် ဆွဲဆောင်မှုတစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းသာမက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ တစ်ပါတည်း လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ခရီးစဉ်ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်လာပါက ယင်းဒေသရှိ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေကိုတိုးတက်စေမည် ဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောဒေသခံလူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိစေမည်ဖြစ်ပါသည်။ ထို့ပြင် မိမိဒေသရှိ တောတောင်ရေမြေသဘာဝများကို ကမ္ဘာက သိရှိစေနိုင်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းကို ပိုမိုအောင်မြင်စေမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် နိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံစီးပွားရေးကိုလည်း အထောက်အကူပြုစေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသည့် ဗမာ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးများအနက် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ မြန်မာလူမျိုးအများစုသည် မြန်မာစကားကို အများဆုံးပြောဆိုကြပြီး အခြားတိုင်းရင်းသား ဘာသာစကားများကို ဒေသအလိုက်ပြောဆိုလေ့ရှိကြသည်။ မြန်မာလူမျိုး အများစုသည်ဘာသာတရားကိုင်းရှိုင်းသူများဖြစ်ကြပြီး ရိုးရာဓလေ့များကိုလည်း လေးစားကြသည်။ ပြည်ထောင်စုသွေးချင်းများသည် အမိနိုင်ငံတော်အပေါ်တွင် နှစ်ပေါင်းကြာရှည်ကတည်းကပင် ဥမကွဲသိုက်မပျက် နေထိုင်လာကြသည့်အပြင် စိတ်ချင်းမှာလည်း တစ်သဘောတည်းသာ ရှိခဲ့ကြသည်။ ရိုးသားခြင်း၊ စေတနာထားတတ်ခြင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခြင်း၊ ငြိမ်းချမ်းစွာ ပူးပေါင်းနေထိုင်လိုခြင်းတို့ မှာ မြန်မာတိုင်းရင်းသားတို့၏ ဗီဇပင် ဖြစ်ပါသည်။ မြန်မာ တိုင်းရင်းသားတို့၏ယင်းဗီဇကိုကြာရှည်ခိုင်မာစွာထင်ဟပ်စေခဲ့သည်မှာ ၇၆ နှစ်ကြာ တည်ရှိခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ထူးမြတ်သည့်နေ့ ဖြစ်သည်နှင့်အညီ လေးနက်မှန်ကန်စွာ ချမှတ်ထားသော ဦးတည်ချက်များဖြင့် ပြည်ထောင်စုနေ့ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး တစ်နိုင်ငံလုံးမှ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးများလည်း ပါဝင်တက်ရောက်ကြသည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာကြောင်း သိသာစေခဲ့ပါသည်။ ပြည်ထောင်စုနေ့သည် လွတ်လပ်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုအင်အားကို ပြသသော ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။

တိုင်းရင်းသားအားလုံး တစ်ညီတစ်ညွတ်တည်း လွတ်လပ်ရေးကို အတူတကွရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာတိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးက အမြတ်တနိုး တန်ဖိုးထားကြရမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်အောင် အသက်တမျှ တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လွန်စွာအရေးကြီးလှပါသည်။ လွတ်လပ်ရေးရပြီးသည်မှစ၍ ယနေ့အချိန်အထိ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိနေခဲ့သော်လည်း နှစ်ပေါင်းများစွာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်းနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့သည်မှာ (၇၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထို့ပြင် တိုင်းရင်းသားပြည်သူများလိုလားတောင်းတနေသည့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ငြိမ်းချမ်းစေရန်နှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အခိုင်အမာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက် (၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ကာ ကြိုးစားဆောင်ရွက်နေပြီ ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားတိုင်းရင်းသားများကလည်း တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသော ပြည်ထောင်စု စိတ်ဓာတ်ဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကို စုပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်အတွက် ပင်လုံမြို့မှ စတင်ခဲ့သော ပင်လုံသစ္စာဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို အမြဲတစေတည်ဆောက်ထားနိုင်ရမည် ဖြစ်ပါသည်။

Dolly@S!NT

## ညီညွတ်ခြင်းရဲ့အောင်ပွဲနေ့ (ပြည်ထောင်စုနေ့)

“စည်းလုံးမှုသည် အင်အား” ဟူ၍ ဆိုရိုးစကားရှိပါသည်။သတ္တလောကကို မီးရှူးအလင်းရောင် ပေးထားခဲ့သော ဗုဒ္ဓမြတ်စွာဘုရားရှင်ကတောင် “စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းသည် လောကတွင် အရာရာကို အောင်မြင်နိုင်သော လိုတရစွမ်းရည်ပင်တည်း” ဟူ၍ မိန့်ကြားဟောပြောခဲ့ပါသည်။ တစ်ချိန်က မြန်မာနိုင်ငံသည်လည်း သွေးစွန်းခဲ့ရသော အချိန်၊ နေပူမိုးရွာမရှောင်၊ ခက်ခဲကြမ်းတမ်းမှုများအကြား မိသားစုတစ်ခုညီလျှင် မိသားစုတစ်စု အောင်မြင်မည်၊ ရပ်ကွက်တစ်ခုညီလျှင် ရပ်ကွက်တစ်ခု အောင်မြင်မည်၊ ကျေးရွာတစ်ခုညီလျှင် ကျေးရွာတစ်ခု အောင်မြင်မည်၊ တိုင်းပြည်တစ်ခုညီပါက တိုင်းပြည်တစ်ပြည်လုံး အောင်မြင်မည် ဟူသော စည်းလုံးညီညွတ်မှုကိုပြသနိုင်ခဲ့သဖြင့် အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့သော ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ညီညွတ်ခြင်းရဲ့ အောင်ပွဲနေ့ (ပြည်ထောင်စုနေ့) အဖြစ် သက်သေထူနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ ပြည်ထောင်စုနေ့သည်ကား (၇၆)နှစ်ပြည့်မြောက်၍ စိန်ရတုတိုင်ခဲ့ပြီ ဖြစ်သည့်အတွက် အမိမြန်မာနိုင်ငံသားတိုင်းရဲ့ စည်းလုံးညီညွတ်မှုမှာ အံ့မခန်းပင်ဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅မျိုး ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ အသီးတရာအညှာတခုဟူ၍လည်း တင်စားခေါ်ဝေါ်ကြပါသည်။ အညှာတခုသည်ကား “ပြည်ထောင်စု”ဟု သက်မှတ်ပြီး အသီးတရာဟူသည်ကား “ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း” စသည့် တိုင်းရင်း သားလူမျိုးပေါင်းများစွာကို ဆိုလိုသည်။ ကျွန်းကိုကိုင်းမှီ ကိုင်းကိုကျွန်းမှီဖြင့် အတူတကွ ပူပေါင်းနေထိုင်ခဲ့ကြပါသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက “အမျိုးအနွယ်ကိုကိုးကွယ်ရာ ခြားနား၍ စကားမတူကြသော်လည်း အားလုံးသည် ပြည်ထောင်စုသားတွေချည်း” ဟူ၍ ပြောကြားဖူးခဲ့ပါသည်။တိုင်းရင်းသား သွေးချင်းညီအစ်ကိုများ၏ စိတ်တွင် ကိန်းအောင်းနေသော ပြည်ထောင်စုစိတ်ဓါတ်သည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့ကို ချစ်မြတ်နိုးစွာ ပေါက်ဖွားလာသော သင်္ကေတတခုပင် ဖြစ်ပါသည်။ မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓါတ်သည် အသွင်သဏ္ဍာန်မဟုတ်ဘဲ သွေးချင်းတို့၏ နှလုံးအိမ်ထဲမှ ပေါက်ဖွားလာသည့် စိတ်ထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ကိုယ့်မင်းကိုယ့်ချင်း ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းများဖြင့် နေထိုင်လာခဲ့ကြသော အချုပ်အခြာ အာဏာပိုင် နိုင်ငံတော်ကြီးတွင် စည်းလုံးမှုဖြင့်နေထိုင်လာခဲ့သည်မှာ ရှေးဘိုးဘေးဘီဘင် လက်ထက်ကပင် ဖြစ်ပါသည်။



တကောင်းမှစခဲ့သော မြန်မာတို့သည် ဘုန်းမီးနေလတောက်ပြောင်သော အနော်ရထာမင်းတရားကြီး လက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ယဉ်ကျေးမှု အမွေအနှစ်၊ စာပေ၊ အနုပညာ၊ သာသနာတို့၏ ထွန်းကားမှုသည်လည်း ပုဂံခေတ်က သက်သေရှိပါသည်။ ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် ဟံသာဝတီပြည့်ရှင်ဘုရင့်နောင်မင်းတရားကြီး၏ နောင်ရိုးတိုက်ပွဲသည်ကား မြန်မာတို့၏ နှလုံးအသည်းအိမ်ထဲတွင် ထာဝရစွဲမှတ်စေသည့် သင်္ကေတ အမှတ်အသားတစ်ခုပင် ဖြစ်ပါသည်။ ထိုနည်းတူစွာ တတိယ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သော ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက်တွင်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိန်ဝင့်ကြွားစွာ လက်မထောင်နိုင်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် သမိုင်းတစ်ခေတ် ကြိုးစားထုဆစ်ခဲ့သည်မှာလည်း အံ့သြချီးမွမ်းဂုဏ်ယူလောက်ဖွယ်

ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။ ပထမကျူးကျော်စစ်ကို ၁၈၂၄ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယကျူးကျော်စစ်ကို ၁၈၅၂ ခုနှစ်တွင် လည်းကောင်း၊ တတိယ ကျူးကျော်စစ်ကို ၁၈၈၅ ခုနှစ်တွင် လည်းကောင်း ဗြိတိသျှလူမျိုးတို့သည် စစ်(၃)ကြိမ်ဆင်နွဲကာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်သဖြင့် ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ကျွန်သပေါက် ဘဝသို့ လုံးလုံးလျားလျား ကျရောက်ခဲ့ရပါသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသားသပိတ်နှင့် ကိုလိုနီပညာရေး တိုက်ပွဲအရေးအခင်း၊ ၁၉၃၀ ပြည့် ဗမာ့အစည်းအရုံး၊ ဝံသာနုလှုပ်ရှားမှုနှင့် ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်တွင် သခင်ဖိုးလှကြီး ခေါင်းဆောင်သည့် ရေနံမြေသပိတ် အလုပ်သမားအရေးတော်ပုံတို့ ပေါ်ပေါက်လာပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံရှိ ဟိုင်နန်ကျွန်းသို့ စစ်ပညာများ သွားရောက်သင်ယူခဲ့ကြပြီး ဂျပန်တို့၏ စစ်ရေးအကူအညီကို ရယူကာ နယ်ချဲ့ကို ထိုးစစ်ဆင်တိုက်ထုတ်ခဲ့ကြပါသည်။ လွတ်လပ်ရေး ပန်းတိုင်ကို ရောက်ရှိရန်အတွက် အဟန့်အတား ပိတ်ဆို့မှု ဟူသမျှကို အသက်၊ သွေးများကိုစတေး၍ ရင်ဆိုင်ခဲ့ကြရပေသည်။ လွတ်လပ်ရေး ခရီးကြမ်းသည်ကား မလွယ်ကူလှချေ။ သို့သော်လည်း လွတ်လပ်ရေး တိုက်ပွဲဝင်တို့၏ နှလုံးအသွေးအသားထဲတွင် "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊လွတ်လပ်ရေးသည်တတိယ" ဟူ၍ စွဲမြဲထားကြပေတော့သည်။

လွတ်လပ်ရေးပန်းတိုင်ကြီးသည်ကား တဖြည်းဖြည်းနှင့် နီးသထက် နီးကပ်လာသည်ဟု ထင်ရသော်လည်း မရောက်သေးချေ။ လွတ်လပ်ရေးကိုလည်း ဈေးဆစ်လာကြသည်။ နယ်ချဲ့တို့သည် ပြည်မသက်သက်ကိုသာ လွတ်လပ်ရေးပေး၍ ပြည်နယ်နှင့် တောင်တန်းဒေသ မပေးနိုင်ဟု ဆိုခဲ့သည်။ ထိုစကားသည်ကား "မြစ်ကိုပေး၍ မြစ်ရေကို မပေးနိုင်"ဟု ဆိုသည့်အလား သူတို့စကားမှာ အနှစ်သာရမရှိချေ။ ထိုကြောင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် (၂၃)ဦးတို့သည် တောင်တန်းဒေသနှင့်ပြည်မတို့ ပူးပေါင်း၍အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များထံမှလွတ်လပ်ရေးကို အတူတကွရယူကြရန် ဆုံးဖြတ်ခဲ့ကြကာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့၌ ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် "မြန်မာနိုင်ငံတော်ကြီး" ကို တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။ထိုသည်ပင် စစ်မှန်ပြည့်ဝသော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကိုတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြသနိုင်ခဲ့ခြင်းပင် ဖြစ်ပါ သည်။

ထိုကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သောကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ပင်လုံစာချုပ်သည်ကား လွတ်လပ်ရေး၏ အုတ်မြစ်ပင် ဖြစ်ပါသည်။ ထို့နေ့ကား မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ရွှေရောင်သမ္မတမြန်မာနိုင်ငံတော် အဖြစ်သို့ ကောင်းစွာရောက်ရှိသော နေ့သစ်တစ်နေ့ပင် ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအဖို့ ထူးမြတ်သော နေ့တစ်နေ့အဖြစ် "ဂြိသက္ကရာဇ်တစ်ထောင်သုံးရာကိုးခုနှစ်၊ ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့အား ဤငါတို့ မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး အဖြစ် ကောင်းစွာ ရောက်သတည်း" ဟု ကမ္ပည်းထိုးကြသည်။ ဤသို့ ပေါင်းစည်းညီညွတ်ခြင်း၏ နောက်ဆုံးစားရသည့် အသီးအပွင့်တို့သည်ကား လွတ်လပ်ရေးဟူသော အရသာပင် ဖြစ်ပါသည်။ ချိုမြိန်လွန်းလှပေ၏။

ဤသို့ဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့မတိုင်မီ ပြည်ထောင်စုအလံကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များရှိမြို့ကြီးများသို့ လှည့်လည်ခဲ့ကြသည်။ ထိုနေ့ထူးနေ့မြတ်တွင် ပြခန်းများ ပျော်ပွဲရွှင်ပွဲများဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကိုနောင်လာနောင်သားများ ရင်ထဲတွင် အမြဲ အမှတ်ရနေစေပါသည်။ ပြည်ထောင်စုနေ့တွင် တိုင်းရင်းသားများသည် တိုင်းရင်းသားဝတ်စုံများကို ဝတ်ဆင်ခြင်း၊ ဌာနဆိုင်ရာတို့သည်လည်း ဌာနဝတ်စုံများဖြင့် တူညီစွာ ဝတ်ဆင်ကြပါသည်။ မြန်မာတစ်နိုင်ငံလုံး၌ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း ပြိုင်ပွဲ၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲများကို ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ပေးလေ့ရှိပါသည်။

မိမိတို့မြန်မာနိုင်ငံတွင် ပြည်ထောင်စုဆိုသော စကားသည် စာရွက်ပေါ်၌ ထားသည့် အရာမဟုတ်သကဲ့သို့ ရည်ညွှန်းရမည့် စကားသက်သက်လည်း မဟုတ်ပါ။ အမိမြန်မာနိုင်ငံတွင် မှီတင်း နေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် " ရေကို သားလို့ အကြားမထင် " ဆိုသည့် စကားအတိုင်း တစ်စိတ်တစ်ဝမ်းတည်း နေထိုင်ကြမည်ဆိုလျှင် မည်သည့် အဖျက်ရန်မျှ ဝင်ရောက်လာနိုင်မည် မဟုတ်ပါ။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ယုံကြည်ချက်၊ ခံယူချက်နှင့် မျှော်မှန်းချက်များဖြင့် အတူတကွ အမိမြန်မာနိုင်ငံတော်ကြီး အေးချမ်း သာယာမှုအတွက် အစဉ်အမြဲ ကြိုးစားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင်လည်း "တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"ဟု ပြည်ထောင်စု ဖွားတိုင်းရင်းသားများ အေးအတူပူအမျှ မျှဝေခံစားစေရန်နှင့် တိုင်းပြည်နိုင်ငံ၏ တိုးတက်မှုကို အဘက်ဘက်မှ လုပ်ဆောင်ရန်အတွက် ညွှန်ပြထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုနေ့သည် ပြည်ထောင်စုသားတိုင်းအတွက် သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံး ဟူ၍ နှလုံးအိမ်ထဲတွင် စွဲမြဲနေသော ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ ပြည်ထောင်စုတွင်ပြည်ထောင်စု အမျိုးသား ညီညွတ်ရေးစိတ်ဓါတ်ကို ခိုင်ခိုင်ခံ့ခံ့၊ သန့်သန့်စင်စင်ထားရှိ၍ ပိုမိုလှပသောအနာဂတ်တွင် ပြည်ထောင်စုသားတိုင်းက ဖန်တီးတည်ဆောက်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုနေ့သည်ကား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော ပြည်ထောင်စု ဖွားတိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကို ပြန်လည် နှိုးဆွပေးသော နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။ ဒီမိုကရေစီ ဖက်ဒရယ် နိုင်ငံတော်ကြီးကို တည်ဆောက်ကြရာတွင် အတိတ်တွင် နစ်မြှုပ်မနေဘဲ တိုင်းရင်းသားအားလုံးစည်းလုံး ညီညွတ်စွာ နေထိုင်သွားကြရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းသွားကြရန် လိုအပ်ပါသည်။ ကျွန်တော်သည်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား တစ်ဦးဖြစ်သည့်အတွက် သွေးချင်းညီနောင်သားချင်းတို့နှင့် စဉ်ဆက်မပြတ် လက်တွဲခြင်း၊ ချစ်ခင်ခြင်း၊ ယုံကြည် ခြင်းများဖြင့် ကာလကြာလာသည့်နှင့်အမျှ အဆများစွာ တိုးပွားပြီး ပိုမိုစည်းလုံးသွားကြမည်ဟု ရင်ထဲတွင် ယုံကြည်လျက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။

ဦးအောင်စိုးနိုင်



## “ပြည်ထောင်စု အမွေ အမြဲတည်တံ့စေ”

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိသည်။ ဝါးတစ်လုံးတည်းနှင့် အိမ်ဆောက်၍မရနိုင်သကဲ့သို့ လူမျိုးတစ်မျိုးတည်းဖြင့်လည်း ပြည်ထောင်စုဟု ဖွဲ့စည်း၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် မြန်မာပြည်ထောင်စုသည် တိုင်းရင်းသား လူမျိုးအားလုံးဖြင့် ဖွဲ့စည်းထားသောနိုင်ငံဖြစ်သည်။ ထို့ကြောင့် ညီနောင်တစ်စု တည်ထောင်ပြုခဲ့သည့် ပြည်ထောင်စုပင်ဖြစ်သည်။ ဤသို့ စုစည်းတည်ထောင်ခဲ့သောနေ့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ပင်ဖြစ်ပါသည်။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ပြည်ထောင်စုသားတိုင်းရင်းသားများက စုပေါင်း တော်လှန် ကြိုးပမ်းမှုတို့သည် ကြီးစွာသောမှတ်တိုင်ကြီးများအဖြစ် မြင်တွေ့ကြရမည် ဖြစ်ပါသည်။မြန်မာပြည်ထောင်စုသားတို့ကို နယ်ချဲ့များက အမျိုးမျိုးသွေးခွဲခဲ့ကြသည်။ ဝါးအစည်းပြေသလို ပြေစေခဲ့သည်။ နယ်ချဲ့တို့ကား “မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေ” ဆိုသကဲ့သို့ ပြုလုပ်ခဲ့ကြသည်။ ပြည်ထောင်စုသားတို့၏ “မညီမညွတ်၊ ယွင်းချွတ်ဖောက်လွဲ၊ စိတ်ဝမ်းကွဲလေ၊ သူတို့အကြိုက်လေပင်။” “ပရိယာယ်က တစ်ထောင်၊ အယောင်ဆောင်ကတစ်သောင်း၊ အပြောမှာ တစ်သန်း၊ အဆန်းနှင့် အယဉ်မှာ အသင်္ချေပကောဋိ” ကြာကြာဝါးမှ ခါးမှန်း သိကြ ရသည်။ခါးမှန်းသိကြသော် သိသည့်အတိုင်း မဆိုင်းမဆုတ် ပြည်မှထုတ်ကြ၊ နှင်ကြတော့သည်။ ဖက်ဆစ်ဂျပန်ကိုလည်း လက်တွဲ၍ တော်လှန်ခဲ့ကြသည်။ နောင်သော် နယ်ချဲ့အင်္ဂလိပ် တစ်ပတ်ကြွေ့၍ ရောက်လာပြန်သည်။ ထိုစဉ်က မြန်မာတိုင်းရင်းသားတို့၏ လွတ်လပ်ရေး စိတ်ဓာတ်မှာ အဟုန်ကြီးလှသည်။ ဝါဆိုမိုးသို့ သည်းသည်းမဲမဲရှိသည်။ မုန်တိုင်းသို့ထန်သည်။ လျှပ်ခြည်သို့ ဝင်းဝင်းတောက်သည်။ လွတ်လပ်ရေးကားမပေး၍ မဖြစ်တော့ဟု သူတို့သိကြသည်။ သို့သော် တောင်တန်းဒေသများနှင့် ပြည်နယ်များကိုမူ ချန်လှပ်၍ ခြေကုပ်ယူလိုသေးသည်။ ဝေသာလီပြည်ကို ဘီလူးများ ဝင်သည်သကဲ့သို့ စားချင်ဝါးချင်ကြသေးသည်။ နယ်ချဲ့တို့၏ ရိုင်းစိုင်းယုတ်မာသော အကြံစည်ကို ပတ်ပတ်စက်စက် ကြံစည်ဆောင်ရွက်ခဲ့ကြသေးသည်။ ထိုအကြောင်းအရာများကို ဗိုလ်ချုပ်အောင်ဆန်းက သိသည်။ ရှေ့တစ်ခေါ် မျှော်ကြည့်သည်။ နောက်တစ်လှန် ပြန်ကြည့်သည်။ နယ်ချဲ့တို့၏ အကြံကား ဘီလူးသရဲကဲ့သို့ ကြောက်မက်ချင်ဖွယ်ရှိသည်။ ထိုအကြောင်း အရာများကို ဗိုလ်ချုပ်က သိသည်။ မြန်မာကိုသာလွတ်လပ်ရေးပေး၍ တောင်တန်းသား၊ ပြည်နယ်သားတွေကို လွတ်လပ်ရေး မပေးနိုင်ပါဟုဆိုသည်။ ထိုစကားသည်ကား လူတစ်ယောက်ကို ယူချင်ယူပါ အသည်းနှလုံးကိုတော့မပေးနိုင်ပါ ဟူသောစကားနှင့်ပင် ထပ်တူထပ်မျှပင်ဖြစ်ပါသည်။ “မြစ်ကိုပေးသာပေး၍ မြစ်ရေကိုမပေးနိုင်” ဟုဆိုသည့်အလား သူတို့စကားမှာ အနှစ်သာရ မပါလှချေ။

ထို့ကြောင့် ၁၉၄၆ ခုနှစ်၊ ပထမရွှေတိဂုံ ညီလာခံကြီးတွင် “ပြည်မနှင့် တောင်တန်းဒေသများ၊ ပြည်နယ်များ ပူးပေါင်းရေး” အဆိုကို တင်သွင်း ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ကွဲပြဲရေး၊ မထွေးကိုသာ လိုလားနေသော နယ်ချဲ့ရွှေစွန်ညိုသည် ပထမပင်လုံ ညီလာခံကြီးတွင် အစွမ်းကုန်ကြိုးပမ်းအားထုတ်၍ ထိုးသုတ်လေသည်။ တောင်တန်းဒေသ ညွှန်ကြားရေးဝန်ဆိုသူ စတီဗင်ဆင် သည် ဂဋ္ဌုန်ဦးစောနှင့်အတူ တက်ရောက်လာသည်။ ရိုးသားသော တောင်ပေါ်သားများကို စူဠဏီဗြဟ္မဒတ်၏ ကေးဝဋ္ဋ်ပုဏ္ဏားကဲ့သို့ လှည့်ဖြားကြသည်။ သီးခြား ဒိုမီနီယန် အုပ်ချုပ်ရေးကို တောင်းဆိုစေသည်။ ညီလာခံကြီးတွင် မြန်မာခေါင်းဆောင် ကိုယ်စားလှယ်များမှာ အသံမမြည်နိုင်ဘဲ ပြန်ခဲ့ကြရသည်။ အူသိမ်အူမကို နှုတ်၍ အသည်းကို ဖုတ်ကာ၊ ကင်ကာ စားလိုသော နယ်ချဲ့ ကြောင်ပါးကြီးမြီးတံတို၏ စရိုက်အကြံသည် အောင်လုမခန်းရှိခဲ့၏။ ဗိုလ်ချုပ်ကား မြန်မာလည်းမဟုတ်၊ နတ်နောက်သားလည်းမဟုတ်၊ ပြည်ထောင်စုဖွားသား တစ်ယောက်သာဖြစ်ချေ၏။ ပြည်ထောင်စုကိုကြည့်ရာတွင် မြန်မာတစ်ယောက်အနေနဲ့ မကြည့်မမြင် မဆောင်ရွက်ခဲ့။ ပြည်ထောင်စုသားတစ်ယောက်က ပြည်ထောင်စု အပေါ် အကြည့်ဖြင့် ကြည့်၍မြင်သော အမြင်ဖြင့်သာ မြင်ခဲ့သည်။

ထို့ကြောင့် ပြည်မ ပြည်နယ် တောင်တန်းမရွေး၊ သွေးစည်းညီညွတ်လာအောင် အစွမ်းကုန် ဆောင်ရွက်တော့သည်။ ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလတွင် ကချင်ပြည်နယ်သို့ လည်းကောင်း၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်သို့ လည်းကောင်း၊ ကိုယ်တိုင်သွားရောက်၍ စည်းလုံးရေးတရားတို့ကို စိတ်ရှည်ထား၍ ဟောကြားခဲ့သည်။ ၁၉၄၇ ခုနှစ်၊ မတ်လတွင် ဦးဘချိုအား ချင်းတောင်သို့လွှတ်၍ စည်းလုံးလက်တွဲရေးကို ဆောင်ရွက်စေ

ပြန်သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်မူ အောင်ဆန်းအက်တလီ စာချုပ်ကို အင်္ဂလန်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အခါကိုလင့်၍၊ အခွင့်ကို စောင့်နေသောနယ်ချဲ့ဗြိတိသျှတို့သည်“တောင်တန်းနယ် ဟူသမျှကို ပြည်မနှင့်ခွဲခြား၍ ချန်လှပ်ထားခဲ့ဦးမည်” ဟူသော အချက်ကို လက်တစ်လုံးခြား၍ စာချုပ်တွင် ထည့်ခဲ့ကြ၏။

နယ်ချဲ့နှင့် သူ၏ အရေးကောင်းသောအခါ နောက်တော်ကပါရသူတို့သည် စာချုပ်ပါ ခွဲခြားလွတ်လပ်ရေးကို အကွက်ဖော်၍ မလျော်မကန်မသင့် ကျင့်ချင်ကြပြန်သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းတွင် ကျင်းပသော ဒုတိယပင်လုံညီလာခံတွင် “ဒိုမီနီယန်အုပ်ချုပ်ရေးကိုပင် တောင်းဆိုရန်” သူတို့က စကောလောက်မှ စောက်မနက်သောအကြံဖြင့်လေသံကျယ်ကျယ်ဟန်ပြင်ကြသည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်ချုပ် ရောက်လာသည်။ပြည်ထောင်စုအနာဂတ်ရေးကို အပြင်းအထန် ဆွေးနွေးတင်ပြတော့သည်။ ဗိုလ်ချုပ်၏ စကားများမှာ ပကတိ ရိုးသားသည်။ ဖုံးထားသည်ကို ဖွင့်ပြသကဲ့သို့လည်းကောင်း၊ မှောက်ထားသည်ကို လှန်ပြထားသကဲ့သို့ လည်းကောင်း၊ ကာထားသည်ကို လှစ်ပြထားသကဲ့သို့ လည်းကောင်း၊ သိလွယ်မြင်လွယ်သည်။

ထို့ကြောင့် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပင်လုံစာချုပ်ပါ အချက်အလက်များကို အကြွင်းမဲ့ သဘောတူညီကြလေတော့သည်။ ထိုည၏ ညစာစားပွဲကြီးကား ပြည်ထောင်စု မင်္ဂလာထမင်းဝိုင်းကြီးပင် ဖြစ်ပါသည်။ လက်ရည်တစ်ပြင်တည်း ကြည်ကြည်လင်လင် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြသည်။ ဗိုလ်ချုပ်နှင့် တောင်တန်းနယ်တို့၏ ဥက္ကဋ္ဌများ အပြန်အလှန် ချစ်ကြည်ရေးတရား ဟောကြသည်။ ခေါင်းဆောင်တိုင်း ပြုံးပန်းတွေ တဝေဝေ ပွင့်လာသော မင်္ဂလာအခါတော်နေ့ပင်ဖြစ်ပါသည်။ ထိုနေ့သည်ကား ပြည်ထောင်စုသားတို့အတွက် လာခြင်းကောင်းသော တောက်ပသည့် အနာဂတ်ကို ဖန်တီးကြသည့်နေ့ပင် ဖြစ်ပါသည်။ လွတ်လပ်ရေးဗိမာန်သာ၏ အုတ်မြစ် ခိုင်ခိုင်ချနိုင်ကြသောနေ့ပင် ဖြစ်ပါသည်။ ထိုနေ့တွင် ပြည်နယ်ပြည်မတို့၏ (၂၂) ဦးသော ခေါင်းဆောင်တို့သည် “ပင်လုံစာချုပ်” ကြီးကိုအေးမြသောအပြုံးကိုယ်စီနှင့် လက်မှတ်ရေးထိုးခဲ့ကြသောနေ့ပင် ဖြစ်ပါသည်။

ထိုနေ့သည် ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ပင် ဖြစ်ပါသည်။ ရှေးယခင်က ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ဟူသည်မှာ ကမ္ဘာ့ပြက္ခဒိန်တွင် သာမန်မျှသော နေ့တစ်နေ့ပင် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်မှစ၍ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် သာမညရက်မဟုတ်တော့ပါ မိုးမြေမက ကျယ်ဝန်းလှသော အနက်အဓိပ္ပါယ်ကိုဆောင်သော နေ့တစ်နေ့ဖြစ်လာခဲ့ပါသည်။ မိုးကြယ်မကများပြားလှသော စကားတို့ကို ပြောကြားနေကြသည်။ နဂါးငွေ့တန်းမက ရှည်လျားသော မျှော်ခေါ်ချက်တို့ကို ထင်လာစေခဲ့ပါသည်။

ထို့ကြောင့် ဤဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို “ပြည်ထောင်စုနေ့” ဟု နာမည်ပညတ် ဘွဲ့ညီသတ်ရခြင်းဖြစ်ပါသည်။နှစ်စဉ် ဖေဖော်ဝါရီလ(၁၂)ရက် ရောက်တိုင်း “ပြည်ထောင်စုနေ့” အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။ ပြည်ထောင်စုနေ့ရောက်တိုင်း ကျင်းပရေးဦးတည်ချက်များ ချမှတ်ကာ ယခင်က ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းတွင်လည်းကောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားများကို ပြည်နယ်/တိုင်း ဗဟိုအလိုက် ကျင်းပရေးကော်မတီများ ဖွဲ့ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်မှာ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကစာရေးသူကိုယ်တိုင်အပါအဝင် ကယားပြည်နယ်ကိုယ်စားပြု ကယားအကဖြင့် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကပြ ဖျော်ဖြေခဲ့ကြပါသေးသည်။ ယခုကျရောက်သည့် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုနေ့အခမ်းအနားသည် (၇၆) နှစ်ပင် တိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုနေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခံရခြင်းနှင့်အတူ ပြည်ထောင်စုအမွေကို အမြဲတည်တံ့စေဖို့ လိုအပ်ပါသည်။ နိုင်ငံတော်သီချင်း၏ အနက်အဓိပ္ပါယ်သည် လေးနက်တည်ကြည်ပေသည်။ဆိုလိုရင်းကို တိုတိုရှင်းရှင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံသူ၊ နိုင်ငံသားများက မည်သို့မည်ပုံဆောက်တည်ကြမည်ကို ညွှန်းဆိုပြထားသည်။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတွင် ကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးများ၊ ဘိုးဘွားများက ပြည်ထောင်စုကြီးကို မည်သို့မည်ပုံ မျှော်မှန်းထားသည်၊ မည်သို့ထိမ်းသိမ်းစောင့်ရှောက် ကြရမည်ကို နိုင်ငံတော်သီချင်းတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါ

သည်။ နိုင်ငံတော်သီချင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်၊ လက်ကိုင်ထားရမည့်၊ စွဲမြဲသစ္စာ အဓိဋ္ဌာန်ပြုရမည့် အမျိုးသား သီချင်းပင် ဖြစ်ပါသည်။

ပြည်ထောင်စုအတွက် အသက်သွေးချွေးနှင့် ဘဝများပါ စတေးပေးဆပ်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၊ သာမန်ပြည်သူများ မျှော်မှန်းခဲ့ကြသည့် ပြည်ထောင်စုနှင့်ကိုက်ညီအောင်၊ ဖြူစင်သည့် ဝါဒနှင့် တရားမျှတမှုရှိသည့် နိုင်ငံဖြစ်အောင် အခွင့်အရေး ညီမျှသည့် ဒီမိုကရေစီစနစ်ထူထောင်နေသည်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။ ထိုသို့ထူထောင်ရာတွင် မတူကွဲပြားသော စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရသည့် အတွက် ခက်ခဲကြမ်းတမ်းသည်။ ဒီမိုကရေစီဟုဆိုသည်နှင့် အခွင့်အရေးနှင့် တာဝန်များ ပါလာသည်။ အခွင့်အရေးသာယူပြီး တာဝန်မယူလိုပါက ဒီမိုကရေစီနှင့် ထိုက်တန်မည် မဟုတ်ပါချေ။ ဒီမိုကရေစီဆိုသည်မှာအများပြည်သူ အကျိုး စီးပွားဖြစ်ထွန်းရေး၊ လူအများ ကောင်းစားရေး ဖြစ်သည်။ တစ်နည်းဆိုလျှင် (ပရ) အများအကျိုးကို ဦးစားပေးရမည်။ လူဆိုသည်မှာ (အတ္တ) ကိုယ်ကျိုးကို ရှေ့တန်းတင်သူများ ဖြစ်သည်။ အများအကျိုးကို ဦးစားပေးရမည် ဆိုသော်လည်း ကိုယ်ကျိုးစီးပွားကို လက်လွှတ်လိုခြင်းမရှိချေ။ ဤတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၌ ပွတ်တိုက်မှုများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများရှိလာသည်။ ယင်းတို့ကို အကြမ်းမဖက်ဘဲငြိမ်းချမ်းစွာအဖြေရှာရသည်။ဤသည်မှာ ဒီမိုကရေစီဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်သီချင်းတွင် ညွှန်းဆိုထားသည့် အတိုင်း တရားမျှတသည့် လွတ်လပ်သောနိုင်ငံ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ဘိုးဘွားအမွေအနှစ် ဖြစ်သော ပြည်ထောင်စုကြီး အမြဲတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြပြီး ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုပန်းတိုင်သို့ ရှေးရှုတက်လှမ်း ကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အမျိုးသားခေါင်းဆောင်ကြီးများ၊ မိမိတို့ ဘိုးဘွားများ အမွေပေးခဲ့သည့် ပြည်ထောင်စုကြီး အမြဲ တည်တံ့စေဖို့ ထိန်းသိမ်းကြရပါမည်။ ပြည်ထောင်စုကြီး မပြိုကွဲရအောင် အသက်ပေးကာကွယ်ကြရပါမည်။ ဒီမြေ သည် ငါတို့မြေ၊ ဒီပြည်သည် ငါတို့ပြည်၊ ဒို့ပြည်၊ ဒို့မြေ အကျိုးကို ညီညာစွာဖြင့် ငါတို့တစ်တွေ သယ်ပိုးထမ်းဆောင်ရင်း ပြည်ထောင်စုအမွေ အမြဲ တည်တံ့နေစေရန် ကျွန်ုပ်တို့တိုင်းရင်းသား ပြည်သူအားလုံးတို့၏ တာဝန်ပင် ဖြစ်ပါသည်။

ဦးအောင်မြွေး



MIFER

# ဆောင်းပါးကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

## ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

“ ငွေများရင် ငွေနဲ့လိုက်တဲ့ ” တကယ်မှန်သည့် စကားဖြစ်သည်။ စီးပွားရေးတွင် အရင်းအနှီး မရှိလျှင် ဘာမှလုပ်လို့မရ။ ဒါပေသိ အရင်းအနှီး ဆိုရာတွင်လည်း ပိုက်ဆံတစ်ခုတည်းကို မဆိုလို။ လူအား၊ ငွေအား စသည့် ရင်းနှီးမြှုပ်နှံမှုအားလုံးလည်း ပါဝင်ပေသည်။ ဥပမာ ဆိုကြပါစို့... မြန်မာဇာတ်လမ်းတွေထဲမှ ဆင်းရဲသော မင်းသားတစ်ယောက် ဖားကန့်သွားပြီး ကျောက်တူးကာ ချမ်းသာသွားသည်ဆိုသည့်အဖြစ်တွင် အနီမင်းသား၏ ရင်းနှီးမြှုပ်နှံမှုမှာ လူအား ဖြစ်သည်။ ထိုသို့ပင် မြေကွက်ရောင်းဝယ်ခြင်း၊ ရွှေရောင်းဝယ်ခြင်း စသည်တို့တွင် အဓိက ရင်းနှီးမြှုပ်နှံမှုကား ငွေအားဖြင့်ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။ ထိုသို့သော ရင်းနှီးမြှုပ်နှံမှုများမှ သက်ဆိုင်သော အခွင့်အလမ်းများ ရရှိ လာမည်ကား မြေကြီး လက်ခပ်မလွဲပင်။

တချို့က ဆိုကြသည်။ ရင်းသလောက်မရတဲ့။ ဒါကား မှားပေသည်။ မည်သည့် ရင်းနှီးမြှုပ်နှံမှုတွင်မဆို အခွင့်အလမ်းတော့ ရရှိလာစမြဲပင်။ ထိုရရှိလာသည့် အခွင့်အလမ်း ကို မသိလိုက်ခြင်း (သို့တည်းမဟုတ်) အမိအရ မဆုပ်ကိုင် နိုင်ခြင်းတို့ကြောင့်သာ အခွင့်အလမ်းတွေ မရရှိလိုက်ခြင်း ဖြစ်သည်။ ဒါတောင် ခပ်ထေ့ထေ့ ပြောရမည်ဆိုလျှင် ပင်ပန်းတာနှင့် သင်ခန်းစာဆိုသည့် ရလာဒ်တော့ ရလိုက် သည် မဟုတ်ပါတကား။ ဒါဆိုလျှင်ဖြင့် လူတစ်ဦး၏ ဘဝ တိုးတက်အောင်မြင်ဖို့ ရင်းနှီးမြှုပ်နှံမှုက မည်မျှအရေးကြီး သည်ဆိုတာ စာဖတ်သူသဘောပေါက်နိုင်မည် ထင်ပါ သည်။

လူတစ်ဦးချင်း တစ်ယောက်ချင်းမှာ ရင်းနှီးမြှုပ်နှံမှု အရေးကြီးသလို အစုအဖွဲ့၊ အသင်း၊ နိုင်ငံမှာလည်း ရင်းနှီးမြှုပ်နှံမှုကား အရေးကြီးပေသည်။ ဘာလို့လဲဆိုတော့ အရာရာတိုင်းကား ငွေကြေးတွေနှင့် လည်ပတ်နေကြသဖြင့် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု မရှိလျှင် ကောင်းမွန်သောရလာဒ်နှင့် အခွင့်အလမ်းတွေ ရလာမည် မဟုတ်။ အခွင့်အလမ်းနှင့် ရလာဒ်များ မရလာလျှင် အစုအဖွဲ့၊ အသင်းတိုင်း နိုင်ငံမှာ ကြာရှည်ရပ်တည်နိုင်ဖို့ ခဲယဉ်းလှပေသည်။

ရင်းနှီးမြှုပ်နှံမှုဆိုသည့် သဘောကို ဥပမေယျများဖြင့် မျက်လုံးထဲ မြင်သာအောင် ထုတ်နှုတ်ပြရမည်ဆိုလျှင် သင့်မှာ ခြံတစ်ခြံရှိသည်ဆိုပါစို့။ ထိုခြံအား စိုက်ပျိုးရေး လုပ်ရန်အတွက် သင့်မှာ လုံလောက်သော ငွေကြေးမရှိသော်လည်း ငွေရေးကြေးရေးအားဖြင့် တတ်နိုင်သော မိတ်ဆွေအပေါင်းအသင်းတစ်ဦးအား ဖိတ်ခေါ်ပြီး ခြံကို လာရောက်စိုက်ပျိုးရန် ဆောင်ရွက်နိုင်သည်။ ထိုအရာကို ရင်းနှီးမြှုပ်နှံမှုဟု ခေါ်သည်။ မိမိဘက်မှ ခြံကို အရင်းတည်ထားသဖြင့် ဆုံးရှုံးမှု အချို့ဖြစ်ကောင်းဖြစ်နိုင်သည်။ ဒါပေသိ အချိန်တန်လို့ အဆိုပါ စိုက်ပျိုးသူ ထွက်ခွာသွားပါက မိမိမှာ မြေငှားခလည်းရမည်ဖြစ်သလို စိုက်ပျိုးသူမှ စိုက်ပျိုးခဲ့သည့်အတွက် လုံလောက်သော မြေအနေအထား ပြင်ဆင်ထားပြီး ဖြစ်သွားသည်။ တကယ်လို့များ စိုက်ပျိုးရေးမလုပ်ပဲ အခြားသောနည်းအားဖြင့် မြေပေါ်တွင် အဆောက်အအုံတစ်ခုဆောက်လုပ်ပြီး စီးပွားရေးလုပ်မည်ဆိုလည်း ရင်းနှီးမြှုပ်နှံသူ မြေပိုင်ရှင်ဘက်မှ အဆောက်အအုံနှင့် မြေငှားရမ်းခ အကျိုးအမြတ်ထွက်မည်ဖြစ်သည်။ ဒါပေသိ ဆိုးကျိုးအနေဖြင့် အဆောက်အအုံဆောက်လုပ်လိုက်ခြင်းကြောင့် အခြားအသုံးချလို့ မရတော့သည့် အချက်တော့ရှိမည်ဖြစ်သည်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုတိုင်းတွင် ဆိုးကျိုးလည်းရှိသလို ကောင်းကျိုးလည်းရှိမည်ဖြစ်ပြီး ဆိုးကျိုးကို ကြောက်နေလျှင်လည်း ကောင်းကျိုးဖြစ်သည့် ရလာဒ်များ ထွက်လာမည်မဟုတ်တော့ချေ။

ထိုသို့သော အချက်များကြောင့် မြန်မာနိုင်ငံသည်လည်း ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သည်။ မြန်မာနိုင်ငံကြီး တိုးတက်ဖို့နှင့် နိုင်ငံရှိနိုင်ငံသားတိုင်း၏ ဘဝတိုးတက်ဖို့ အတွက် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်ပေသည်။ မြန်မာနိုင်ငံသည် တွင်းထွက်ကျောက်သံပတ္တမြားပေါများသလို ဆန်ရေစပါးလည်း လှိုင်လှိုင်ထွက်သည်။ ဒါပေသိ အနီ အရာများသည် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းငှာ အလုံးစုံမစွမ်းနိုင်ချေ။ ထို့ကြောင့် နိုင်ငံတော်သည် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် မြေထု၊ ရေထု၊ လေထုကို အရင်းအနှီးပေးပြီး မြှုပ်နှံသူတွေ ဖိတ်ခေါ်ရသည်။ ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်ကြား သဘောတူစာချုပ်များ ချုပ်ဆိုပြီး သက်တမ်းတစ်ခု သတ်မှတ်ကာ ဆောင်ရွက်သည်။ ရရှိလာသော အကျိုးအမြတ်များမှသည် နိုင်ငံသားတိုင်းအတွက် အခွင့်အလမ်းကောင်းများခွဲဝေပေးသည်။ဥပမာအားဖြင့် သဘာဝဓာတ်ငွေ့စီမံကိန်း၊ ရေနံတင်ပို့မှု စီမံကိန်းများဖြစ်သည်။

ထိုစီမံကိန်းများတွင် နိုင်ငံတော်အတွက် အကျိုးအမြတ်များရရှိရုံသာမက နိုင်ငံသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိပေသည်။ ခေတ်စကားနှင့်ဆိုမည်ဆို Win-Win Situation ပါပင်။ သို့သော် ရင်းနှီးမြှုပ်နှံမှုများတွင် တစ်ဖက်သတ်ကြီး Win ထားခြင်းမျိုးမရှိသလို အနစ်နာခံရသည်များလည်း ရှိတတ်ပါသည်။ ဒါကို နစ်နာမှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရသည်မှာ နိုင်ငံတော်၏ တာဝန်ပင်ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံရပ်ခြားမှ ကုမ္ပဏီများစွာ အလုပ်လာရောက် လုပ်ကိုင်လျက်ရှိသည်။ အနီ ကုမ္ပဏီများသည် မြန်မာနိုင်ငံမြေပေါ်တွင် ရုံးဆောက်ပြီး မြန်မာ့လုပ်သားများကို အလုပ်အကိုင်များပေးကာ သူတို့၏ အကျိုးအမြတ်ရရှိရေး လုပ်ငန်းကို ဆောင်ရွက်ကြသည်။ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများအတွက် နိုင်ငံတော်က မြေငှားရမ်းပေးထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ပေးထားသည်။ ကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများသည် အဆိုပါ မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ပြီး စာချုပ်သက်တမ်းပြည့်သည့်အခါတွင် အဆောက်အအုံကို ထားရစ်ခဲ့ကာ ပြန်လည်ထွက်ခွာစေခြင်းဖြင့် နိုင်ငံတော်အတွက် Infrastructure ကျန်ရစ်စေသည်။ မျက်လုံးထဲတွင် ထင်သာမြင်သာသော ဥပမာတစ်ခုကို ပြပါဆိုလျှင် Telecom လုပ်ငန်းများမှ Telenor ကို ထုတ်ဖော်ပြသရမည်ဖြစ်သည်။ ယခုအခါ Telenor ကုမ္ပဏီသည် ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သော်လည်း သူစိုက်ထူခဲ့သော Telecom Infrastructure များထားရစ်ခဲ့ကာ နောက်တစ်ဦးအား ထပ်မံရောင်းချခဲ့ရသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါ Equipment များအား မြေငှားရမ်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံခဲ့ပြီး ရရှိခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော Circulation များထဲတွင် စာရေးသူအနေဖြင့် တစ်ချက်ကိုတော့ စဉ်းစားမိသည်။ ဘာလဲဆိုတော့ အခြားနိုင်ငံများတွင် ရှိပြီး မြန်မာနိုင်ငံတွင် မရှိတာပဲလား စာရေးသူတို့ပဲ မသိတာပဲလားတော့မသိ။ နိုင်ငံရပ်ခြား ကုမ္ပဏီများတွင် ထိပ်တန်းရာထူးများအား နိုင်ငံခြားသားများက တိုက်ရိုက်ကိုင်တွယ်ခြင်းဖြစ်သည်။ အခြားနိုင်ငံများတွင် ထိုသို့မဟုတ်။ နိုင်ငံသားများ၏ ရာခိုင်နှုန်းမည်မျှအား ထိပ်တန်းတွင် ခန့်အပ်ရမည်ဆိုသည့် သဘောတူညီချက်ရှိသည်။ ထိုအချက်ကား နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်စဉ်းစားသင့်ပေသည်။ ဒါက စာရေးသူ တစ်ဦးတည်းအမြင်ဖြစ်သဖြင့် လိုအပ်သည်များ ရှိနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုတွေကား တကယ်ကိုလိုအပ်ပေသည်။ မြန်မာလိုနိုင်ငံမဆိုထားနှင့် ထိပ်တန်းနိုင်ငံများတွင်ပင် ရင်းနှီးမြှုပ်နှံမှုလိုအပ်သဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုအား အမြဲတစေ ဖိတ်ခေါ်ရမည်ဖြစ်သည်။ ထိုသို့ ဖိတ်ခေါ်သည့်အခါများတွင်လည်း နစ်နာမှုများရှိလာမည်ဆိုသည့် ဘေးထွက်ဆိုးကျိုးကိုလည်း ကြိုတင်မျှော်လင့်ထားရမည် ဖြစ်သည်။ ဘေးထွက်ဆိုးကျိုးတစ်ခုမှ မရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ ဘယ်နိုင်ငံမှာမှ မရှိချေ။ ထိုအချက်ကိုလည်း နိုင်ငံသားတိုင်း၏ အသိတရားမှာ ရှိနေအောင် နိုင်ငံတော်အနေဖြင့်လည်း ဆောင်ရွက်ပေးကာ ရည်မှန်းချက်ကို ဆက်လက်ချီတက်စေချင်ပါသည်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကြီး တိုးတက်ဖို့ ... ရင်းနှီးမြှုပ်မှုတွေ ဖိတ်ခေါ်ဖို့ဆိုသည့် စာသားလေးဖြင့် နိုင်ငံတော် ရင်းနှီးမြှုပ်နှံမှုများ လာစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည် ...

မင်းထက်ကျော်ဇော



## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေ

ကရင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအား အဓိကထား ဆောင်ရွက်သော ဒေသတစ်ခု ဖြစ်ပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုန်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့သည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းလျက်ရှိသလို ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသည်လည်း စိုက်ပျိုးရေး၊ မွေးမြူးရေး အခြေခံကုန်ထုတ်လုပ်ငန်းများအား ဦးစားပေး ဖိတ်ခေါ်လျက်ရှိပေသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သော ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် Alliance Eagles Group Limited၏ ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့်ဆန်မှုန့် ပြောင်းမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းအား အတည်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့လေသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့တွင် တည်ထောင်မည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၃၅၅၈.၈၇ ကျပ်သန်းရှိသော အဆိုပါလုပ်ငန်းမှ အလုပ်အကိုင်အခွင့်အလမ်း (၃၇)နေရာ ဖန်တီးပေးနိုင်မည် ဖြစ်ပေသည်။

အဆိုပါ ဆန်ပြောင်းကြိတ်ခွဲခြင်းလုပ်ငန်းသည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်သလို ပြည်ပပို့ကုန် ဆန်မှုန့် ပြောင်းမှုန့်များကိုလဲ အရည်အသွေး စိစစ်ထိန်းသိမ်းကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။



ထို့ပြင် ဒေသတွင်း ထွက်ကုန်ဖြစ်သော မြေပဲများမှ အဆင့်မြှင့်စားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မည့် စမ်းပွင့်သံလွင်ကုမ္ပဏီလီမိတက်၏ ဆီစက်လုပ်ငန်းသည် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရရှိနိုင်ရေး လျှောက်ထားလွှာ ရေးဆွဲဆောင်ရွက်လျက်ရှိပေသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဆန်စက် လုပ်ငန်းရှင်များ စုပေါင်းကာ Than Lwin Alliance Company Limited အား တည်ထောင်၍ တစ်နေ့တန် (၁၀၀) ကျ ခေတ်မီဆန်စက်အား ဘားအံစက်မှုဇုန်တွင် တည်ထောင်သွားရန် အစပြု ဆောင်ရွက်လျက်ရှိပေသည်။



၂၀၂၃ ခုနှစ် နှစ်ဦးကာလ ကရင်ပြည်နယ်၏ စိုက်ပျိုးရေးကုန်ချောများ ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်ချက်များသည် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး ပန်းတိုင်ဆီသို့ အောင်မြင်စွာရောက်ရှိစေရန် ခွန်အားများပင် ဖြစ်ပေတော့သည်။

နိုင်ဝင်းတိုး(ဘားအံ)

## ကိုဗစ် - ၁၉ အလွန်ပြန်လည်ဦးမော့လာသည့် ရခိုင်ပြည်နယ်မှ ရင်းနှီးမြှုပ်နှံမှုများ

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အတွက် နည်းလမ်းမျိုးစုံသုံးပြီး ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းသည် အဓိကအခန်း ကဏ္ဍမှပါဝင်လေသည်။ ရခိုင်ပြည်နယ်သည်မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်တည်ရှိသော ကမ်းရိုးတန်းဒေသတစ်ခု ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ထွန်းကားသော ဒေသတစ်ခုလည်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် ရေထွက်ကုန်ပစ္စည်းများကို အဓိကအားဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်း ဖြစ်ပွားခဲ့သဖြင့် ရခိုင်ပြည်နယ်တွင်လည်း စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ အနည်းငယ်မျှ ရပ်တန့်ခဲ့ရာမှ ယခုအချိန်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်စပြုလာပြီဖြစ်ပါသည်။

သို့ရာတွင်ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် လူမှုစီးပွားဘဝ ထိခိုက်မှုနှင့် အသက်ပေါင်းများစွာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံအသီးသီးတွင် ယခုအခါ လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ကပ်ရောဂါ ကျော်လွှားနိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမည့် ကာကွယ်ဆေးရရှိရေး၊ ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်ဦးမော့လာစေရန်နှင့် ရေရှည်အကျိုးရှိစေမည့် မူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်နှင့်မြောက်ဘက်တို့တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ချင်းပြည်နယ်များဖြင့်လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်တွင် ပြန်လည်ဦးမော့လာသည့် အဓိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အခန်းကဏ္ဍများမှာ မွေးမြူရေး နှင့် ရေလုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍများ ဖြစ်သည်။

### (၁) မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ

ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်၍ ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများသည် အရေးပါလှပေသည်။ ရခိုင်ပြည်နယ်သည် ကုန်းနေ၊ ရေနေသတ္တဝါအမျိုးမျိုး မွေးမြူခြင်းအတွက် အခြေအနေပေးသည့် ရာသီဥတု၊ မြေမျက်နှာသွင်ပြင်စသည့် သဘာဝအနေအထားမျိုးကို ပိုင်ဆိုင်သော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ဥပမာ-နွားမွေးမြူရေးအတွက် လိုအပ်သော စားကျက်မြေရရှိခြင်း၊ ကြက်၊ ဝက်မွေးမြူရန် သင့်လျော်သည့် ဒေသနှင့်မြေအကျယ် အဝန်းများလည်းရှိပါသည်။ ရေလုပ်ငန်းကဏ္ဍများနှင့် ပတ်သက်၍လည်း ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက်ရှိသည့် ပင်လယ်ကမ်းရိုးတန်း၊ ကျောက်ဖြူမြို့နယ်ရှိ (SEZ) လုပ်ငန်းများ၊ မောင်တောမြို့နယ်ရှိ ကညင်ချောင်းစီးပွားရေး ဇုန်လုပ်ငန်းများ၊ ရခိုင်မြစ်ဝကျွန်းပေါ်ဒေသများရှိ ငါး၊ ပုဇွန် မွေးမြူခြင်းလုပ်ငန်းများ၊ ရေထွက်ပစ္စည်းအခြေခံ စားသောက်ကုန် ထုတ်လုပ်ခြင်းများ၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများအတွက် သင့်လျော်ကောင်းမွန်သည့် ဒေသဆိုင်ရာ အခွင့်အလမ်းများရှိလာပေသည်။ ငါးမွေးမြူရေး လုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများဖြစ်သောငါးစာထုတ်လုပ်ခြင်း၊ ရေထွက်စားသောက် ကုန်ပြုပြင် ထုတ်လုပ်ခြင်း၊ အအေးခန်း၊ စည်သွပ်ခြင်းနှင့် ထုတ်ပိုးခြင်းကဲ့သို့ တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အအေးခန်းပါရှိသည့် ကားများဖြင့် သယ်ယူပို့ဆောင်ခြင်းစသော ဝန်ဆောင်မှု လုပ်ငန်းများ တိုးပွားလာခဲ့ပြီး ငါးစာ၊ တိရိစ္ဆာန်အစာထုတ်လုပ်သော လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ဖိတ်ခေါ်လျက်ရှိနေပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း လုပ်ကိုင်ရန်အတွက်လည်း ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးမှု ဆိုင်ရာအခွင့်အလမ်းကြောက်များစွာ ပေါ်ပေါက်လာပေပြီဖြစ်ပါသည်။

### (၂) ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ

ရခိုင်ပြည်နယ်၏ သဘာဝသယံဇာတများ ပေါ်ကြွယ်ဝခြင်း၊သမိုင်းဝင်အမွေအနှစ်များနှင့်ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များပေါ်များခြင်း၊ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစု၊ မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုများသည် ပြည်တွင်းပြည်ပခရီးသွားများ ဆွဲဆောင်မှု ပိုမိုများပြားလာစေခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့်

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ၊ မြောက်ဦးမြို့နယ်နှင့် သံတွဲခရိုင်၊ ငပလီမြို့နယ်ရှိ ငပလီကမ်းခြေများ၊ ကျောက်ဖြူမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ ကျောက်တော်မြို့နယ်ရှိတန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော မြတ်စွာဘုရားရှင်၏ ရင်ငွေ့တော်ဖြင့် ဘုရားရှင်ကိုယ်စားတည်ထားကိုးကွယ်ကြသော မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်၊ မာန်အောင်မြို့နယ်ရှိ လှပသော အပန်းဖြေစခန်းများကြောင့် အများအားဖြင့် တိုးပွားလာနေသည်ကို တွေ့ရှိရသည်။ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ကျောက်ဖြူမြို့နယ်တွင်ရှိသော ကမ်းလွန်ဒေသများတွင် အပန်းဖြေစခန်းများ၊ ဟိုတယ်နှင့် မိုတယ် စသောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အာရှတိုက်တွင် အလှပဆုံးသော ကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေတွင်ရှိသော အဆင့်မြင့် ဟိုတယ်များ၊ နွေရာသီ အပန်းဖြေစခန်းများ၊ နိုင်ငံတကာ အဆင့်မြင့် ဟိုတယ်လုပ်ငန်းများ၊ မြောက်ဦးမြို့နယ်ရှိ ရှေးဘုရင်မင်းမြတ်များ နန်းစံခဲ့သည့်ရှေးဟောင်း နန်းတော်ရာများ၊ ရှေးကျသော ဘုရားပုထိုးစေတီများ၊ မာန်အောင်မြို့နယ်ရှိ အပန်းဖြေစခန်းနှင့် ဟိုတယ်လုပ်ငန်းများ လည်းရှိပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်မှုလုပ်ကိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများအား စိတ်ဝင်စားမှု များပြားလာစေခဲ့ပါသည်။

### (၃)စိုက်ပျိုးရေးကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍသည် ရခိုင်ပြည်နယ်၏ အဓိက ပင်မကျောရိုး စီးပွားရေးအခန်းကဏ္ဍ တစ်ခုဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏အဓိကစိုက်ပျိုးရေးထုတ်ကုန်များမှာ ဆန်စပါး၊ ဆီထွက် သီးနှံများ၊ မြေပဲအမျိုးမျိုးနှင့် ရာသီဆိုင်ရာ အသီးအနှံများဖြစ်ပြီး ဆန်စပါးကိုအများအားဖြင့် မိုးရာသီတွင် စိုက်ပျိုးလေ့ရှိပါသည်။



စိုက်ပျိုးရေးကဏ္ဍသည် ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသများ၏ မရှိမဖြစ် လိုအပ်သော အစာအရင်းအမြစ် တစ်ခုဖြစ်၍ ကျေးလက်နေပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်းရရှိစေမှု၏ အဓိကအကြောင်းအရင်း တစ်ခုလည်းဖြစ်သည်။ ရခိုင်ပြည်နည်တွင် မိုးရာသီတွင် မိုးစပါးများသာအများဆုံးစိုက်ပျိုးရပါသည်။ အကယ်၍ ဆည်၊ မြောင်း၊ တာတမံများ အများအပြား ဖော်ဆောင်နိုင်ပါက နွေစပါးများကိုလည်း စိုက်ပျိုးလာနိုင်မှာဖြစ်ပြီး ကျေးလက်နေတောင်သူလယ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုများကိုလည်း တိုးပွားလာစေမှာပင်ဖြစ်သည့် အပြင် ဆန်စပါး ထုတ်လုပ်မှုများ တိုးပွားလာပြီး ပြည်ပသို့တင်ပို့မှုများလည်း များပြားလာမည်ဖြစ်ပါသည်။ ထို့အပြင် ဤကဲ့သို့ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်ရရှိမှုများသည် မိမိတို့ ပြည်နယ်တွင်သာမက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုများလည်း ပြန်လည်ကောင်းမွန်လာမည် ဖြစ်ပါသည်။ ယခုနောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကိုတွင်ကျယ်စွာ အသုံးပြုလာခြင်း၊ ကျေးလက်နေပြည်သူများအား စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများပြုလုပ်လာခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများ အသုံးပြုလာခြင်း၊ စသည်များကြောင့် စိုက်ပျိုးရေးအခန်းကဏ္ဍသည် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက်များစွာ အထောက်အကူပြုစေပါသည်။

### (၄) စွမ်းအင်ကဏ္ဍ

ရခိုင်ပြည်နယ်သည် ရှည်လျားသော ကမ်းလွန်ဒေသများရှိသည့်အတွက် ရေနံနှင့် သဘာဝဓါတ်ငွေ့များ ပေါများကြွယ်ဝသောကြောင့် အဆိုပါရေနံနှင့်သဘာဝ ဓါတ်ငွေ့များအား ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်ဖော်ခြင်း စသောလုပ်ငန်းများလည်း တိုးများလာခဲ့ပါသည်။ အထူးသဖြင့် ကျောက်ဖြူမြို့နယ်တွင် ၁၅၀ မဂ္ဂါဝပ် LNG စွမ်းအင်သုံးဓါတ်အားပေး စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓါတ်အားထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း၊ ၁၃၅ MW သဘာဝဓါတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓါတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းစသော လုပ်ငန်းများဖြစ်သည်။ ယခုနောက်ပိုင်းတွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်တွင်ရှိသော ကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်လုပ်

တူးဖော်မှု လုပ်ငန်းများသည်လည်း ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေခဲ့ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုသူများလည်း အထူးစိတ်ဝင်စားလာကြကာ နိုင်ငံတော်အတွက်လည်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာမည်ဖြစ်ပေသည်။




နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ်သည် ပထဝီဝင် အနေအထားအရ အိန္ဒိယ၊ တရုတ်နိုင်ငံ တို့နှင့်နီးကပ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် သမုဒ္ဒရာနှင့်မျက်နှာချင်းဆိုင် အနေအထားတွင်ရှိခြင်း၊ ရန်ကုန်-စစ်တွေ ကားလမ်းမ အဆင့်မြင့်စွာပြုပြင်ထားရှိခြင်း၊ မြောက်ဦး၊ ကျောက်တော် ခရီးသွားဝန်ဆောင်မှုများ တိုးလာခြင်း၊ သံတွဲ၊ ကျောက်ဖြူ၊ မာန်အောင်ရေနက်ဆိပ်ကမ်းများနှင့် ခရီးသွားဝန်ဆောင်မှု များတိုးလာခြင်း၊ နိုင်ငံတကာ သင်္ဘောကြီးများဆိပ်ကပ် နိုင်ရန် အိန္ဒိယရေနက်ဆိပ်ကမ်း ရှိလာခြင်း၊ ပြည်တွင်း ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပြည်နယ် အတွင်း အုပ်ချုပ်မှု စနစ်ကလည်း ပိုမိုကောင်းမွန်လာခြင်းများ ကြောင့် ရခိုင်ပြည်နယ်သည် ယခင်ကထက် ပိုမို၍ ရင်းနှီး မြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့် အလမ်းများသည် ကိုဗစ် ၁၉ အလွန်တွင်ပြန်လည်၍ ဦးမော့လာကာ ပိုမို တိုးတက် များပြားလာနေပါသည်။

ကောင်းမြတ်သူ

## ရင်းနှီးမြှုပ်နှံမှုကို အခြေခံသည့် လူမှုစီးပွားဘဝမြှင့်တင်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် လူမှုစီးပွားဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အရေးအကြီးဆုံးမှာလည်း ၄င်းအချက်နှစ်ချက်ပင် ဖြစ်ပါသည်။ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဟူသည်မှာ နိုင်ငံအတွင်း နိုင်ငံသားတို့၏ နိစ္စဓူဝ ဆောင်ရွက်နေရသော လူမှုရေးဆိုင်ရာ အပြုအမူများနှင့် စီးပွားရေးအလုပ်အကိုင်တို့အကြား ဆက်နွယ်ချက် တခုအဖြစ် မှတ်ယူနိုင်ပါသည်။

သဘာဝအားဖြင့် လူတိုင်းတွင် လိုအင်ဆန္ဒများ အကန့်အသတ်မရှိများပြားလှသည်။ ဘောဂဗေဒဘာသာရပ် တွင်လည်း လူသားတို့၏ လိုအင်ဆန္ဒအကန့်အသတ်မရှိခြင်းကို မငြင်းပယ်နိုင်သည့် အမှန်တရားအဖြစ် လက်ခံထားပေသည်။ လူသားတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းနှင့် စီမံခန့်ခွဲလုပ်ဆောင်ခြင်းစသော ကိစ္စရပ်များကို ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေးစနစ်များ ဖြစ်ပေါ်လာကြသည်။

နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အဓိက လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်သည့်အတွက် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ (၃၀) ရာခိုင်နှုန်းမှာ အဆိုပါကဏ္ဍများမှရရှိပေသည်။ “မိမိတို့နိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ အခြားနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များ ရှိခြင်းကြောင့်သာ လူနေမှုစနစ်များ နိမ့်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားများ ပြောင်းလဲ တိုးတက်လာမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင်လ (၂၂) ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အစည်းအဝေး (၆/၂၀၂၂)တွင် ပြောကြားခဲ့သည်။

အခြေခံအားဖြင့် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးပြီး ကျေးလက်နှင့် မြို့ပြများ တစ်ပြေးညီ တိုးတက်အောင် လုပ်ဆောင်နိုင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရလာမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြင်မှုပန်းတိုင်ကို ရောက်ရန် အဓိက ပြင်ဆင်ကြရမည်မှာ ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီး၏ ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ပို့ချချက်အရ "ရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ အချိန်ကာလ တစ်ခုတွင်ရရှိမည့် အကျိုး/အမြတ်ကို ရည်မှန်းလျက် စီးပွားရေးလုပ်ငန်းတစ်ခု ပြုလုပ်ရန် စုဆောင်းထားသော အရင်းအနှီး သုံးစွဲခြင်းကို ခေါ်ဆိုသည်" ဟု မှတ်သားခဲ့ရပါသည်။ ရင်းနှီးမြှုပ်နှံမှုပုံစံများတွင်လည်း အစိုးရက ရင်းနှီးမြှုပ်နှံခြင်း၊ စီးပွားရေးလုပ်ငန်းများက ရင်းနှီးမြှုပ်နှံခြင်း နှင့် စားသုံးသူများက ရင်းနှီးမြှုပ်နှံခြင်း ဟူ၍ (၃) မျိုး ရှိရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုသည် အခြေခံကျ၍ အလွန်အရေးပါသည်။ နိုင်ငံတော်အနေဖြင့် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကိုရေးဆွဲပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊လမ်းတံတား ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ၊ လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍ စသည်ဖြင့် ဦးစားပေးကဏ္ဍ အသီးသီးတို့တွင် အသုံးစရိတ်များ ခွဲဝေလျာထား ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။

စက်တင်ဘာ (၂၃) ရက်နေ့တွင် ကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၂) တွင် "ရင်းနှီးမြှုပ်နှံမှု ကြီးမားသည့် လုပ်ငန်းများနှင့်လတ်တလော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန်အတွက် အင်အားနည်းနေသေးသည့် လုပ်ငန်းများကို မဆုံးရှုံးစေရန်အတွက် အစိုးရအနေဖြင့် ပါဝင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ပါသည်။ မည်သည့်နိုင်ငံတွင်မဆို အစိုးရမှ လူမှုစီးပွားဘဝ မြင့်မားစေရေး နှင့် ပတ်သက်၍ လိုအပ်သော အခန်းကဏ္ဍများတွင် ပါဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရစမြဲဖြစ်ပါသည်။

ထို့အပြင် နိုင်ငံအနေဖြင့် ခေတ်မီစီးပွားရေးဆိုင်ရာ ဥပဒေမူဘောင်များနှင့်အတူ ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာစေရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို တစ်စိတ်တစ်ပိုင်းအားဖြည့်ပြီး ပုဂ္ဂလိက ဦးဆောင်သော စီးပွားရေးလုပ်ငန်းများကရင်းနှီးမြှုပ်နှံခြင်း နှင့်စားသုံးသူများက ရင်းနှီးမြှုပ်နှံခြင်းတို့ကိုလည်း အားပေး ဆောင်ရွက်လျက်ရှိပါသည်။




မည်သည့် ရင်းနှီးမြှုပ်နှံမှု ဖော်ဆောင်သည်ဖြစ်ပါစေ နိုင်ငံ၏စီးပွားရေး အကျိုးအမြတ်အား ရေတိုရေရှည် ကြည့်ရန် လိုပါသည်။ ရေတိုစီးပွားရေးအကျိုးအမြတ်ကို ရှေ့ရှုရန် လိုအပ်မည်ဖြစ်ပြီး ရေရှည်တွင်လည်း နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများကို ချိတ်ဆက်မြှင့်တင်နိုင်ရန် လိုအပ်ပါသည်။ နိုင်ငံ၏ အခြေခံအရင်းအမြစ်များကိုထုတ်ဖော်၍ ရေရှည်တည်တံ့ခိုင်မြဲသော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသော နိုင်ငံ၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်ကြမည်ဖြစ်ပါသည်။

ဦးမျိုး (ရန်ကုန်)

## “တိုင်းရင်းသားပြည်သူဘဝတိုးတက်ဖို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်စို့”

“ကော်ဖီ” ဆိုသည့် စကားသံတစ်ခုကို ကြားလိုက်ရသည်နှင့် တပြိုင်နက် လူတိုင်းနီးပါး၏ မနက်ခင်း နိုးထစတစ်နေ့တာအစပြုခြင်းဖြစ်စဉ်ကို မြင်ယောင်ပါလိမ့်မည်။ ကော်ဖီဆိုတာ လူတိုင်း ကြိုက်နှစ်သက်စွာ၊ စွဲလမ်းစွာ သောက်ကြတဲ့ သောက်စရာတစ်ခုဖြစ်ပါတယ်။ ကော်ဖီတွင် အဓိကပါဝင်သော ကဖိန်းဓာတ်သည် လူကို ထိုင်းမှိုင်းစေခြင်းမှ အားအင်ပြည့်ကာ ပြန်လည်လန်းဆန်းစေသည့်အတွက် နေ့ခင်းဘက်တွင် သုံးသောက်ခြင်းဖြင့် စိတ်ဖိစီးမှုလျော့ကျစေခြင်းအပြင် လူမှုရေးနှင့် လုပ်ငန်းဆောင်တာကိစ္စရပ်များအတွက် စကားစမြည်ပြောဆိုရာတွင် ကြည်နူးဖော်ရွေစေပါသည်။ ထို့ကြောင့် နေ့စဉ်ဘဝတွင် အဆိုပါလန်းဆန်းတက်ကြွစေသော ကော်ဖီသည် အဓိကဇာတ်ဆောင် တစ်ဦးအဖြစ် ပါဝင်လျက်ရှိရာ နှစ်စဉ်နှစ်တိုင်းကမ္ဘာတစ်ဝှမ်းတွင် သောက်သုံးသည့် ကော်ဖီခွက်ပေါင်း ၄၀၀ ဘီလီယံမကရှိသည်ဟု စစ်တမ်းများအရ သိရပါသည်။

ကမ္ဘာ့ကော်ဖီတင်ပို့မှုသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာစံသတ်မှတ်အလေးချိန် (60-kilo bags) ရှိသည့် ကော်ဖီအိတ်ပေါင်း ၁၀.၈၈ သန်းရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူတွင် ၁၁.၈၉ သန်းထက်လျော့ကျခဲ့သော်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ရေစီးကြောင်းသည် ပျောက်ကွယ်သွားနိုင်မည်မဟုတ်ချေ။ ကမ္ဘာပေါ်တွင် ကော်ဖီအများဆုံး ထုတ်လုပ်သည့် နိုင်ငံများမှာ ဘရာဇီး၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ အီသီယိုးပီးယား၊ ဟွန်ဒူရပ်စ်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ မက်ဆီကိုနှင့် ပီရူးတို့ ဖြစ်ပါသည်။ ထိုနိုင်ငံများအနက် အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သော ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်ပါသည်။ ကော်ဖီအများဆုံးသောက်သုံးသည့် နိုင်ငံများမှာ အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်၊ အီတလီ၊ ရုရှား၊ယူနိုက်တက်ကင်းဒမ်း၊ စပိန်၊ ပိုလန်နှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ပါသည်။ စာရှု့သူပရိတ်သတ်များကို ကော်ဖီအား ရှာဖွေတွေ့ရှိခဲ့သည့် သမိုင်းကြောင်း၊ ကော်ဖီမျိုးစိတ်များအကြောင်း၊စိုက်ပျိုးခြင်းနှင့် မြန်မာ့ကော်ဖီ အကြောင်းကို ဤဆောင်းပါးဖြင့် တင်ပြလိုပါသည်။

### ကော်ဖီ၏သမိုင်းကြောင်း (မူလပထမပေါ်ပေါက်ပုံ)

ကော်ဖီတစ်ခွက်၏ သမိုင်းကြောင်းသည် မည်သို့မည်ပုံတွေ့ရှိသည်ဟု အတိအကျမသိရသော်လည်း ကော်ဖီနှင့်ပတ်သက်သော ရာဇဝင်များထဲမှ ထင်ရှားသည့် ပုံပြင်တစ်ပုဒ်ဖြစ်သည့် ဆိတ်ကျောင်းသား ကယ်ဒီနှင့် သူ၏ဆိတ်များဆိုသည့် ပုံပြင်တစ်ပုဒ်သည် သမိုင်းတွင်ရှိခဲ့ပါသည်။ တစ်နေ့တွင် ကယ်ဒီသည် တောစပ်တစ်နေရာတွင် သူ၏ ဆိတ်များပျော်ရွှင်စွာ ကခုန်နေသည်ကို မြင်တွေ့ခဲ့ရာ သိလိုစိတ်ဖြင့် စူးစမ်းခဲ့ပါသည်။ ကခုန်လှုပ်ရှားနေသောဆိတ်အုပ်နှင့် မလှမ်းမကမ်းတွင် ဘယ်ရီသီးရိုင်းများ သီးနေသောချုံပုတ်များကိုတွေ့ရှိရပြီးသူ၏ဆိတ်များသည် ကြွေကျနေသော ထိုအသီးများကို စားပြီးသည်နှင့် တပြိုင်နက် လန်းဆန်းတက်ကြွစွာ ကခုန်နေကြောင်းတွေ့ရှိခဲ့ရပါသည်။ ကယ်ဒီလည်း ကောက်ယူ၍ စားကြည့်ရာသူလည်း ရွှင်လန်းတက်ကြွသွားကြောင်း သိရှိခဲ့ပါသည်။ ထိုအပင်မှာ ဘယ်ရီမျိုးနွယ်ဝင် ကော်ဖီပင်ဖြစ်နေခဲ့ပါသည်။

အခြားထင်ရှားသော သမိုင်းတစ်ခုကို ပြောပြရလျှင် အာရပ်များ၏ ကော်ဖီတီထွင်ခြင်းပင် ဖြစ်ပါသည်။ ၁၀ ရာစုလောက်တွင် အာရပ်မျိုးနွယ်စုများသည် ကော်ဖီစေ့များကို အမှုန့်ကြိတ်၍ တိရိစ္ဆာန်အဆီများနှင့် ရောစပ်ကာ အလုံးကလေးများလုံးပြီး သစ်ရွက်များနှင့် ထုတ်ပိုးကာ ရာသီဥတုမရွေး ခရီးသွားလာရာတစ်လျှောက် ပင်ပန်းနွမ်းနယ်မှုပြေပျောက်စေသော စားစရာအဖြစ် သုံးစွဲခဲ့ကြပါသည်။ ဘယ်ရီရိုင်းများရှာဖွေတွေ့ရှိရာ အီသီယိုးပီးယားရှိ “ကပ်ဖာ” ဒေသကိုအစွဲပြုပြီး ကော်ဖီဟု ယူဆခဲ့ပုံပေါ်သကဲ့သို့ အာရပ်ဘာသာစကားတွင် “ဝိုင်” ဟုအဓိပ္ပာယ်ရသော“ကွာဖာ”ဆိုသည့် ဝေါဟာရမှ ဆင်းသက်လာခြင်းက ပိုမိုဖြစ်နိုင်သေးသည်ဟု ဆိုပါသည်။ ထို့အပြင် ဥရောပကို စတင်ရောက်ရှိသည့်အချိန်မှစပြီး “အာရေဗီကားဝိုင်” ဟုလူသိများခဲ့ပါသည်။ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ကော်ဖီအားရှာဖွေတွေ့ရှိခြင်းနှင့် ပတ်သက်ပြီး အဆိုပါပုံပြင်ကဲ့သို့ အလားတူ ရာဇဝင်များစွာ ရှိခဲ့သော်လည်း အာရေဗီကားကော်ဖီမျိုးစိတ်သည် အီသီယိုးပီးယားမျိုးရင်းဖြစ်ကာ အေဒီ ၈၅၀ ခန့်က တွေ့ရှိခဲ့သည်ဟုဆိုပါသည်။

အခြားမျိုးစိတ်ဖြစ်သော ရိုဘာစတာ ကော်ဖီကမူ ၎င်းထက် ပိုမိုရှေးကျပါသည်။ ၁၈၇၀ ပြည့်နှစ် ဝန်းကျင်တွင်

ကွန်ဂိုနိုင်ငံ မြစ်ဝှမ်းဒေသများတွင် စိုက်ပျိုးခဲ့ပြီးအဆိုပါ မျိုးစိတ်များ၏ရှေးမူလသမိုင်းကြောင်းများသည် အာဖရိက အမြဲစိမ်းသစ်တောများတွင် ပေါက်ရောက် ရှင်သန်သည့် မျိုးစိတ်များဖြစ် ခဲ့ပါသည်။ ကမ္ဘာ့ပထမဆုံး ကော်ဖီဆိုင်အား တူကီယေးနိုင်ငံ (ယခင်အခေါ်တူရကီ) အစ္စတန် ဘူလ်မြို့တွင် ခရစ်နှစ် ၁၄၇၁ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပါသည်။ ဆော်ဒီနိုင်ငံ မက္ကာမြို့တော်တွင် ဖွင့်လှစ်ခဲ့သော ပထမဆုံးသော ကော်ဖီဆိုင်များအား "ခတ်ဗတ်ကိန်" ဟုခေါ်တွင်ပြီး အာရပ်နိုင်ငံများ၌ တောက်လျှောက် ဖွင့်လှစ်ခဲ့ပါသည်။ ထိုကဖေးများတွင် သီချင်းအဆိုအက အတီးအမှုတ်တို့ ပါဝင်ကာ အပန်းဖြေ နားနေနိုင်ပြီး မူစလင်လူမျိုး များအတွက် ပျော်စရာသုခဘုံ ဖြစ်လာခဲ့ပါသည်။

### ပိတ်ပင်မှုများ

အစ္စလာမ်ဘာသာတွင် ဘာသာရေးအရ ဝတ်ပြုခြင်း မှအပ အခြားအပျော်အပါးကိစ္စများ အတွက် စုဝေးခွင့်မရှိသည့် အတွက် ကော်ဖီဆိုင်များကို ပိတ်ပင်ခဲ့ပြီး ၁၅၂၄ ခုနှစ်ကျမှသာ အဆိုပါ ပိတ်ပင်မှုအား ဖြေလျှော့ခဲ့ကြောင်း လေ့လာရပါသည်။ သမိုင်းကြောင်းတစ်လျှောက် ကော်ဖီဆိုင်များသည် ပိတ်ပင်မှုမျိုးစုံကို ကြုံတွေ့ခဲ့ရပါသည်။

နိုင်ငံရေးအရ ကော်ဖီဆိုင်များအား ပိတ်ပင်သော ဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ ၁၇ ရာစု တူရကီ အော်တိုမန်အင်ပါယာ ကာလအတွင်း ကော်ဖီဆိုင်များအား တော်လှန်ပုန်ကန်ရန် သွေးထိုးစကားများ ပြောဆိုရန် အခွင့်အလမ်းများသော နေရာများအဖြစ် သတ်မှတ်ကာ ပိတ်ပင်ခဲ့ပါသည်။

### ကော်ဖီမျိုးစိတ်များ ကွဲပြားပုံနှင့် စိုက်ပျိုးခြင်း

#### (အာရေဗီကား(ကုန်းမြင့်) ကော်ဖီမျိုးစိတ်များ ကွဲပြားပုံ)

နိုင်ငံတကာကော်ဖီ အဖွဲ့အစည်း၏ စစ်တမ်းအရ ကော်ဖီထုတ်လုပ်ခြင်း၏ ၆၀ ရာခိုင်နှုန်း (၂၀၁၄/၂၀၁၅ ခုနှစ်တွင် ၆၀ ကီလိုဝင်ကော်ဖီအိတ်ပေါင်း ၈၄.၃ မီလီယံ ကျော်) သည် အာရေဗီကား ကော်ဖီထုတ်လုပ်ခြင်းမှ ရရှိသည်ဟု သိရပါသည်။ အဓိကအကျဆုံးမျိုးစိတ်နှစ်ခု ဖြစ်သောယီမင်နိုင်ငံမှရရှိသည့် "တစ်ပီကာနှင့်ဘွော်ဘွန်း" နှင့် ၎င်း၏မျိုးကွဲများဖြစ်သော ကာတူရာ ကော်ဖီတို့သည် အရည်အသွေး ပြည့်မီကာ အခြေခံသတ်မှတ်စံနှုန်းနှင့် ကိုက်ညီသည့်အတွက် ထုတ်လုပ်မှု အများဆုံး ဖြစ်ပါသည်။ အခြားသော အာရေဗီကားမျိုးစိတ်များဖြစ်သည့် မိုကာ၊ ဘလူးမောင့်တိန်နှင့် လောရီနာ တို့အားထုတ်လုပ်ရာတွင် ပိုမိုကောင်းမွန်သည့် ကော်ဖီအဖြစ် ဈေးကွက်တွင် နာမည်ကောင်းရပြီး အီသီယိုပီးယားနှင့် ဆူဒန်ဒေသများမှ သဘာဝအတိုင်းပေါက်ဖွားသည့် မျိုးစိတ်ဖြစ်သည့် **ဂေးရှား** နှင့် ရှမ်းဆူဒန်တို့သည် အထွက်နှုန်းနည်းပြီး မျိုးကောင်းသောကြောင့် လူချမ်းသာများအား ပစ်မှတ်ထားသည့် ဈေးကွက်အတွက်သာ အသုံးပြုပါသည်။

၁၉၈၀ အစောပိုင်းကာလများတွင် ဟာမီလီယား ဗက်စတရစ်မှိုကြောင့်ဖြစ်သော ကော်ဖီရွက် နာကျမှိုစွဲ ရောဂါအား ကာကွယ်ရန် မျိုးရိုးဗီဇပညာရှင်များသည် ခုခံအားကောင်းသော ကော်ဖီဗီဇအား အပူတပြင်း ရှာဖွေခဲ့ကြသည်။ အာရေဗီကားနှင့် ရိုဘာစတာဘယ်ရီတို့အား မျိုးစပ်ကာ အဆိုပါရောဂါအား ခုခံနိုင်ရန် ပြင်ဆင်ခဲ့ပါသည်။ ထိုမျိုးစိတ်အား တီမောမျိုးစိတ်ပေါင်းဟု ခေါ်ပါသည်။ ထိုကဲ့သို့ မျိုးစိတ်များပေါင်းစပ်ကာ တီထွင်မှုများကြောင့် အထွက်နှုန်းကောင်းပြီး ခုခံအားကောင်းသော လူလုပ်မျိုးစိတ်များ မြောက်မြားစွာ ပေါ်ထွက်လာခဲ့ပါသည်။ ကော်ဖီမျိုးစိတ်သစ်များ ပေါ်ထွက်ခဲ့သော်လည်း မူလကော်ဖီ၏ အရည်အသွေးအား ထိခိုက်စေသည်ဆိုသော ဝေဖန်ချက်များပေါ်ပေါက်ခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ ကော်ဖီ ထုတ်လုပ်ခြင်းတွင် အရည်အသွေးကို မထိခိုက်အောင် ဦးစားပေးထုတ်လုပ်ခြင်းက အဓိကကျသည်ဆိုသော်လည်း မျိုးစပ်ခြင်းဖြင့် ရရှိလာသော အာရေဗီကား ကော်ဖီများက ရိုးရင်းစွဲထက်ပင် ကောင်းမွန်သော အရည်အသွေးကို ပေးစွမ်းနိုင်ခဲ့သည်ဟု သုတေသနစာတမ်းအရ သိရပါသည်။ ဥပမာပြရလျှင် ကိုလံဘီယာမှ ကယ်စတီလို မျိုးကွဲနှင့် ကင်ညာမှ ရူအီရူ ၁၁ တို့ ဖြစ်ပါသည်။ ထင်ရှားသည့်အချက်ကို ပြရလျှင် ရူအီရူ ၁၁ အား ကင်ညာနိုင်ငံ ရူအီရူမြို့ရှိ ကော်ဖီ သုတေသနဌာနတွင် ဖော်ထုတ်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် လယ်သမားများအား စိုက်ပျိုးစေခဲ့ရာ အရွက်မှိုစွဲရောဂါ အပါအဝင် သီးပင်ရောဂါများစွာကို ခုခံနိုင်ပြီး စိုက်ပျိုးနှုန်းများစွာ ဖြစ်ထွန်းသည်ဟု သိရပါသည်။

#### ရိုဘာစတာ(မြေနိမ့်)ကော်ဖီမျိုးစိတ်များ ကွဲပြားပုံ

ကွန်ဂိုနိုင်ငံမှတဆင့် ဂျာဗားသို့ ၁၉၀၁ ခုနှစ်တွင် ရိုဘာစတာ ကော်ဖီရောက်ရှိလာခဲ့ပါသည်။ ၎င်းတို့၏ ခံနိုင်ရည်၊ အထွက်နှုန်းနှင့် ခုခံနိုင်စွမ်းမြင့်မားသဖြင့် အာဖရိကန်လယ်သမားများ အကြား အကြိုက်တွေ့ခဲ့ပါ

သည်။ ထိုနည်းတူစွာပင် ကန်နာဖိုရာ မျိုးရင်းဝင်များ ဖြစ်သော ဂိမ်၊ ကော်ဖီယူဂန်ဒါ အစရှိသည်တို့အား အိုင်ဗရီကို့စ်၊ ဂစ်နီး၊ တိုဂို နှင့် ယူဂန်ဒါ နိုင်ငံတို့တွင် စိုက်ပျိုးခဲ့ပါသည်။ စိုက်ပျိုးရေးအရ တတိယအရေးပါဆုံး မျိုးစိတ်ဖြစ်သည့် လိုက်ဘယ်ရီကာ အနေဖြင့် အထွက်နှုန်းကောင်း၊ အသီးကြီးကြီးသီးပြီး အရည်အသွေးကောင်းသော ကော်ဖီကို ရစေကာမူ ဟီရန်ကန်နာဖိုရာ နီးပါးမှိုစွဲရောဂါအား ခုခံနိုင်စွမ်းမရှိသဖြင့် စိုက်ပျိုးနှုန်းနည်းခဲ့ပါသည်။

ရိုဘာစတာအတွက် စိုက်ပျိုးနည်းလမ်း နှစ်သွယ်ရှိပါသည်။ ပထမတစ်မျိုးမှာ ကိုင်းဖြတ် စိုက်ပျိုးနည်းပင်ဖြစ်ပါသည်။ ၎င်းသည် မိခင်ပင်မှ အကိုင်းများအား ခုတ်ဖြတ်၍ အပင်ပေါက်များပွား ယူခြင်းဖြစ်ပြီး ဘရာဇီးနှင့် ဗီယက်နမ်တွင် စိုက်ပျိုးခဲ့ပါသည်။ ဒုတိယတစ်မျိုးမှာ မျိုးရိုးဗီဇတူပြီး ရုပ်သွင်အားဖြင့် ကွဲပြားသော မျိုးစိတ်များအား မျိုးစပ်ခြင်းဖြစ်ပြီး ပြင်သစ်နှင့် အိုင်ဗရီကို့စ်သိပ္ပံပညာရှင်များမှ အိုင်ဗရီကို့စ်တွင် စတင်စမ်းသပ် စိုက်ပျိုးခဲ့ပါသည်။ ဥပမာအားဖြင့် လိုက်ဘယ်ရီကာနှင့် ကန်နာဖိုရာ တို့အားမျိုးစပ်စိုက်ပျိုးခြင်းပင်ဖြစ်ပါသည်။

### စိုက်ပျိုးခြင်း

ကော်ဖီကောင်းကောင်းတစ်ခွက်၏အရည်အသွေးကို စိုက်ပျိုးထားသည့် ကော်ဖီဘယ်ရီအပေါ် ပတ်ဝန်းကျင်၊ ကော်ဖီ၏ မျိုးရိုးဗီဇ၊အသုံးပြုသော စိုက်ပျိုးရေး နည်းလမ်းများ၏ သက်ရောက်မှုများက ဆုံးဖြတ်ပေးလေ့ရှိပါသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် သက်ရောက်မှုများရှိသောကြောင့် ကော်ဖီထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် ကောင်းစွာ နားလည်သဘောပေါက်ရန် မဖြစ်မနေ သိရှိရမည့် အချက်များပင်ဖြစ်ပါသည်။

### စိုက်ခင်းမြေနေရာရွေးချယ်ခြင်း

အထက်ပါအချက်များကဲ့သို့ ကော်ဖီအမျိုးအစားနှင့် ပတ်ဝန်းကျင်၊ မြေဆီလွှာ၊ရာသီဥတု အပေါ်မူတည်ပြီး နောက်ဆုံးထွက်ကုန်သည် ကွဲပြားမည်ဖြစ်ပါသည်။ အချို့ကော်ဖီမျိုးစိတ်များသည် စိတ်ကျေနပ်ဖွယ် အရည်အသွေးကို မပေးစွမ်းနိုင်သောကြောင့် စနစ်တကျ သေသေချာချာ စိုက်ပျိုးမှသာလျှင် အရည်အသွေးကောင်းသည့် ကော်ဖီကို ရရှိမည်ဖြစ်ပါသည်။ စိုက်ပျိုးမည့်မြေသည် အဓိကအားဖြင့် မြေစောင်းရာခိုင်နှုန်း ( slope ) ၁၅ % အောက်သာ ရှိရပါမည်။ မြေဆီဩဇာထက်သန်ပြီး မြေ ချဉ်ငံကိန်း(၄.၅-၆.၅) ကြား အတွင်းရှိရပါမည်။ ဆီးနှင်းခါးကျရောက်သည့်နေရာကို ရှောင်ရပါမည်။ ရာသီဥတုအခြေအနေ ပြောင်းလဲမှုကလည်း ကော်ဖီထွက်နှုန်းအား ခြိမ်းခြောက်လျက်ရှိပါသည်။ ဥပမာအားဖြင့် (Intergovernmental Panel on Climate Change – IPCC) ၏ ငါးကြိမ်မြောက် အစီရင်ခံစာအရ ကမ္ဘာ့မြေမျက်နှာပြင် အပူချိန်သည် ၁၈၈၀ ပြည့်နှစ်မှ ယခုအချိန်အထိ ၀.၅၈ ဒီဂရီဆဲ စီးယပ်ရှိပြီး ၂၁၀၀ ပြည့်နှစ်တွင် ၁ ဒီဂရီဆဲစီးယပ်မှ ၃.၇ ဒီဂရီဆဲစီးယပ်အထိ တိုးသွားမည်ဖြစ်သည်ဟု သိရပါသည်။ တစ်ကမ္ဘာလုံး၏ ၃၆ရာခိုင်နှုန်းသော အာရေဗီကား ကော်ဖီထုတ်လုပ်နှုန်းကိုရရှိသော ဘရာဇီး နိုင်ငံ၏အထွက်နှုန်းသည် ဖော်ပြပါအပူချိန်ခန့်မှန်းချက်များအရဆိုလျှင် ၃၀ ရာခိုင်နှုန်းနှင့် ၈၅ ရာခိုင်နှုန်းအကြားသို့ လျော့ကျသွားမည်ဖြစ်ပါသည်။

### မျိုးပွားခြင်းနှင့် ကော်ဖီအရည်အသွေး

ကိုင်းကူးခြင်းဖြင့် မျိုးပွားရာတွင် ဖြတ်ထုတ်ထားသော ပင်စည်၏ အပိုင်းအစနှင့် မျိုးခံပင်တို့အကြားတွင် ကိုက်ညီမှုရှိမှသာ ကိုင်းကူးခြင်း အောင်မြင်မည် ဖြစ်ပါသည်။ Bertrand et al. (2001) သုတေသနအရ ရိုဘာစတာမျိုးခံပင်များကို တောင်ပေါ်ဒေသများတွင် အာရေဗီကား ပင်ပွားမျိုးစိတ်များဖြင့် ကိုင်းကူးစိုက်ပျိုးရာ ရိုဘာစတာ၏ဗီဇအရ အပူချိန်နည်းသော ဒေသများတွင် မရှင်သန်နိုင်သောကြောင့် အပင်ကြီးထွားမှုနှင့် ကော်ဖီ၏အရည်အသွေး ကောင်းမွန်မှုကို မပေးစွမ်းနိုင်သော်လည်း အပင်များ ဖြစ်ထွန်းကြောင်း ထောက်ပြခဲ့ပါသည်။ လိုက်ဘေးရီးကားနှင့် ဒိဝတ်ဗာရီတို့အား မျိုးခံပင်အဖြစ်အသုံးပြု၍ လေ့လာရာတွင် ကော်ဖီသီးတွင် ပါဝင်သော ဓာတ်များ (ကဖိန်း၊ အသားဓာတ်၊ ကစီ ဓာတ်စသည်) တို့အား မထိခိုက်စေပဲ ကော်ဖီသီး၏ အရွယ်အစားနှင့် ရနံ့တို့အား လျော့ကျစေကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖော်ပြပါမျိုးစိတ်နှစ်မျိုးသည် အာရေဗီကားမျိုးစိတ်များနှင့် ကိုင်းကူးရာတွင် ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိရပါသည်။

### ဗီယက်နမ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းကို လေ့လာခြင်း

တစ်ပိုင်တစ်နိုင် အသေးစားနှင့် အလတ်စား ထုတ်လုပ်သူများအား ပံ့ပိုးကူညီခြင်းသည် ဆင်းရဲမွဲတေမှုအား လျှော့ချရာတွင် များစွာ အထောက်အကူပြုပါသည်။ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်နိုင်ငံသည်

ကမ္ဘာပေါ်တွင် ကော်ဖီထုတ်လုပ်သည့် ၁၀ နိုင်ငံအနက် ဘရာဇီးပြီးလျှင် ဒုတိယနေရာတွင်တည်ရှိနေပြီး ကော်ဖီထုတ်လုပ်မှုလုပ်ငန်းတွင် များစွာ ရင်းနှီးမြုပ်နှံလျက်ရှိပါသည်။ ကော်ဖီကို ၁၉၈၀ ခုနှစ်မှာပင် တန်ပေါင်း ၈၄၀၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် တန် ပေါင်း ၉၀၀၀၀၀ အထိရှိလာခဲ့ပါသည်။ကမ္ဘာ့ဈေးကွက်ကို တင်ပို့သော ဗီယက်နမ်ကော်ဖီ၏ ၉၅ ရာခိုင်နှုန်းသည် ရိုဘာစတာ (အရည်အသွေးနိမ့်) မြေနိမ့်ကော်ဖီများသာ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်ရန် ဗူဝန်မသောက်ဒေသ၏ ကော်ဖီအရည်အသွေးနှင့် အရသာအား မြှင့်တင်ခဲ့ပါသည်။ သို့သော်လည်း ကမ္ဘာ့ဈေးကွက်တွင် နာမည်ကြီး ကိုလံဘီယာကော်ဖီကဲ့သို့ ဈေးကွက်ကိုလွှမ်းမိုးနိုင်စွမ်းမရှိပေ။ အကယ်၍ ဗီယက်နမ်ကော်ဖီသည် ဈေးကွက်တွင် ကိုလံဘီယာ ကော်ဖီကဲ့သို့ နာမည်ကြီးလာပါက အမြတ်အစွန်းများစွာ ရရှိမည်ဖြစ်ပါသည်။ လက်ရှိ ၇ ရာခိုင်နှုန်းသော ပြည်ပသို့ တင်ပို့ကုန်မှာ အဆင့်ဆင့်သန့်စင်ပြီးသား ကော်ဖီဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် နိုင်ငံတကာမှ စိုက်ပျိုးထုတ်လုပ်သူများအား နိုင်ငံသားနှင့်ပူးပေါင်း ဆောင်ရွက်ရ သောဖက်စပ်လုပ်ငန်းများ (Joint Venture) အဖြစ် လုပ်ကိုင်ရန် ကမ်းလှမ်းခဲ့ပါသည်။ ထို့အပြင် အရည်အသွေး ထိန်းသိမ်းရန်နှင့် အရောင်းမြှင့်တင်ခြင်းအား ပိုမိုကောင်းမွန်လာစေရန် ရွက်နာကျရောဂါ၊ ရာသီဥတုဒဏ်နှင့် ဖျက်ပိုးကောင်များ ကျရောက်တတ်သော မြေနိမ့်ကော်ဖီအား အဆင့်မြင့်စိုက်ပျိုးရေး နည်းလမ်းကျင့်သုံးကာ စိုက်ပျိုးခဲ့ပါသည်။ ထိုသို့ပြုလုပ်ရန် အစိုးရသည် NGO များနှင့် ပူးပေါင်းကာ လယ်သမားများအား စိုက်ပျိုးရေးနည်းလမ်းများ ပို့ချခဲ့ပါသည်။ စိုက်ပျိုးမြေများပြုပြင်ရန် အစိုးရသည် Kraft Foods၊ Nestlé အစရှိသော ကုမ္ပဏီများနှင့် သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များဖြစ် သော The 4C Association **တို့** Rainforest Alliance and Fairtrade Foundation တို့နှင့် ပူးပေါင်းခဲ့ပါသည်။ ထို့သို့ အားထုတ်မှုများကြောင့် ဗီယက်နမ်ရှိ လယ်သမားများနှင့် နိုင်ငံသားတို့အတွက် ဝင်ငွေရပေါက်များ တိုးလာခဲ့ပါသည်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းသည် ဗီယက်နမ် လူဦးရေ ၂.၆ မီလျံ နီးပါးအား အသက်မွေးဝမ်းကျောင်း အလုပ်များ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ၎င်းအနက်မှ လူဦးရေ ၆၀၀၀၀၀ ၏ တစ်ဦးချင်းစီသည် လက်လုပ်လက်စားလယ်သမား သူရင်းငှားများသာဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံအစိုးရ၏ ကော်ဖီထုတ်လုပ်ခြင်းတွင် ရင်းနှီးမြုပ်နှံမှုက အချိန်တိုအတွင်း နိုင်ငံ့စီးပွားရေးကို ဦးမော့စေခဲ့ပါသည်။ Nestlé နှင့် Mondelez International ကုမ္ပဏီတစ်ခုချင်းစီသည် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်မြုပ်နှံပြီး လယ်သမားများအား နည်းလမ်းများပို့ချခဲ့ပါသည်။ အဆိုပါလုပ်ရပ်များ၏ အကျိုးကျေးဇူးအဖြစ် ၂၀၁၅ ခုနှစ်တွင် Starbucks ကော်ဖီဆိုင်လုပ်ငန်းမှ ဗီယက်နမ် မျိုးရင်းဖြစ်သော Vietnam Da Lat **ကို** နိုင်ငံပေါင်း ၅၀ကျော်တွင် စတင်မိတ်ဆက်ရောင်းချခဲ့ပါသည်။ ထို့ကြောင့် အဆိုပါအားထုတ်မှုများသည် လယ်သမားပေါင်း၂၁၀၀၀ကျော်နှင့် ဗီယက်နမ်နိုင်ငံသည် ဆင်းရဲမွဲတေမှုများကို လျှော့ချနိုင်ရုံ သာမက နိုင်ငံခြားသား တိုက်ရိုက်ရင်းနှီးမြုပ်နှံမှုများ၏ အသီးအပွင့်များကို ယခုတိုင်ခံစားနေရဆဲဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍ (မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ခင်းများပေါ်ပေါက်လာပုံ)

ဗြိတိသျှကိုလိုနီများ ကျူးကျော်စဉ် ကာလတွင် ခရစ်ယာန်သာသနာပြုအဖွဲ့များမှ ပြင်ဦးလွင် အနီးတဝိုက်တွင် စိုက်ခင်းငယ်များ စိုက်ပျိုးကာ စတင်မိတ်ဆက်ခဲ့ပါသည်။ အစောပိုင်းကာလများတွင် စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိခဲ့ဘဲ အင်္ဂလိပ်များဆုတ်ခွာသွားချိန်တွင် စိုက်ပျိုးခြင်းများငြိမ်သက်ခဲ့ပါသည်။ ထိုစဉ်က ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တို့တွင် အများစုစိုက်ပျိုးကြပြီး တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့အား မှောင်ခိုလမ်းကြောင်းမှ တဆင့်တင်ပို့ခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် စီးပွားရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးစတင်ပွင့်လင်းလာသည်နှင့်အမျှ ကော်ဖီ ကုန်သွယ်ရေးအပေါ် အာရုံစိုက်ခဲ့ကြပါသည်။ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများက ကော်ဖီစိုက်တောင်သူများနှင့် ပူးပေါင်းကာ စိုက်ပျိုးရေး နည်းလမ်းများနှင့် တင်ပို့ရောင်းချခြင်း နည်းလမ်းများကို ပို့ချခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ကုန်းမြင့်ဒေသများရှိ ပူသောနေ့များနှင့် အေးသောညများသည် ကော်ဖီစိုက်ပျိုးရန် များစွာ အထောက်အကူပြုပါသည်။

မြန်မာနိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင် အမြင့်အလိုက် ဖြစ်ထွန်းမှုအခြေအနေပေါ်မူတည်၍ ကုန်းမြင့်ကော်ဖီမျိုးနှင့် မြေနိမ့်ကော်ဖီမျိုးဟူ၍ (၂) မျိုး ခွဲထားပါ

သည်။ကုန်းမြင့်ကော်ဖီမျိုးများမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၂၇၀၀) မှ (၅၄၀၀)အတွင်း ဖြစ်ထွန်းပြီး မြေနိမ့်ကော်ဖီမျိုးများမှာ ပင်လယ် ရေမျက်နှာပြင်မှ အထက်ပေ (၂၇၀၀) အထိအတွင်း ဖြစ်ထွန်းပါသည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် အများအပြား စိုက်ပျိုးကြပါသည်။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင်လည်း အနည်းငယ်စီ စိုက်ပျိုးကြပါသည်။ မြေနိမ့်ကော်ဖီမျိုးများကို ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းများတွင် စိုက်ပျိုးဖြစ်ထွန်းပါသည်။

အမေရိကန်အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (U.S. Agency for International Development - USAID) သည် မြန်မာကျေးလက်ဒေသများ ဖွံ့ဖြိုးရေး ၅ နှစ်တာ စီမံကိန်းကို ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် စတင်ခဲ့ပါသည်။ ၎င်းအဖွဲ့အစည်းသည် နိုင်ငံတကာ ကော်ဖီ အရည်အသွေးအဖွဲ့အစည်း (Coffee Quality Institute - CQI)မှ တဆင့် ကော်ဖီကျွမ်းကျင် ပညာရှင် Mr.Hetzel အား ကော်ဖီစိုက်ပျိုးရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် နိုင်ငံတကာ ကော်ဖီအရောင်းမြှင့်တင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အကြံပေးတာဝန်ခံအဖြစ် လုပ်ဆောင်ရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ၎င်းစီမံကိန်းသည် မြန်မာနိုင်ငံအတွက် USAID မှ ၅ နှစ်တာ ငွေကြေး ထောက်ပံ့ထားသော အစီအစဉ်ဖြစ်ပြီး ရည်ရွယ်ချက်မှာ ကျေးလက်တောင်သူလယ်သမားများ၏ အထွက်နှုန်းများ အောင်မြင်စေရန်ဖြစ်ပြီး ၎င်းအစီအစဉ် အထမြောက်စေရန် Winrock International က ဆောင်ရွက်ပေးခဲ့ပါသည်။

စတင်ခဲ့သည့်အချိန်တွင်မြန်မာနိုင်ငံအနေဖြင့်သံတမန်ရေးရာကိစ္စများနှင့် အတန်ငယ် ကွာဝေးခဲ့သောကြောင့်လည်းကောင်း၊ တောင်သူလယ်သမားများ အနေဖြင့် စိုက်ပျိုးရေး အသိမရှိသောကြောင့် လည်းကောင်း အာရှမှလွဲ၍ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားနည်းပါးခဲ့သည်။ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများ၏ နည်းပညာမရှိ၍ ကုန်ချောမထုတ်လုပ်နိုင်ခြင်း၊ အစိုးရ၏ နိုင်ငံတကာ ဈေးကွက်ကို ထိုးဖောက်နိုင်ရန် မတတ်နိုင်ခြင်းတို့ကြောင့် မသန့်စင်ရသေးသော ကော်ဖီသီးများကို ကုန်ကြမ်း အဖြစ် ပြည်တွင်းနှင့် နယ်စပ်တွင်ရသည့် ဈေးဖြင့်သာ ရောင်းချခဲ့ရပါသည်။ အဆိုပါစီမံကိန်းက ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်းလှစေရန် ကော်ဖီအရည်အသွေးနှင့် ကူးသန်းရောင်းဝယ်ရေးကို အဓိကထားလုပ်ဆောင်ခဲ့ကြပါသည်။

ထိုသို့ လုပ်ဆောင်ရန် Mr.Hetzel သည် တစ်နိုင်ငံလုံးမှ ကော်ဖီနမူနာများကို စုဆောင်းရန်ကော်ဖီပြိုင်ပွဲကို ကျင်းပခဲ့ပါသည်။ စီမံကိန်းအတွက် နမူနာပေါင်း ၆၀ ကို တဆင့်ခံကိုယ်စားလှယ်များမှ စုဆောင်းကာ ကော်ဖီပါရမီရှင်များအဖွဲ့ (Specialty Coffee Association - SCA) ၏ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်ကာရလဒ်များကို အများသိရှိအောင် ကြေညာခဲ့ပါသည်။ တချိန်တည်းမှာပင် နိုင်ငံ၏ပထမဦးစားပေးအရောင်းမြှင့်တင်ရေးနည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သော အချက်အလက်များအားအဖွဲ့ဝင်များနှင့် တိုင်ပင်ကောက်ခံခဲ့ပြီး ဆက်လက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် CQI မှ စိုက်ပျိုးရေးပညာရှင်များသည် အဆင့်ဆင့်စိုက်ပျိုးသည့် နည်းလမ်းများနှင့် စက်ကိရိယာ အသုံးပြုပုံတို့ကို အဓိကထား ပညာပေးခဲ့ကြပါသည်။ တစ်ချိန်တည်းမှာပင် ဈေးကွက်အား အကဲဖြတ် သုံးသပ်ခဲ့ကြပါသည်။ ထိုကဲ့သို့ အားထုတ်မှုများကြောင့် ထိုစီမံကိန်း စတင်သည့်အချိန်မှစ၍ နှစ်နှစ်တာကာလအတွင်း စီးပွားဘက်အသစ်များဖြစ်လာမည့် နိုင်ငံတကာမှ နာမည်ကြီး ကော်ဖီဝယ်ယူသူများ (အမေရိကန်မှ (Whole Foods, Blue Bottle Coffee, La Colombe Torrefaction၊ ဂျပန်မှ(KEY COFFEE)၊ ဩစတေးလျနှင့် နယူးဇီလန်မှ (Toby’s Estate, Raw Material)၊ ကိုးရီးယား၊ ဥရောပမှ (Kaffitar, Caravan Coffee) စသည်ဖြင့်တို့နှင့် တိုက်ရိုက်ဆက်သွယ်ကာ ရောင်းချနိုင်ခဲ့ကြပါသည်။

အဆိုပါ စီမံကိန်းမှ ဖြစ်ထွန်းလာသည့် ကော်ဖီများသည် ၂၀၁၇ ခုနှစ် ရိတ်သိမ်းပြီးချိန်တွင် အမြတ်စွန်းမြောက်မြားစွာဖြင့် ရောင်းချနိုင်ကာ တောင်သူများ အကျိုးဖြစ်ထွန်းခဲ့ပါသည်။ ထိုစဉ်က မသန့်စင်ရသော ကော်ဖီအကြမ်း တစ်ကီလိုနှုန်းလျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ရရှိပြီး ပြည်ပသို့ ကုန်စည်တင်ပို့နှုန်း (Free On Board-F.O.B) တစ်ကီလိုလျှင် ၁၀ ဒေါ်လာနှုန်း အထိရှိခဲ့ပါသည်။ အထက်ဖော်ပြပါ စီမံကိန်းအတွက် Mr. Hetze စာချုပ်သက်တမ်းမှာ ၂၀၁၇ကုန်နှစ်အထိ ဖြစ်သော်လည်း အဆိုပါ စီမံကိန်း၏ အသီးအပွင့်များကြောင့် နိုင်ငံတကာ ဈေးကွက်တွင် မျက်နှာပွင့် ရုံသာမက ပြည်တွင်းကျေးလက်မှ ကော်ဖီစိုက်သူများပါ ယနေ့တိုင် ခံစားနေရဆဲဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ကိုဗစ် ၁၉ ရောဂါ မဖြစ်ပွားခင် ကာလအတွင်း မြန်မာ့နိုင်ငံ၏ ကော်ဖီ ထုတ်လုပ် သည့်ကဏ္ဍရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် စိတ်အားထက်သန်စွာဖြင့် ကော်ဖီထုတ်လုပ်ခြင်းတွင် ပါဝင်လှုပ်ရှားကာ မြန်မာ့ကော်ဖီအသင်းကြီးမှ နှစ်စဉ်ရန်ကုန်တွင် ကျင်းပသော ကော်ဖီပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ကြပါသည်။ ထို့နောက် တစ်နိုင်ငံလုံးတွင် ကော်ဖီကြိတ်သော စက်ရုံ အနည်းဆုံး ၅ ရုံ အထိ ရှိလာခဲ့ပါသည်။ ထိုကာလတွင် တစ်နှစ်လျှင် ကော်ဖီထုတ်လုပ်နှုန်းမှာ တန်ပေါင်း ၇၅၀၀ နီးပါး ရှိခဲ့ပါသည်။ မန္တလေးနှင့် ရှမ်းပြည်နယ်သည် ကော်ဖီအဓိကထွက်ရှိပြီး ချင်းနှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိကြပါသည်။ မန္တလေးတွင် စိုက်ခင်းကြီးများဖြင့် သန့်စင်ပြီးသားကော်ဖီများကို ထုတ်လုပ်နိုင်သော်လည်း တောင်ပေါ် ဒေသဖြစ်သော ရှမ်းပြည်နယ်တွင် တစ်ပိုင်တစ်နိုင် စနစ်ဖြင့်သာ စိုက်ပျိုးနိုင်ပါသေးသည်။

အထက်ဖော်ပြပါ စီမံကိန်းကဲ့သို့အလားတူ အစီစဉ်တစ်ရပ်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံမှ ကော်ဖီစိုက်တောင်သူများနှင့် ပူးပေါင်းကာ မြန်မာ့ကော်ဖီအား ဥရောပအထိ တင်ပို့နိုင်စေရန်ကူညီပေးသော COFFEE CIRCLE, GIZ (Gesellschaft für internationale Zusammenarbeit), Conflict food from Berlin တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကာ ၎င်းအတွက် မည်သည့်အဖွဲ့အစည်းမှရန်ပုံငွေများ လှူဒါန်းခဲ့ခြင်း မရှိပါ။ အချိန်ကာလအားဖြင့် ၂၀၂၀-၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်၏ အရှေ့ပိုင်းတွင်ရှိပြီး မြို့ပြနှင့် အတန်ငယ်ကွာဝေးကာ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး ကန်တောင်ဒေသတွင်ကော်ဖီအဖွဲ့အစည်းတစ်ခု ဖြစ်သော Jadae Akha Coffee Groupနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဒေသနှင့် ထိစပ် နေသောဒေသများသည် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိပဲ တိုက်ပွဲများ ဆက်တိုက်ဆိုသလို ဖြစ်ပွားနေသောကြောင့် ဒေသခံလူနည်းစုအတွက် ရောင်းဝယ်ဖောက်ကားရန် ခဲယဉ်းလှပါသည်။ စင်စစ်အားဖြင့် ရှမ်းပြည်နယ်သည် ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဟင်းခတ်အမွှေးအကြိုင်များ စိုက်ပျိုးရန်အတွက် အသင့်လျော်ဆုံးဖြစ်သော်လည်း အဆိုပါအခြေအနေများကြောင့် ကောင်းစွာ တင်ပို့မရောင်းချနိုင်ပေ။ အထက်တွင် ဖော်ပြထားသကဲ့သို့ အခြေအနေများကြောင့် နယ်စပ်တွင် ရရာဈေးဖြင့်သာ ရောင်းကြရပါသည်။ ဘိန်းအစားထိုး ကော်ဖီစိုက်ပျိုးခြင်းသည် အချို့နေရာများတွင် တွင်ကျယ်စေကာမူ နယ်မြေ မတည်ငြိမ်ခြင်းကြောင့်လည်းကောင်း၊ ဒေသခံတို့၏ အသိပညာဖွံ့ဖြိုးမှုနည်းပါးကာ ငွေရလွယ်သော နည်းလမ်းများကို မက်မောသောကြောင့်လည်းကောင်း၊ ဘိန်းခင်းများက ယနေ့တိုင် ကျယ်ပြန့်နေသေးပါသည်။

ထို့ကြောင့် ကော်ဖီသည် နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှမှသာ နယ်စပ်ဒေသဖွံ့ဖြိုးမှုနှင့် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကို မြှင့်တင်နိုင်ပြီး မူးယစ်ဆေးစွဲနှုန်းကို တားဆီးနိုင်ကာ နိမ့်ကျသော လူမှုဘဝနေထိုင်မှုပုံစံကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ဖြစ်ပေါ်လာစေရန် ကော်ဖီစိုက်ပျိုးခြင်းတွင်နည်းပညာအကူအညီများစွာလိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးသော ကော်ဖီများသည် အရည်အသွေးကောင်းမွန်သော်လည်း နည်းပညာ မဖွံ့ဖြိုးသောကြောင့် ကုန်ကြမ်းအနေဖြင့်သာ တင်ပို့နိုင်ခဲ့ပါသည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့်လည်း တပ်မတော်အစိုးရ လက်ထက်ကတည်းက အကောင်အထည်ဖော်လျက်ရှိသည့် အဆိုပါ ကော်ဖီစီမံကိန်းကို အောင်မြင်စေရန်အတွက် ပြန်လည်စိစစ် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာ့ကော်ဖီဈေးကွက်တွင် အစိုးရ၏တွန်းအားပေးမှု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး ထုတ်ကုန်များစွာရှိပြီး ရာသီသီးနှံ၊ နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်း သီးနှံဟူ၍ရှိရာ ကော်ဖီသည် နှစ်ရှည်သီးနှံတွင် ပါရှိပါသည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်းသည် တိုင်းပြည်အတွက် ဒေသအတွက် အကျိုးရှိမည့်လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအတွက် အထောက်အပံ့များဖြစ်သည့် ကော်ဖီစိုက်ပျိုးမြေများတွင် စိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ သတ်မှတ်နေရာများ ပြန်လည်စိစစ်ပေးရန် လိုအပ်မှု၊ ကော်ဖီထွက်ကုန်များအပေါ် သင့်လျော်သည့် အခွန် သက်သာခွင့်ရရှိရန် လိုအပ်မှု၊ ကော်ဖီစိုက်ပျိုးခြင်း လုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မတည်ချေးငွေများ ပံ့ပိုးပေးရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ပြင်ဦးလွင်ဒေသကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကော်ဖီစိုက်ပျိုးရေးနှင့် ပတ်သက်သည့် ECO Tourism ဖြစ်မြောက်စေရေးနှင့် အခွန်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး (Good Agricultural Practices –GAP) လက်မှတ်များကို စည်းကမ်း နှင့် အညီစနစ်တကျ ထုတ်ပေးကာ အလေ့အကျင့်ကောင်းများ ရရှိလာစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ကော်ဖီထုတ်လုပ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု (မြန်မာနိုင်ငံ၏ ကော်ဖီကုန်သွယ်မှု)

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီနှင့် ပတ်သက်သော HS code 0901 အုပ်စု၏ ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ သန်းရှိပြီး ပို့ကုန်ပမာဏမှာ ၁ ဒသမ ၃၆ ကီလိုဂရမ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ HS code 0901 အုပ်စုသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ရှိပြီး သွင်းကုန်ပမာဏမှာ ၁ ဒသမ ၇၀ ကီလိုဂရမ်ဖြစ်ပါသည်။ မြန်မာမှထွက်ရှိသော ကော်ဖီကို ဗြိတိန်၊ အမေရိက၊ နယ်သာလန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ တရုတ်တိုင်ပေနှင့် ထိုင်းနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုအခြေအနေ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ (၁၃/ ၂၀၁၇) အပိုဒ် (က)တွင် လယ်ယာစိုက်ပျိုးရေးနှင့် ယင်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအဖြစ် သတ်မှတ်ထားပြီး အဖျော်ယမကာပင်များစိုက်ပျိုးခြင်း (ကော်ဖီ၊ လက်ဖက်၊ ကိုကိုးနှင့် အခြားသော အဖျော်ယမကာပင်များ စိုက်ပျိုး ခြင်း) (ISIC 0127)နှင့် ကော်ဖီ၊ လက်ဖက်ရည် နှင့် တိုင်းရင်းဆေးဘက်ဝင်အပင်များ ပြင်ဆင်ထုတ်လုပ်ခြင်း (ISIC 1079) သည် အပါအဝင်ဖြစ်ပါသည်။ သို့ရာတွင် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာ (၁၅/၂၀၁၇) အပိုဒ် (ဃ) (၁၂) တွင် မျိုးစေ့များ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ပြည်တွင်း ဖြန့်ဖြူး ရောင်းချခြင်း၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်း (ISIC 0164, 46312, 4759,47593)သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင် ရွက်ရမည့် လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇) နှင့် (၁၃/၂၀၁၇) အရ ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတည်ရှိရာ အရပ်ဒေသပေါ်မူတည်၍ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ်၊ ၅ နှစ် နှင့် ၇ နှစ် အထိ ခံစားခွင့်ရရှိနိုင်ပါသည်။ ဥပမာအားဖြင့် ကော်ဖီထွက်ရှိရာ ဒေသများဖြစ်သော ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးခရိုင်ရှိရွာငံ၊ပင်းတယ၊ ပင်လောင်း၊ ရပ်စောက်စသောမြို့များသည် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော ဒေသဇုန် (၁) အတွင်းပါရှိကာ ထိုဇုန် အတွင်း ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများသည် စီးပွားဖြစ်တင်သောနှစ် အပါအဝင် ဝင်ငွေခွန်ကင်းလွတ်ခွင့် တစ်ဆက်တည်း ၇ နှစ် အထိရရှိမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကော်ဖီစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၀.၇၅၀ သန်းဖြင့် ကိုရီးယားနိုင်ငံ တစ်နိုင်ငံတည်းကသာ လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပြီး တည်နေရာအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်တွင် ဖြစ်ပါသည်။

ဖက်စပ်ရင်းနှီးမြှုပ်နှံမှုပုံစံဖြင့် စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကော်ဖီနှင့် ဆက်စပ်လုပ်ငန်း ၃ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၃၆.၁၁၀ သန်းဖြစ်ပါသည်။ လုပ်ငန်းအမျိုးအစားများ မှာအသင့်ဖျော်ကော်ဖီ၊ လက်ဖက်ရည်၊ နို့မှုန့်နှင့် ကွေကာများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း၊အသင့်စားသုံးနိုင်သော ဆီရီယလ်မစ်၊ ကော်ဖီမစ်၊ တီးမစ်၊ ဆီရီယလ်အချောင်း ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ဖြစ်ပြီး အဆိုပါလုပ်ငန်းများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပမာဏ ၂၉၅.၆၉၀ သန်းကိုခွင့်ပြုခဲ့ပြီး လုပ်ငန်း ၆ ခု ရှိပါသည်။ အဆိုပါ

လုပ်ငန်းများသည် ရန်ကုန် နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ လုပ်ငန်းအမျိုးအစားများမှာ ကော်ဖီမစ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ 3 in 1 Coffee Mix, Tea Mix, Cereal Mix, Cocoa Mix များ ထုတ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။

## နိဂုံး

ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ အရည်အသွေးကောင်းမွန်သည့် ကော်ဖီရရှိစေရန် စနစ်ကျသည့် စိုက်ပျိုးမှုစနစ်ရှိရန်မည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက် ရရှိရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်လည်းရှိပါသည်။ မြန်မာ့ကော်ဖီဈေးကွက် ရေရှည်ရပ်တည်နိုင်ရေးသည် ဈေးကွက်ထိုးဖောက်နိုင်ရေး ကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပြီး ပြည်တွင်းစားသုံးသူများ အနေဖြင့်လည်း ပြည်တွင်းထုတ်ကုန်များကို အားပေးရန်လိုအပ်နေပါသည်။

ကော်ဖီထွက်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများလည်း တိုးတက်လာမည် ဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ပါသဖြင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး လုပ်ငန်းတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေး အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုများ ပြုလုပ်ခြင်းများကိုကြိုးပမ်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။

ကော်ဖီနှင့် ပတ်သက်၍ စိုက်ပျိုးရေးအပိုင်း၊ ထုတ်လုပ်ရေးအပိုင်း၊ ရောင်းဝယ်ရေးအပိုင်းဟူ၍ရှိပြီး စိုက်ပျိုးခြင်းတွင် ကောင်းမွန်ပြည့်စုံသော မြေဆီမြေသြဇာ၊ ကိုက်ညီသော ရာသီဥတုနှင့် ရေရရှိမှု တင်မကဘဲ ထုတ်လုပ်ရေးအပိုင်းတွင် အရည်အသွေး ပြည့်မီမှသာ ထုတ်လုပ်နိုင်မှသာလျှင် ဈေးကွက် ဝယ်လိုအားကို ထိုးဖောက်နိုင်မည်ဖြစ်သည့်အတွက် နည်းပညာ ပြည့်မီစေရေးအတွက် ကော်ဖီထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) များကို ပံ့ပိုးကူညီအားပေးရမည် ဖြစ်ပါသည်။

နိုင်ငံတကာမှ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူများနှင့် ဖက်စပ်လုပ်ကိုင်နိုင်ရန် ဗီယက်နမ်အစိုးရက ကမ်းလှမ်းခဲ့ခြင်း များကြောင့် ဗီယက်နမ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်လာကြောင်း လေ့လာခဲ့ရသဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားဒေသတွင်း နိုင်ငံများထက် ကော်ဖီ စိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံ ၁၀ နိုင်ငံတွင် အဆင့် ၂ နှင့် ၄ နေရာတွင်ရှိနေသော အာဆီယံဒေသတွင်း နိုင်ငံများဖြစ် သည့် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ကော်ဖီစိုက်ပျိုးရေး လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံသူ ရည်ရွယ်ချဉ်းကပ်ခြင်းနည်းလမ်းဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်သင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက



၄၉၀၀၀ ခန့်ရှိပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရရှိလာသည့် အကျိုးအမြတ်သည်လည်း ကွာခြားသွားမည် ဖြစ်ပါသည်။ အထွက်နှုန်းများ တိုးတက်လာမည်ဆိုပါက ကော်ဖီမှရရှိသည့် ငွေကြေးများစွာ တိုးပွားလာမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးပွားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်သည့်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းကို အားပေးကူညီရမည်ဖြစ်ပါသည်။ ကော်ဖီစိုက်ပျိုးခြင်းသည် တိုင်းရင်းသားများနေထိုင်ရာ ဒေသများဖြစ်သော တောင်ပေါ်ဒေသများတွင် ဖြစ်ထွန်းလေ့ရှိသည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍတိုးတက်လာစေရန် အစိုးရ နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုမှသာ နိုင်ငံ၏ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေရုံသာမက မြေကြီးကနေ ရွှေသီးရမည်ဆိုသော စကားကဲ့သို့ ကော်ဖီသည် နိုင်ငံ၏ဝင်ငွေအတွက် တိုးစေသော ရတနာတစ်ပါးပင်ဖြစ်နေကြောင်း တင်ပြလိုက်ရပါသည်။

အောင်မင်းခိုင်

## အရှေ့မျှော် မူဝါဒ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသနှင့် မြန်မာပြည်က ချင်းပြည်နယ်

### အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖျားဒေသ

မြန်မာနိုင်ငံ၏ အနောက်ဘက် နယ်နိမိတ်ချင်း ထိစပ်သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး နိုင်ငံ၏အရှေ့မြောက်ပိုင်းကချင်ပြည်နယ်ရှိ တောင်တန်းကြီးများက မြန်မာနိုင်ငံနှင့် အိန္ဒိယကို အင်ဒို-ဘူတန် နယ်စပ်မျဉ်းက နှစ်နိုင်ငံအကြား နယ်နိမိတ်အဖြစ် ပိုင်းခြားထားသည်။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ နီပေါနှင့် ဘူတန်နိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် အရှေ့မြောက်ဒေသရှိ မီဇိုရမ်၊ နာဂလန်းနှင့် မဏိပူရတို့နှင့်ထိစပ်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ် ထိစပ်မှုမှာ ၉၈ ရာခိုင်နှုန်းဖြစ်သည်။




အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသသည် ဟိမဝန္တာတောင်တန်းဒေသ ပြည်နယ်များဖြစ်သည့် အရုဏာချာလ်ပရာဒေ့ရှ်၊ အာသံ၊ မဏိပူရ၊ မေဃာလယ၊ မီဇိုရမ်၊ နာဂလန်း၊ ဆစ်ကင်းနှင့် ထရိပူရ စသည့် ပြည်နယ် ၈ ခု ဖြင့်ဖွဲ့စည်းထားပြီး တောင်ကုန်း၊ တောင်တန်းများဖြင့် ဝန်းရံထား၍ ဗြဟ္မပုတ္တရမြစ်သည် ဒေသ၏ မြောက်နှင့်တောင်ကို ပိုင်းခြားထားသည်။ အရုဏာချာလ် ပရာဒေ့ရှ်သည် မြောက်ပိုင်းတွင် တည်ရှိပြီး ဆစ်ကင်းသည် အနောက်မြောက်ဘက်တွင် တည်ရှိကာ တရုတ်နိုင်ငံနှင့် ဘူတန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်သည်။ ဒေသကို ရှီလောင်လွင်ပြင်၊ အရှေ့မြောက် တောင်ကုန်းမြစ်ဝှမ်းနှင့် ဗြဟ္မပုတ္တရ တောင်ကြားအဖြစ် သုံးပိုင်းပိုင်းခြားထားပြီး အနောက်ဘက်ခြမ်းသည် အိန္ဒိယတိုက်၏ အရှေ့ဘက်ခြမ်းကို ကျဉ်းမြောင်းသော ဆီလီဂူရီ သို့မဟုတ် ကြက်လည်ချောင်းသဏ္ဌာန် ကျဉ်းမြောင်းသော စင်္ကြံဖြင့်ဆက်သွယ်ထားသည်။

ဒေသ၏ အဓိကအားထားရသည့် ဗြဟ္မပုတ္တရမြစ်၏ နုံးတင်မြေနုများကြောင့် အာသံလွင်ပြင်များတွင် မြေဆီဩဇာကြွယ်ဝပြီး စိုက်ပျိုးရေးများဖြစ်ထွန်းသည်။ ထို့ပြင် အရုဏာချာလ် ပရာဒေ့ရှ်မှ အာသံပြည်နယ်တစ်လျှောက် အပူပိုင်း မုတ်သုံသစ်တောများ၊ သစ်ပင်ပန်းမန်များနှင့် တောရိုင်း တိရိစ္ဆာန်များ ပေါကြွယ်ဝသည့် ဒေသဖြစ်ပြီး ကမ္ဘာ့ဇီဝမျိုးစုံ မျိုးကွဲဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဒေသ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေး၊ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရေးနှင့် စက္ကူထုတ်လုပ်ရေးတို့ဖြစ်သည်။ အဆိုပါဒေသသည် ပြည်မနှင့် ကွာဝေးလွန်း သောကြောင့် ဖွံ့ဖြိုးမှု အနည်းဆုံးဒေသအဖြစ် နောက်ကျလျက်ရှိသည်။

### ချင်းပြည်နယ်

အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ၊ မီဇိုရမ်နှင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ပြည်နယ်မှာ ဖွံ့ဖြိုးမှု အနည်းဆုံး ချင်းပြည်နယ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅,၀၀၀ မှ ၈,၀၀၀ ထိ မြင့်မားသော တောင်တန်းများပေါများသော ပြည်နယ်ဖြစ်သည်။ ရခိုင်ရိုးမတောင်တန်းနှင့်ဆက်စပ်လျက်ရှိပြီး ချင်းတောင်တန်းသည် မြန်မာနိုင်ငံ၏ ပြည်မနှင့်ပိုင်းခြားထားသောကြောင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသကဲ့သို့ပင် ဖွံ့ဖြိုးမှု အားနည်းရသော အကြောင်းအရင်းတစ်ခုဖြစ်သည်။ ချင်းပြည်နယ်သည် မိုးများသည့် ဒေသဖြစ်ပြီး လေပြင်းများ တိုက်ခတ်ခြင်းကြောင့် တောင်ကုန်းဒေသများတွင် မြေပြိုမှုများဖြစ်ပေါ်၍ သယ်ယူ ပို့ဆောင်မှုကွန်ယက်များ ပြတ်တောက်ကာ ပြည်နယ်ရှိ လူဦးရေသည် အခက်အခဲများ ကြုံတွေ့လျက်ရှိသည်။ ထို့ကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုး တိုးတက်မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်။

### မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အနေအထား

မြန်မာနိုင်ငံသည် အာရှတိုက်တွင်သာမက အိန္ဒိယနှင့် ကုန်းတွင်းပိတ် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်သွယ်နိုင်သော ပင်လယ်ထွက်ပေါက်၊ ကုန်းတွင်းတံတား

ထိုးပေးနိုင်သော ပထဝီအနေအထားကိုပိုင်ဆိုင်ထားသည်။ အာရှတိုက်၏ အဓိကအင်အားကြီး ၃ နိုင်ငံဆုံရာဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံတို့၏ ဗဟိုဖြစ်သော အာရှတိုက်၏ မဟာဗျူဟာဟန်ချက် Strategic Centre of Gravity အဖြစ်တည်ရှိသည်။ အဆိုပါ အနေအထားသည် ကမ္ဘာ့ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအား လွှမ်းမိုးနိုင်ပြီးကမ္ဘာ့ အရှေ့နှင့် အနောက်ဘက်ခြမ်းသို့ ဆက်သွယ်သော ပင်လယ်ရေကြောင်းကို ထိန်းချုပ်နိုင်ပြီး စီးပွားရေးအရ ရေနက်ဆိပ်ကမ်းများ တည်ဆောက်နိုင်ကာ လုံခြုံရေးအရ လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာကျသော အနေအထားအား ပိုင်ဆိုင်ထားပါသည်။

## အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒ

အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အိမ်နီးချင်းဦးစားပေးနှင့် အရှေ့မျှော် မူဝါဒဖြစ်ပြီး အာရှတိုက်တောင်ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ ယဉ်ကျေးမှုနှင့် မဟာဗျူဟာမြောက် ကူးလူးဆက်နွယ်မှုကို အလေးထားဆောင်ရွက်ရန် ရည်ရွယ်သည်။



အရှေ့မျှော်မူဝါဒ၏ မူလရည်ရွယ်ချက်မှာ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ ပါဝင်သည့် BCIM အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်မှု တိုးမြှင့်၍ တောင်အာရှ၊ အရှေ့တောင်အာရှ၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသို့ တိုးချဲ့ရန် ရည်ရွယ်သည်။ ထို့ပြင် တရုတ်နိုင်ငံနှင့် အမေရိကန်တို့၏ အင်အား ယှဉ်ပြိုင်မှုတွင် ပါဝါထိန်းညှိရန်၊ ခေတ်သစ်စစ်အေးတိုက်ပွဲ သို့မဟုတ် စစ်မက်ဖြစ်ပွားမှုများကို တားဆီးရန်နှင့် မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမှ လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ပိုမိုနီးကပ်မှုရရှိရန် ရည်ရွယ်သည့် မူဝါဒဖြစ်သည်။

အရှေ့မျှော်မူဝါဒ အကောင်အထည် ဖော်ရန်အတွက် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ဒေသနှင့် ချင်းပြည်နယ်သည် အရေးပါသည့် အချက်အချာဒေသဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရန် နှစ်နိုင်ငံအလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။

## အရှေ့မြောက်ဒေသနှင့် ရခိုင်၊ ချင်းပြည်နယ်တို့အကြား ဘုံအကျိုးခံစားခွင့်

အဆိုပါဒေသ ဖွံ့ဖြိုးတိုးတက်စေရန်ကုန်တွင်းဆက်သွယ်ရေး လမ်းကြောင်းသည် အဓိကကျသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ကုန်းတွင်းပိတ် အရှေ့မြောက်ဒေသမှတစ်ဆင့် အရှေ့ တောင်အာရှဒေသနှင့် အိန္ဒိယနိုင်ငံအကြား ချိတ်ဆက်နိုင်သည့် လမ်းကြောင်းတစ်ခုဖြစ်ပြီး ပင်လယ်ထွက်ပေါက် ရရှိနိုင်သည့် မဟာဗျူဟာမြောက် အရေးပါသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။

အရှေ့မျှော်မူဝါဒအရ အိန္ဒိယနိုင်ငံအနေဖြင့် အရှေ့မြောက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် အိန္ဒိယနိုင်ငံ ပြည်မနှင့် မြန်မာနိုင်ငံအကြား ဆက်သွယ်ပေးနိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေမည့် ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးများပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းမှတစ်ဆင့် သံတမန်ဆက်ဆံရေး ကောင်းမွန်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ အရှေ့မျှော်မူဝါဒအရ မြန်မာနိုင်ငံနှင့် ပူးပေါင်း၍ ရထားလမ်း၊ ကုန်းလမ်း၊ လေကြောင်းနှင့် ရေကြောင်းစသည့်နယ်ပယ် ၄ ခု တွင် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

## ဖွံ့ဖြိုးမှုဆိုင်ရာ အကောင်အထည်ဖော်ရန် အခွင့်အလမ်းများ

မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗဟုပုံစံသယ်ယူပို့ဆောင်ရေးစနစ် မရှိခြင်းကြောင့် ကုန်စည်သယ်ဆောင်မှုတွင် ကုန်းလမ်းဖြင့် ကုန်သွယ်မှုကြောင့် စရိတ်များစွာ ကုန်ကျလျက်ရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်ရန် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ

အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်လျက်ရှိသည်။

နှစ်နိုင်ငံအကြား နယ်စပ်စခန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် သယ်ယူထောက်ပို့မှု လုပ်ငန်းများတွင် အဓိကမှုတည်သောကြောင့် အိန္ဒိယ အစိုးရသည် လွန်ခဲ့သော ၂ နှစ်မှ စတင်၍ အရှေ့မြောက်ဒေသဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံနှင့် ထိစပ်လျက်ရှိသော နယ်စပ်ဂိတ်များတွင် သယ်ယူ ထောက်ပို့ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အလေးထား အဆင့်မြှင့်တင်လျက်ရှိသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ဝန်ဆောင်မှု၊ ကျန်းမာရေး၊ ခရီးသွားလာရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် ပိုမိုတိုးမြှင့်ဆောင်ရွက်၍ နှစ်နိုင်ငံအကြား အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သင့်သည်။ ထို့ပြင် အာဆီယံ - အိန္ဒိယ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်အရ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနှင့် အာရှနိုင်ငံများသို့ ကုန်စည်များ လွတ်လပ်စွာ ကူးသန်းနိုင်မည်ဖြစ်ပြီး Green Channel ဖြင့် စင်ကာပူနှင့် မလေးရှားနိုင်ငံများသို့ ကုန်သွယ်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ရာ ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်ရန် လိုအပ်သည်။

အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင် အကူအညီနှင့်ချေးငွေများ ပေးအပ်လျက်ရှိပါသည်။ အကူအညီအနေဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို ပေးအပ်လျက်ရှိပြီး သယ်ယူပို့ဆောင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ချေးငွေများ ပေးအပ်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ သံမဏိ၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ ဟိုက်ဒရိုကာဗွန်နှင့် အစားအသောက် ထုတ်လုပ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံအကြား ကုန်စည် သယ်ယူပို့ဆောင်ရေး ကောင်းမွန်ရန်အတွက် လမ်းဟောင်းများ ပြုပြင်မွမ်းမံခြင်းသာမက လမ်းသစ်များဖောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွက် အကျိုးရှိစေမည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား အဝေးပြေးလမ်းမကြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် တံတားတည်ဆောက်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ အသေးစားစွမ်းအင် စီမံကိန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍနှင့်လူထုဖွံ့ဖြိုးမှု ကဏ္ဍများနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန်တို့ လက်မှတ်ရေးထိုးခဲ့သည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ရခိုင်ပြည်နယ်တွင် နေအိမ် (Prefabricated House) ၂၅၀ လုံး ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းတွင် စစ်တွေဆိပ်ကမ်းမှ ပလက်ဝအထိ ၁၅၈ မိုင် ရှည်လျားသည့် ရေလမ်းကြောင်းနှင့် ပလက်ဝ မှ မီဇိုရမ်အထိ ၁၀၉ မိုင် ရှည်လျားသော ကုန်လမ်းတို့ပါဝင်သည်။ အဆိုပါစီမံကိန်းသည် ကိုလ်ကာတားမှ စစ်တွေမြို့အထိ အကွာအဝေး ၈၂၅ မိုင် အကွာအဝေးကို လျှော့ချနိုင်မည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ပြည်မမှ အရှေ့မြောက်ဒေသသို့ ကုန်စည်များ ပိုမိုပို့ဆောင်နိုင်မည်ဖြစ်သည်။




အိန္ဒိယ- မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီး စီမံကိန်းသည် အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဒေသမှ မြန်မာနိုင်ငံကို ဖြတ်သန်း၍ ထိုင်းနိုင်ငံအထိ ဖောက်လုပ်သော အရှေ့-အနောက် စင်္ကြံလမ်းမကြီးဖြစ်သည်။ အဆိုပါအဝေးပြေး

လမ်းမကြီးမှတစ်ဆင့် အိန္ဒိယနိုင်ငံအနေဖြင့် တမူး- မိုရေး နယ်စပ် ကုန်သွယ်မှု လမ်းကြောင်းမှ မြန်မာနိုင်ငံ၏ ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများကို ဖြတ်ကျော်ကာ အရှေ့တောင် အာရှနိုင်ငံများနှင့် အာရှတိုက်ရှိ အဓိက ဈေးကွက်များသို့ ချိတ်ဆက်၍ ကုန်စည်များ ကူးသန်း ရောင်းဝယ်နိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန် နိုင်ငံများနှင့် ကုန်သွယ်မှု များ တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် သုံးနိုင်ငံအဝေးပြေး လမ်းမကြီး ၏ အစိတ်အပိုင်းဖြစ်သော ချစ်ကြည်ရေး တံတားနှင့် ချိတ်ဆက်ထားသည့် မိုရေး- တမူး- ကလေးဝ လမ်းပိုင်းရှိ တံတား ၆၉ စင်း အပါအဝင် လမ်းများကို အဆင့်မီစေရန် လိုအပ်ချက်များကို အဆင့်မြှင့်တင်၍ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အရှေ့မြောက်ဒေသနှင့် ချင်းပြည် နယ်၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက် အအုံများကို အဆင့်မြှင့်တင်လျက်ရှိသည်။




## စိန်ခေါ်မှုများ

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် သယ်ယူ ပို့ဆောင်ရေး အခြေခံ အဆောက်အအုံများကို အဆင့်မြှင့် တင်ရာတွင် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း၊ မြေပြင်အနေ အထား ကြမ်းတမ်းခြင်း၊ နည်းပညာဆိုင်ရာ အခက်အခဲ များနှင့် လုံခြုံရေးဆိုင်ရာ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် အခက်အခဲများ ကြုံတွေ့ရလျက် ရှိသည်။

ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း နှစ်နိုင်ငံနယ်စပ်ဒေသ ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့ များသည် ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံကိန်းများကို ကြီးကြပ်စိစစ်မှု အားနည်းလျက်ရှိသည့်အတွက် စီမံကိန်း များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။ အထူးသဖြင့် ကာလရှည် စီမံကိန်းများတွင် အိန္ဒိယနိုင်ငံ အနေဖြင့် နယ်စပ်ကိုဖြတ်ကျော်၍ စီမံကိန်း အကောင် အထည်ဖော်သည့် နေရာများသို့လာရောက်ရန် ပျက်ကွက် သည့်အတွက် လမ်းပိုင်းများသည်နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရလျက်ရှိသည်။

မြေပြင်အနေအထား ကြမ်းတမ်းခြင်း နှစ်နိုင်ငံနယ်စပ် ဒေသများသည် သွားလာခက်ခဲသော တောင်တန်းဒေသ များဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းနှင့် တည် ဆောက်ရေးလုပ်ငန်းခွင်သို့ ချိတ်ဆက်သည့် လမ်း ကြောင်းများသည် အချိန်မရွေး သုံးစွဲနိုင်မှု မရှိခြင်းတို့ ကြောင့် အခက်အခဲများ ကြုံတွေ့ရလျက်ရှိသည်။



လုံခြုံရေးဆိုင်ရာ တည်ငြိမ်မှုမရှိခြင်း နှစ်နိုင်ငံအကြား ချိတ်ဆက်ထားသော လမ်းကြောင်းများတွင် သောင်းကျန်း သူများ ခိုအောင်းလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် မကြာ ခဏထိတွေ့မှုများ ဖြစ်ပေါ်လျက်ရှိပြီး ဒေသဆိုင်ရာ လုံခြုံ ရေးကို စိန်ခေါ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ တွင် စီမံကိန်း လုပ်ငန်းခွင်ရှိ အိန္ဒိယအလုပ် သမား ၅ ဦးကို ရခိုင်သောင်းကျန်းသူများမှ ဖမ်းဆီးခေါ်ဆောင်မှုများ ရှိခဲ့ပြီး စီမံကိန်းများနှောင့်နှေးကြန့်ကြာမှုများရှိခဲ့သည်။ ထို့ကြောင့် နှစ်ဖက် အဖွဲ့အစည်းများအနေဖြင့် အလုပ်သမားများကို လုံခြုံရေးအကာအကွယ်များ တိုးမြှင့်ဆောင်ရွက်သင့်သည်။

ဖြစ်နိုင်ခြေ ဆန်းစစ်မှုများ အားနည်းခြင်း အိန္ဒိယနိုင်ငံ ၏ စီမံကိန်းဖြစ်နိုင်ခြေ လေ့လာဆန်းစစ်မှုများသည် ပြည့်စုံ တိကျမှုမရှိသည့်အတွက် ချင်းပြည်နယ်တွင် တည်ဆောက် ရမည့် လမ်းပိုင်း အနေအထားနှင့် အတိုင်းအတာတို့ကို ခန့် မှန်းတွက်ချက်ရတွင် အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိ သည်။ ထို့ပြင်ကုလားတန်မြစ်လက်တက်နှစ်ခုတွင် ရေအား လျှပ်စစ်အတွက် ဆည်များ ဆောက်လုပ်ခြင်းကြောင့် ရေ လမ်းကြောင်း ပြောင်းလဲမှုများနှင့် သင်္ဘောကျင်းများ တည် ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် နည်းပညာအားနည်း ချက်များကြောင့် အချိန်ကြာမြင့်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

**နိဂုံး**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ် တို့အပြင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နိုင်ငံ၏အကျိုးစီးပွားတိုးတက်မှု သာမက အာရှတိုက်တစ်ဝှမ်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးမှုကို အလေးထားဆောင်ရွက်ရန်နှင့် အခက်အခဲများကို နှစ်နိုင်ငံအကြား ညှိနှိုင်းဆောင်ရွက်ပါက ဖွံ့ဖြိုးမှု အသီးအပွင့်များကို အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်ပါသည်။


မှီငြမ်း

၁။ https://databank.nedfi.com/content/north-east-india

၂။ India’s Connectivity Projects with Myanmar, Post-Coup: A Stocktaking, Sreeparna Banerjee

၃။ https://indianculture.gov.in/north-east-archive/history-north-east

၄။ https://thegeopolitics.com/north-eastern-india-and-its-economic-potential/


**ဒေါက်တာပင်လုံအေး**

MIFER

# MIFER
# သတင်းကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

## "နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ၏ ခေတ်သစ်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခြင်း

အာဆီယံ - ဂျပန်ဗဟိုဌာန၏ ရန်ပုံငွေ (၂၀၂၂) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီး ဌာနက ဦးဆောင်၍ "နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်များ၏ ခေတ်သစ် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် နေပြည်တော်၊ Grand Amara Hotel ၌ Hybrid ပုံစံဖြင့် ကျင်းပပြုလုပ်ရာ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။




အဆိုပါဆွေးနွေးပွဲကို နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များ၏ ခေတ်သစ် ပြုပြင်ပြောင်းလဲမှု ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို မျှဝေခြင်းမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ရင်းနှီး မြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာ ဌာနများမှ အရာထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် ခေတ်သစ် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေး ညှိနှိုင်းမှုများတွင် စွမ်းဆောင်ရည်ပြည့်ဝစွာ ပါဝင်နိုင်ရန် ရည်ရွယ်၍ ကျင်းပ ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့အထိ ၂ ရက်တာ ကျင်းပသွားမည်ဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာ စန်းစန်းလွင်နှင့် Senior International Arbitration Advisor ဖြစ်သူ Dr. Kabir Duggal တို့က နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်များနှင့် သက်ဆိုင်သည့် အပြည့်အဝအကာအကွယ် ပေးခြင်းနှင့် လုံခြုံမှုရှိစေခြင်း၊ Public Policy Exceptions နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များတွင် အခွန်ဆိုင်ရာ ဆောင်ရွက်မှုများကို ထည့်သွင်းခြင်း/ ချန်လှပ်ခြင်း၏ သက်ရောက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများကို လျော့ကျစေမည့် ပြဋ္ဌာန်းချက်များနှင့် အစိုးရ၏ စည်းမျဉ်းစည်းကမ်းချပိုင်ခွင့် (Right to Regulate)ကို အားကောင်းစေနိုင်မည့် ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဓိပ္ပာယ်၊ နိုင်ငံသားနှင့် တန်းတူ ဆက်ဆံခြင်း၊ ပိုမိုသာလွန်သော အခွင့်အရေးရ နိုင်ငံများ နည်းတူဆက်ဆံဆောင်ရွက်မှုပြုခြင်း၊သာတူညီမျှ ဆက်ဆံ ဆောင်ရွက်မှုပြုခြင်းစသည့်ခေါင်းစဉ်များဖြင့်နိုင်ငံတကာ သဘောတူစာချုပ်များ၏ Trend တိုးတက်ပြောင်းလဲမှု များအား အသီးသီး မျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်းများ၊ စုစုပေါင်း (၁၃၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။



## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီး မြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာ အလက်ဇန်းဒါး ဆာဂီးအိဗစ်ရှ် ရှာတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့၊ နံနက် ၈:၀၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်ဖက်ချုပ်ဆိုထားသော နားလည်မှု စာချွန်လွှာအရ နှစ်နိုင်ငံအကြား ရှေ့ဆက်လက်ဆောင်ရွက် သွားမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ သတ္တု ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍနှင့် ခရီးသွားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက် သွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက် ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးရုံး၏ အာရှ- ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David McLachlan-Karr နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးရုံး၏ အာရှ-ပစိဖိတ်ဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. David McLachlan-Karr နှင့်အဖွဲ့ကို ယနေ့နေ့လယ်ပိုင်းတွင်နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ နိုင်ငံ ဆိုင်ရာ အစီအစဉ်များ ဆက်လက်အကောင်အထည်ဖော် ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက် သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြ ကြောင်းသိရသည်။





## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**ကိုဗစ်-၁၉** ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင်လုပ်ငန်းကော်မတီဥက္ကဋ္ဌကချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာ ကိစ္စများအတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေ ပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံသားပိုင် ငါး၊ ပုဇွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား ချေးငွေ သက်တမ်း စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် (၁) နှစ် ထပ်မံ တိုးမြှင့်ပေးခဲ့သည့် အခြေအနေ၊ ချေးငွေသက်တမ်း ၃ နှစ်ပြည့်ပြီးကုမ္ပဏီ/ လုပ်ငန်းများမှ ချေးငွေများ ပြန်လည်ကောက်ခံရေးအစီအစဉ်၊အရင်းကောက်ခံရရှိငွေများအား နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေသို့ ပြန်လည်ထည့်သွင်းရေး အခြေအနေနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁)နှစ် ထပ်မံ တိုးမြှင့်ပေးမည့် အခြေအနေများအား ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအား Success Story စစ်တမ်းကောက်ခံခဲ့သည့်အခြေအနေများ၊ အတိုးအရင်းကောက်ခံရရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာကြသူများကကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေး အတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကော်မတီအနေဖြင့် ဆက်လက်ဆောင် ရွက်မည့် လုပ်ငန်းစဉ်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ် ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း (၁) နှစ် ထပ်မံ တိုးမြှင့်ပေးမည့်ကိစ္စအား အတည်ပြုညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။



## မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့ပြီး မြန်မာ - ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုဂုဏ်ပြုယာဉ်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းနှင့် ကဏ္ဍအသီးသီးတို့၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၁) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွက်အထူးအရေးပါသည့်ဂုဏ်ယူဖွယ်ရာနေ့ထူးနေ့မြတ်ဖြစ်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာန အနေဖြင့် ပါဝင်ဂုဏ်ပြုခွင့်ရရှိခြင်းနှင့် ဂုဏ်ပြုယာဉ်နှင့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် စနစ်တကျ ခင်းကျင်း ပြသနိုင်ရေးနှင့် အခြားလိုအပ်သော ကဏ္ဍများတွင် အားဖြည့်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းအားလုံး၏ စုစည်းညီညွတ်စွာ၊ စည်းကမ်းပြည့်ဝစွာ ကြိုးပမ်း ဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားတွင် ဝန်ထမ်းအားလုံး သက်ဆိုင်ရာကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်နည်းတူ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စီးပွားရေး ဦးတည်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိမိတို့ ရင်းနှီး/စီးပွား ဝန်ကြီးဌာန၏ လုပ်ငန်းများတွင်လည်း ဝီရိယ၊ သစ္စာ၊ ဥာဏ ၊ သမာဓိ စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြု အခမ်းအနားတွင် မိမိတို့ ဝန်ကြီးဌာန ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ အပြန်အလှန် နားလည်မှု၊ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းမှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ ဂုဏ်ယူဖွယ်အခမ်းအနားတွင် စည်ကား သိုက်မြိုက်စွာ အောင်မြင်ဖြစ်မြောက်စေရန်

အတွက် အားဖြည့်ပါဝင် ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုယာဥ်နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ဝန်ထမ်းကိုယ်စားလှယ်တို့က လက်ခံရယူကြပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး အတူတကွ ဂုဏ်ပြုညစာသုံးဆောင်ခဲ့ကြသည်။

ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဆင့်မြင့်အရာရှိကြီးများနှင့် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ စုစုပေါင်း ဝန်ထမ်း ၂၀၀ နီးပါး တက်ရောက်ခဲ့ကြပါသည်။



## ဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်ပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်း နှင့် အမှုထမ်း ဝန်ထမ်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ရုံးအမှတ်(၁)၊ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁၃း၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကမိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စီးပွားရေး ဦးတည်ချက် (၃) ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် လက်ရှိအသုံးပြုနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)နှင့် နည်းဥပဒေများကို သေချာစွာ နားလည်သဘောပေါက်ရန် လိုအပ်သကဲ့သို့ နိုင်ငံ၏လိုအပ်ချက်အရ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပေါင်းစပ်ကာ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအဖြစ် ပြဌာန်းကာ အဆင့်ဆင့် ပြောင်းလဲခဲ့မှုကိုပါ သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ ဌာနရှိ အရာထမ်း၊ အမှုထမ်းများ အားလုံး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဘာသာရပ်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ပိုမို သိရှိနားလည်စေရန်သာမက ဌာနတွင်း စီမံအုပ်ချုပ်မှု ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်စေရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ ပိုမို နားလည်ပြီး လိုက်နာကျင့်သုံးနိုင်စေရန်နှင့် ဝန်ကြီးဌာန ဝန်ထမ်းများ၏ ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ကို ပို့ချရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏လုပ်ငန်းများအား ချမှတ်ထားသည့် မူဝါဒနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်လုပ်ကိုင်ရန် ဝန်ထမ်းများ၏ စွမ်းရည်ဖွံ့ဖြိုးမှုမှာ အထူးလိုအပ်ပါကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်နှင့် အထူးပြုဘာသာရပ်များအား မိမိတို့ ဌာနတွင်း ကျွမ်းကျင်သူများသာမက သက်ဆိုင်ရာ

ဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူများအားလည်း ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် သင်တန်းသားများအနေဖြင့် ယခုသင်တန်း တက်ရောက်ရာတွင် စိတ်ပါဝင်စားစွာ ဂရုတစ်စိုက်သင်ကြားကြစေလိုကြောင်း၊ သင်တန်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင်ကြားလေ့လာသွားကြရန် တိုက်တွန်းပါကြောင်းပြောကြားခဲ့ပြီး သင်တန်းဆင်း အရည်အချင်းစစ် စာမေးပွဲကျင်းပပြုလုပ်မည်ဖြစ်ပြီး ထူးချွန်သူများကိုလည်း ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သို့ လူကိုယ်တိုင်နှင့် Online မှတစ်ဆင့် သင်တန်းသား/ သူ စုစုပေါင်း(၆၀) ဦး တက်ရောက်ကြပြီး အဆိုပါ သင်တန်းအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၇ ရက် နေ့အထိ (၁) လ ကြာ သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ နံနက် (၀၈:၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရန်နှင့် နယ်ပယ်စုံကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များ ရှာဖွေဖော်ထုတ်ရေးနှင့် နှစ်နိုင်ငံအပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့၌ နေပြည်တော်၊ ရုံးအမှတ် (၁) တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အားပေးပြီး အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာ စကားပြောကြားရာတွင် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား မြန်မာ့ရိုးရာ ဓလေ့ကို သိမြင်စေရုံသာမက ဝန်ထမ်းများတစ်ဦးနှင့် တစ်ဦး အပြန်အလှန် ချစ်ကြည် ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ ညီညွတ်စွာ စုပေါင်းလုပ်ဆောင်တတ်မှုကို ဖော်ဆောင် လိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာလူမျိုးတို့၏ စုပေါင်းထမနဲထိုးပြိုင်ပွဲသည် ပြိုင်ပွဲဟု ဆိုသော်လည်း အနိုင်အရှုံးထက် စုပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုတို့ကြောင့် ပျော်ရွှင်ရခြင်းကို ဖော်ညွှန်းသည့် အပြင် ထမနဲထိုးပြီးသည့်အခါ အချင်းချင်းမျှဝေ ပေးလေ့ ရှိကြသည့် မြန်မာတို့၏ စေတနာသဒ္ဓါတရားကို ဖော်ကျူး ပြသသည့် ရိုးရာဓလေ့ပွဲပင်ဖြစ်ပါကြောင်း၊ ထမနဲထိုးရာ တွင် ထမနဲကောင်းရရှိရန် အစုအဖွဲ့ဖြင့် ညီညွတ်စွာ စုပေါင်းလုပ်ဆောင်မှသာ အောင်မြင် ပျော်ရွှင်ရသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ထိုနည်းတူ ဝန်ထမ်းများ အနေဖြင့်မိမိတို့ဝန်ကြီးဌာနက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက် ရေးနှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍကို သေချာစွာ သိရှိနားလည်ပြီး နိုင်ငံ့ဝန်ထမ်းပီသစွာ ပေးအပ်သည့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရာတွင်ဝန်ထမ်းအချင်း ချင်း တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်သွားကြရန် တိုက်တွန်း ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၏ ထမနဲထိုးပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာန(၂)ခုတို့မှ ဝန်ထမ်းများပါဝင်သည့် ပြိုင်ပွဲဝင် အဖွဲ့သုံးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသောအဖွဲ့များကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Debora Comini နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ အရှေ့အာရှနှင့် ပစိဖိတ် ဒေသခွဲရုံးမှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Debora Comini နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် UNICEFက မြန်မာနိုင်ငံ၌ လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာ နိုင်ငံနှင့် UNICEF အကြား ရှေ့ဆက်လက် ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk ) အမှတ်စဉ် (၆) ကျင်းပခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၆) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး တက်ရောက် အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းတစ်ဦးစီ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အသိပညာ မျှဝေဆွေးနွေးပွဲ (သောကြာနေ့စကားဝိုင်း)ကိုကျင်းပခဲ့သည်မှာ အမှတ်စဉ် (၆)သို့ပင် ရောက်ရှိပြီဖြစ်ပါကြောင်း၊ အသိပညာပေး မျှဝေမှု စကားဝိုင်းမှတစ်ဆင့် ဌာနရှိ ဝန်ထမ်းများသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အတွက် မိမိတို့ ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကိစ္စ ရပ်များကို ပိုမိုသိရှိနားလည်လာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်း စီးပွားရေးတို့နှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာ ကုန်သွယ်မှု အခြေအနေ များ၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများအကြား ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာပုံ အဆင့်ဆင့် သမိုင်းကြောင်းများနှင့် ကမ္ဘာ့ကုန်သွယ်မှု မူဝါဒများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု ဒေသများပေါ်ပေါက်လာခြင်းအပြင် လွတ်လပ် သော ကုန်သွယ်မှုဝါဒနှင့် ကုန်သွယ်မှုဒေသများ တိုးတက် ပြောင်းလဲလာမှု၊ ပြည်ပမှနိုင်ငံခြားငွေများ မိမိနိုင်ငံတွင်းသို့ စီးဝင်လာနိုင်မည့် ကုန်သွယ်ရေး တွင် အသာစီးရရှိနိုင်သည့် အခြေအနေများကို သိရှိနားလည်နိုင်လာမည် ဖြစ်ကြောင်း နှင့် အဆိုပါအသိအမြင်များဖြင့် မိမိတို့လုပ်ငန်းခွင် နယ်ပယ် တွင် သုံးတတ်လျှင် သုံးတတ်သလို အကျိုးပြုနိုင်မည်

ဖြစ်သဖြင့် ယခုကဲ့သို့ ဆွေးနွေးပွဲစကားဝိုင်းများ ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်သဇင်က အာဆီယံစီးပွားရေးပေါင်းစည်းမှုအဆင့်များ၊ "အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသများ" (ASEAN-Free Trade Area-AFTA)၊ လွတ်လပ်သော ကုန်သွယ်မှုဒေသများတွင် ပါဝင်သည့် Traditional Areas များနှင့် New and Emerging issue များနှင့် လွတ်လပ်သောကုန်သွယ်မှုဒေသများ၏ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိများနှင့် အရာထမ်း / အမှုထမ်းများ Online အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား (၁၀၀) ကျော် တက်ရောက်ကြပါသည်။



**အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်**

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ၂၀ရက်မှ ၂၁ ရက် ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ Grand Hyatt Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။


အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ပြုလုပ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ(Eminent Persons)၊ အဆင့်မြင့် ကိုယ်စားလှယ်များ(High Level Representatives)၊ ကိုယ်စားလှယ်များနှင့် အာဆီယံ နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ပါသည်။အဆိုပါအစည်းအဝေးသို့ အဆင့်မြင့်လုပ်ငန်း အဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ မြန်မာနိုင်ငံအဆင့်မြင့် ကိုယ်စားလှယ်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများ လိုက်ပါတက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်၌ ထည့်သွင်းမည့် အဓိကသွင်ပြင်လက္ခဏာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ ပြီးပြည့်စုံပြီး အားလုံးအကျိုးဝင်သည့် မျှော်မှန်းချက် ပေါ်ထွက်လာရေးအတွက် ဒေသတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးရန်ကိစ္စ၊ ၂၀၂၃ခုနှစ်အတွင်း အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကိစ္စ၊ တီမောလက်စ်တေနိုင်ငံအား လေ့လာသူနိုင်ငံအဖြစ် အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ စတင်ဖိတ်ကြားရေးကိစ္စ၊ ၂၀၂၃ ခုနှစ်၊ မေလတွင်ကျင်းပမည့် (၄၂)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးသို့တင်ပြမည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာနှင့် အကြံပြုတင်ပြချက်များကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် ဂျကာတာမြို့

အခြေစိုက်အာဆီယံဖောင်ဒေးရှင်းနှင့် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲသင့်သည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးမှ အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာဟချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ပြည်သူများကိုဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အပံ့ ပေးနိုင်သောလက်တွေ့ကျသည့် မျှော်မှန်းချက်များဖြစ်ရန် လိုအပ်ပါကြောင်း၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော မမျှော်မှန်းနိုင်သည့် ကိစ္စများအား ခြုံငုံသုံးသပ်ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် ကာလလယ် သုံးသပ်ချက်များကို ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

လက်ရှိ အာဆီယံအသိုက်အဝန်း (၂၀၁၅-၂၀၂၅)သည် မကြာမီ ပြီးဆုံးတော့မည် ဖြစ်ပါသဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ် မြောက်နှင့် (၃၉)ကြိမ် မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။ အဆိုပါ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များနှင့် အဆင့်မြင့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။




## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ၏လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**ကိုဗစ်-၁၉** ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ၌ Hybrid Meeting ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီး/ ပြည်နယ် ချေးငွေ စိစစ်ကြပ်မတ်ရေး အဖွဲ့ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ခေါင်းဆောင်က တိုင်းဒေသကြီး/ ပြည်နယ်များရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ ကုန်ထုတ် လုပ်ငန်းများ၊ စားသောက်ဆိုင် လုပ်ငန်းများ၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ CMP လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများအပါအဝင် ကုမ္ပဏီ/လုပ်ငန်း စုစုပေါင်း ၅,၉၉၀ ခု အတွက် ချေးငွေပမာဏ ကျပ် ၁၅၈.၄၄၃၈ ဘီလီယံ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/ လုပ်ငန်း ၃၂၇ ခု အတွက် ချေးငွေပမာဏ ကျပ် ၇.၆၃ ဘီလီယံအား ချေးငွေထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ထုတ်ပေးထားသည့် ချေးငွေများကို စိစစ်ကြီးကြပ်ဆောင်ရွက်ရာတွင် ချေးငွေ ဆုံးရှုံးနိုင်ခြေရှိမှုတို့ကိုသာမက ချေးငွေထုတ်ပေးထားသည့် လုပ်ငန်းများ၏အောင်မြင်မှုနှင့်လုပ်ငန်းလည်ပတ်နိုင်မှု အခြေအနေကို စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း (Monitoring and EvaluationProcess)ဆောင်ရွက်နိုင်ရေးအတွက် Success Story စစ်တမ်းကောက်ယူရန် ကိစ္စရပ်များကို ဆွေးနွေးပါသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ချေးငွေနှင့် အတိုးကောက်ခံရရှိမှု အခြေအနေများ၊ ချေးငွေထုတ်ယူထားသော လုပ်ငန်းများမှ ပြန်လည် ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ Success Story စစ်တမ်းကောက်ယူရန် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

## ၂၅ ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

လာအိုနိုင်ငံ၊ လွှန်ပရာဘမ်မြို့၌ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော ၂၅ ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဝန်ကြီးများအဆင့် အလွတ်သဘော အစည်းအဝေးကို ကျင်းပခဲ့ပြီး ဂျီအမ်အက်စ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဂျီအမ်အက်စ် အသိပညာကွန်ရက် ထူထောင်ခြင်းဆိုင်ရာကိစ္စရပ်များအပေါ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအကြား အလွတ်သဘော ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးကို "အားလုံးပါဝင်ပြီးရေရှည်ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နှစ် (၃၀) အတွင်း ရရှိခဲ့သည့် မဟာ မဲခေါင်ဒေသခွဲ၏ အောင်မြင်မှုများမှတဆင့် စီးပွားရေး ပြန်လည်ကောင်းမွန်ရေးကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကား အသီးသီးပြောကြားခဲ့ကြပါသည်။




ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးတွင် အဆင့်မြင့်အရာရှိများ အစည်းအဝေး၊ စီးပွားရေး ကောင်စီအစည်းအဝေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေးအစီရင်ခံစာတို့ကို အသီးသီး ရှင်းလင်းတင်ပြခဲ့ပြီး ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင်အသစ် (၂၀၂၃-၂၀၂၅)၊ ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင်၂၀၃၀ အတွက်ရလဒ်မူဘောင်၊ ဂျီအမ်အက်စ် ကျားမရေးရာ မဟာဗျူဟာ၊ ဂျီအမ်အက်စ် ဒစ်ဂျစ်တယ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကနဦးလုပ်ဆောင်ချက်တို့ကို အတည်ပြုခဲ့ပြီး (၂၅) ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများအဆင့် အစည်းအဝေး၏ ပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။




အဆိုပါ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ခမ်ဂျနီ ဗွန်ဖိုစီက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဥက္ကဋ္ဌ မစ္စတာ အာမက်အမ်ဆာဆိက တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ (၂၅) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအဆင့် စုံညီအစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံသံ့ရုံးရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၅၀) ခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

MIFER

# DICA သတင်းကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

## (၁/ ၂၀၂၃) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် (၈) ခုကိုခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏(၁/၂၀၂၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၈) ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် (၈)ခုကိုခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၄၃.၆၃၄) သန်းနှင့် ကျပ် ၉၈၀၇၈.၀၉၄ သန်း ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၁၃၇၄) ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းလည်း ပါဝင်ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈.၃၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၆၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄.၃၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိ ရင်းနှီးမြှုပ်နှံသူများအတွက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။



**ဟိုတယ်တည်းခိုဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသို့ နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း**

နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့နှင့် နေပြည်တော်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကြီးကြပ်မှု ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် တွင် သွားရောက်ကာ ဟိုတယ်ဝန်ဆောင်မှု ဆောင်ရွက် နေမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်နေခြင်း တိုးတက်မှု အခြေအနေများအား ကြည့်ရှုအားပေးပြီး ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။



**ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ မြစ်ကြီးနားမြို့နယ်ရှိ ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း**

ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပါ သည်။ အစည်းအဝေးသို့ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ သီရိပျံချီ ဦးခက်ထိန်နန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ပြည်နယ် အဆင့်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကချင်ပြည်နယ် အစိုးရ အဖွဲ့နှင့် ကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုးမည့် ကံပိုင် တည် စီးပွားရေးနယ်မြေ စီမံကိန်းဆိုင်ရာ Memorandum of Agreement - MOA နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြ ပါသည်။

ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့မှတာဝန်ရှိသူများသည်မြစ်ကြီးနားမြို့နယ်ရှိ ကုန်စည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် သွားရောက်၍ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါ သည်။



## ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးတင်၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ အရာထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ပြောင်းအခြောက်ခံသန့်စင် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ၁ခု ကို အတည်ပြုပေးခဲ့ပြီး တည်ဆောက်ရေး ကာလတိုးမြှင့်ရေး ကိစ္စများအား ဆွေးနွေး အတည်ပြုခဲ့ကြပါသည်။ အဆိုပါလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၆၈၀ သန်းရှိပါသည်။



## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ဟိုတယ်တည်ဆောက်၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တုများ ထုတ်လုပ်မှု လုပ်ငန်းတို့အား တွေ့ဆုံဝန်ဆောင်မှုပေးခြင်း

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည်ကယားပြည်နယ်၊လွိုင်ကော်မြို့တွင် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဟိုတယ်တည်ဆောက်၍ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့်ဖားဆောင်းမြို့နယ်၊ မော်ချီးသတ္တုတွင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ထုတ်လုပ်မှုအပေါ် ခဲ့ဝေခံစားသည့်စနစ်ဖြင့် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တုများ ထုတ်လုပ်မှု လုပ်ငန်းတို့အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် Video Conferencing စနစ်ဖြင့်တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။




## ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင် အပါအဝင် အဖွဲ့ဝင် (၆) ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူထံမှ တင်ပြလာသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁)ခုအား အတည်ပြုမိန့်ထုတ်ပေးရန်ဆုံးဖြတ်ခဲ့ပါသည်။



## ချင်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ချင်းပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊နည်းဥပဒေ၊ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာများအရ ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။



## မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၄) ခုအား ကွင်းဆင်းစစ်ဆေးခြင်း

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် မန္တလေးတိုင်း ဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း(၆)ခုအား ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခဲ့ကြပါသည်။




## မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က တန်ဖိုးမြင့်နှမ်းထုတ်ကုန် အမျိုးမျိုးနှင့် သန့်စင်ပြီး မြေပဲနှင့် ပဲမျိုးစုံ၊ သန့်စင်ပြီး ပြောင်း၊ မြေပဲဆီနှင့် နေကြာဆီထုတ်လုပ်ခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည်မကွေးမြို့နယ်တွင်တန်ဖိုးမြင့် နှမ်းထုတ်ကုန် အမျိုးမျိုးနှင့် သန့်စင်ပြီး မြေပဲနှင့် ပဲမျိုးစုံ၊ သန့်စင်ပြီးပြောင်း၊ မြေပဲဆီနှင့် နေကြာဆီ ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းသို့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရခိုင် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ရခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ပင်လယ်ရေထွက် ကုန်ပစ္စည်းများအား ပြုပြင်ခြင်း၊ အေးခဲခြင်း၊ ထုပ်ပိုးခြင်းနှင့် တင်ပို့ရောင်းချခြင်း လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်အပေါ် တင်ပြဆွေးနွေး ခဲ့ကြပါသည်။




## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ခဲကာဗွန်နိတ် သန့်စင်ခြင်း လုပ်ငန်းနှင့် ထောပတ်သီးစိုက်ပျိုးခြင်းနှင့် ထောပတ်သီး၊ သရက်သီး အစရှိသည့် သစ်သီးများပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့၏ တာဝန်ရှိသူများပါဝင်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ခဲကာဗွန်နိတ် သန့်စင်ခြင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း နှင့် ခဲကာဗွန်နိတ် သန့်စင်ခြင်းလုပ်ငန်းနှင့် ထော ပတ်သီးစိုက်ပျိုးခြင်းနှင့် ထောပတ်သီး၊ သရက်သီး အစရှိ သည့် သစ်သီးများပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်းများသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် သွားရောက်ကွင်းဆင်း၍ လို အပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

## ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်း ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု ၏ တည်ဆောက်မှု/ ပြင်ဆင်မှုကာလ ထပ်မံတိုးမြှင့် ခွင့်ပြု ပါရန် တင်ပြလာခြင်းအပေါ် ဆွေးနွေးအတည်ပြုပေးခဲ့ ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီရုံး၌ကျင်းပပြုလုပ်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် ကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁)ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၉) ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ကျပ် ၆,၀၀၀.၀၀၀ သန်း နှင့် အမေရိကန် ဒေါ်လာ ၁၀.၅၅၄ သန်း ဖြစ်ပြီး စုစုပေါင်းလုပ်ငန်း(၁၀)ခု တို့မှ ပြည်တွင်းအလုပ် အကိုင်အခွင့်အလမ်း ၄,၃၂၂ ဦး ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေး တွင် ကုမ္ပဏီများက တင်ပြလာသည့် အထွေထွေ ကိစ္စရပ် များနှင့် မတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁.၇၀၂ သန်း တိုးမြှင့်ခွင့်များကိုလည်း ဆွေးနွေး ဆုံးဖြတ် ခဲ့ကြပါသည်။

### ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ စက်ရုံများ ထုတ်လုပ်၍ ပြည်တွင်း၌ ရာနှုန်းပြည့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၃ခုနှစ် ဇန်နဝါရီလအတွင်း သွားရောက်၍ စီးပွားဖြစ်စတင် လည်ပတ်ထုတ်လုပ်မည့် လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စီးပွားဖြစ်စတင်လည်ပတ်နိုင်ရန်အတွက် ပြည်တွင်းမှ စက်ပစ္စည်း ဝယ်ယူထားမှု အခြေအနေ၊ စက်စမ်းသပ် လည်ပတ်နိုင်ရန် စက်ပစ္စည်းများတပ်ဆင်ထားမှု အခြေအနေ၊ ဝန်ထမ်းခန့်အပ်ထားမှုအခြေအနေနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



### ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁) ခု ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းမှာ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဖြစ်ပါသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ ၁.၁၀၀ သန်း ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၀၂ ခု ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီ (၁၁) ခုက အစည်းအဝေးတွင် တင်ပြလာသည့် အထွေထွေ ကိစ္စရပ်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



### ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ပုသိမ်စက်မှုမြို့တော် စီမံကိန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ ခွင့်ပြုမိန့်ဖြင့် ပုသိမ်စက်မှုမြို့တော် စီမံကိန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ၂၀၂၃ ခုနှစ်ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စီးပွားဖြစ်စတင်နိုင်ရန် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

## ရေဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း

ရေဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ၁/၂၀၂၃ ကြိမ်မြောက် အစည်းအဝေး ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်၊ ပြောင်း ကြိတ်ခွဲထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၁၇၈၅.၈၂၅ သန်းရှိပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၇၉ ခု ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၏တည်ဆောက်ရေးကာလ တိုးမြှင့်ရေးကိစ္စအပေါ် ဆွေးနွေးအတည်ပြုခဲ့ကြပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ကွင်းဆင်းလေ့လာ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ Myanmar Mandalay Fu Xin Steel Co., Ltd. သို့ နေ့လယ်တွင် သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။

ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးမှ လက်ရှိအခြေအနေတွင်စက်များ စမ်းသပ်လည်ပတ် ထုတ်လုပ်လျက်ရှိရာ နည်းပညာ မြင့်မား၍ ပညာရှင်ဝန်ထမ်း လိုအပ်လျက်ရှိကြောင်း၊ ဒေသခံဝန်ထမ်းများ လာရောက်လုပ်ကိုင်မှု လျော့နည်းသည့် အခြေအနေများလည်းရှိကြောင်း၊ စက်ရုံပုံမှန် လည်ပတ်၍ နည်းပညာများ လွှဲပြောင်းရယူပြီးသည့်အခါ ပြည်တွင်း ဝန်ထမ်း ၉၀ ရာခိုင်နှုန်းထိ ခန့်အပ်နိုင်မည်ဖြစ်ကြောင်းနှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ပါက တစ်ရက်လျှင် ကုန်ချော တန်ချိန် ၁၂၀ မှ ၁၃၀ အထိ ထွက်ရှိပါကြောင်း၊ လက်ရှိတွင် 10mm နှင့် 20mm အရွယ်အစား ဆောက်လုပ်ရေးလုပ်ငန်းသုံးသံလုံးများ ထုတ်လုပ်လျက်ရှိကြောင်း တင်ပြပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ ဤစက်ရုံသည် နိုင်ငံတကာအဆင့်မီ စက်ပစ္စည်းများ အသုံးပြုထားခြင်း၊ အရည်အသွေး ပြည့်ဝသော သံချောင်းများ ထုတ်လုပ်နိုင်ခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ အခက်အခဲများ ရှိသော်လည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ဈေးကွက်ပေါ်မူတည်၍ ထုတ်လုပ်မှု အမျိုးအစားများ ထပ်တိုးထုတ်လုပ်ဆောင်ရွက်စေလိုကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပြောင်းအလဲပြုလုပ်လိုခြင်း၊ သွင်းကုန် ဆိုင်ရာကိစ္စများ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် အခြားအခက်အခဲများ ရှိပါကအသေးစိတ် စာရင်းပြုစုပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ တင်ပြနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအခြေအနေ

ကရင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအား အဓိကထား ဆောင်ရွက်သော ဒေသတစ်ခု ဖြစ်ပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့သည် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ပေါ်ထွက်လာစေရန် ကြိုးပမ်းလျက် ရှိသလို ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံ ကုန်ထုတ်လုပ်ငန်းများအား ဦးစားပေး ဖိတ်ခေါ်လျက်ရှိပေသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သော ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) တွင် Alliance Eagles Group Limited ၏ ဆန်ပြောင်းကြိတ်ခွဲခြင်းနှင့် ဆန်မှုန့်ပြောင်းမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းအား အတည်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့လေသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့တွင် တည်ထောင်မည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ၃၅၅၈.၈၇ ကျပ်သန်းရှိသော အဆိုပါ လုပ်ငန်းမှ အလုပ်အကိုင် အခွင့်အလမ်း (၃၇) နေရာ ဖန်တီးပေးနိုင်မည် ဖြစ်ပေသည်။

အဆိုပါ ဆန်ပြောင်းကြိတ်ခွဲခြင်း လုပ်ငန်းသည် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်သလို ပြည်ပပို့ကုန် ဆန်မှုန့် ပြောင်းမှုန့်များကိုလဲ အရည်အသွေး စိစစ်ထိန်းသိမ်းကာ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သည်။

ထို့ပြင် ဒေသတွင်း ထွက်ကုန်ဖြစ်သော မြေပဲများမှ အဆင့်မြင့်စားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မည့် စမ်းပွင့်သံလွင် ကုမ္ပဏီလီမိတက်၏ ဆီစက်လုပ်ငန်းသည် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ရရှိနိုင်ရေး လျှောက်ထားလွှာ ရေးဆွဲဆောင်ရွက်လျက်ရှိပေသည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ဆန်စက် လုပ်ငန်းရှင်များ စုပေါင်းကာ Than Lwin Alliance Company Limited အား တည်ထောင်၍ တစ်နေ့တန် (၁၀၀) ကျ ခေတ်မီဆန်စက်အား ဘားအံစက်မှုဇုန်တွင် တည်ထောင်သွားရန် အစပြု ဆောင်ရွက်လျက်ရှိပေသည်။



၂၀၂၃ ခုနှစ် နှစ်ဦးကာလ ကရင်ပြည်နယ်၏ စိုက်ပျိုးရေး ကုန်ချောများ ထုတ်လုပ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်ချက်များသည်ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး ပန်းတိုင်ဆီသို့ အောင်မြင်စွာရောက်ရှိစေရန် ခွန်အားများပင် ဖြစ်ပေတော့သည်။

MIFER

# FERD သတင်းကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)


## တတိယအကြိမ်မြောက် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲ ကော်မတီအစည်းအဝေးကျင်းပ

တတိယအကြိမ်မြောက် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP) ပူးတွဲ ကော်မတီ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့ တွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့ အထိ Hybrid စနစ်ဖြင့် ကျင်းပခဲ့ရာ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမာလာမျိုးညွှန့်သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်မှ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင်အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ အာဆီယံ ညှိနှိုင်းရေး ညွှန်ကြားရေးမှူး Ms. Dina Kurniasari နှင့် သြစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန၊ ပထမလက်ထောက် အတွင်းဝန် Mr. Ravi Kewalram တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ သြစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့မှ RCEP ပူးတွဲကော်မတီ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အတွက် ပြင်ဆင်မှုများ ဖြစ်သည့် အကောက်ခွန်လျှော့ချမှု အစီအစဉ် ဇယားချိတ်ဆက်ကူးပြောင်းမှု အခြေအနေ၊ RCEP အထောက်အကူပြုယူနစ် တည်ထောင်ရေးအတွက် ရန်ပုံငွေထည့်ဝင်မှုနှင့် ဆက်လက် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ RCEP သဘောတူစာချုပ်အောက်မှ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်၊ RCEP လုပ်ငန်းအဖွဲ့ခွဲများ၏ အစည်းအဝေး စတင်ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ RCEP ပူးတွဲကော်မတီ၏ လုပ်ငန်းအစီအစဉ်နှင့် RCEP Online Platform အတွက် အထောက်အပံ့ သက်တမ်းတိုးရန် ကိစ္စရပ်များ စသည်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာအရာရှိများလည်း တက်ရောက်ခဲ့ကြသည်။



## အကြိမ် (၂၀) မြောက် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ အစည်းအဝေး ကျင်းပ

အကြိမ် (၂၀) မြောက် အာဆီယံ-သြစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲ ကော်မတီအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနမှ Mr. Yusdiman Saman၊ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဌာနမှ Ms. Juliana Nam နှင့် နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Mr. Keawe Wood-more တို့ကပူးတွဲသဘာပတိများ အဖြစ်ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပူးတွဲကော်မတီအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် ပြဋ္ဌာန်းချက်များ ညှိနှိုင်းမှုများ ပြီးစီးကြောင်း မှတ်တမ်းတင်ခဲ့ပြီး လုပ်ငန်းအဖွဲ့များက တင်ပြလာသည့် ကိစ္စရပ်များအပေါ် လမ်းညွှန်မှုပြု ခဲ့သည်။ ထို့ပြင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်မည့် ဒုတိယအခြေပြစာချုပ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပမည့် (၅၅) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ sideline အနေဖြင့် လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက် ခဲ့သည်။




## အိန္ဒိယနိုင်ငံ အရှေ့မြောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနလက်အောက်ရှိ NEDFi ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လက်ခံတွေ့ဆုံ

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနလက်အောက်ရှိNorth Eastern Development Finance Corporation Ltd. (NEDFi) ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့၊ နံနက် (၁၁:၀၀)နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၃) ၌ လက်ခံတွေ့ဆုံ ခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးနှင့် NEDFi မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။



## ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ ဒါရိုက်တာများ အစည်းအဝေးနှင့် ရှယ်ယာရှင်များ အစည်းအဝေး ကျင်းပ

Foreign Economic Relations Department (FERD)၊ Neighbouring Countries Economic Development Cooperation Ageny (NEDA) နှင့် Japan Bank for International Cooperation (JBIC) တို့အကြား ပူးပေါင်းတည်ထောင်ထားသည့် ထားဝယ်အထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV) ၏ Board of Directors Meeting (1/2023) နှင့် Extraordinary General Meeting of Shareholders No. 1/2023 တို့ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ရာ မြန်မာဘက်မှ ဒါရိုက်တာတစ်ဦးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၏ နေရာတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်



ဒေါက်တာ မာလာ မျိုးညွန့်အား ပြောင်းလဲခန့်အပ်ခြင်းနှင့် SPV ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအတည်ပြုခဲ့ပါသည်။

## Global Development Promotion Center Network ၏ စတင်မိတ်ဆက်ခြင်း အခမ်းအနားနှင့် ပထမအကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

Global Development Promotion Center Network ၏ စတင်မိတ်ဆက်ခြင်း အခမ်းအနားနှင့် ပထမ အကြိမ် ညွှန်ကြားရေးမှူးချုပ်အဆင့် စကားဝိုင်းဆွေးနွေးပွဲကို တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (China International Development Cooperation Agency -CIDCA) က ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ အရာရှိကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လေ့လာသူများ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၂၅၀ ကျော် ခန့်တက်ရောက်ခဲ့ပြီး မြန်မာဘက်မှ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ်တို့က ပါဝင်တက်ရောက် ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံအပါအဝင် ဆွေးနွေးပွဲ တက်ရောက်သူများက GDI ကို စတင်အဆိုပြုခဲ့ခြင်းနှင့် GDPC Network တည်ထောင်ခြင်း၏ နောက်ခံ အချက်အလက်များ၊ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးချယ် ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးသံမှူး Mr. Tan Shufu တို့ဦးဆောင်သည့် တရုတ်ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်အတူ ၂၀၂၃ ခုနှစ်၊ဖေဖော်ဝါရီလ ၉ ရက်

နေ့တွင်ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့်မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ တို့သို့ သွားရောက်၍



ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ကြပါသည်။

**ကိုရီးယား အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) Chief Representative ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားစီးပွား ဆက်သွယ် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံတွေ့ဆုံ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာမာလာမျိုးညွန့်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ Chief Representative ဖြစ်သူ Ms. Yun Jiun ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့



တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ ၃ ၌ လက်ခံ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် KOICA ဝန်ထမ်းများ၏ ဗီဇာရရှိရေးနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနနှင့် KOICA တို့ အကြား ရေရှည်ဆက်လက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

**အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၁/၅၄) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေး များ ကျင်းပ**

အင်ဒိုနီးရှားနိုင်ငံ၊ ဆီမာရန်မြို့၌ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၁/၅၄) ကြိမ် မြောက်အစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ ဒေါက်တာမာလာမျိုးညွန့် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေး ဝန်ကြီးဌာန၊ အာဆီယံညှိနှိုင်းရေးမှူး ဆိုင်ရာညွှန်ကြား ရေးမှူး၊ Ms. Dina Kurniasari က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူး ချုပ် နှင့်တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများသီးသန့် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ၂၀၂၃ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်စဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များအတွက်သဘောတရား စာတမ်းများ၊ ၂၀၂၃ ခုနှစ်အတွက် နှစ်အလိုက်ဦးစားပေး

လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ထို့အပြင် အစည်းအဝေး၌ ပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေသည့် အာဆီယံစီးပွားရေးမူဘောင်ဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၃၀) နှင့် ငါးနှစ်တာလုပ်ငန်းအစီအစဉ် စတင်ဆောင်ရွက်နိုင်ရန် မှတ်တမ်းတင်ခဲ့ပြီး အနာဂတ် အာဆီယံစီးပွားရေး သဘောတူစာချုပ်များ၏ အသက်ဝင်ခြင်းနှင့် စပ်လျဉ်းသည့် လမ်းညွှန်ချက် (မူကြမ်း) တွင်ထည့်သွင်းသွားမည့် ကိစ္စရပ်များ အပေါ် လိုက်ပါဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။စီးပွားရေးအရာရှိများက အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများထံ တင်ပြသည့် အစီရင်ခံစာကိုလည်း အစည်းအဝေးက မှတ်တမ်းတင်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အာဆီယံ - ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသအဆင့်မြင့်တင် သဘောတူစာချုပ် ညှိနှိုင်းမှုကိစ္စရပ်များ၊ အာဆီယံ - ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူ စာချုပ် ညှိနှိုင်းမှုများ၊ အာဆီယံ-တရုတ်၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-ဂျပန် ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု ဒေသဆိုင်ရာများစသည့် အာဆီယံပြင်ပ မိတ်ဖက် နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှု ခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး ၂၀၂၃ ခုနှစ် မတ်လတွင်ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးအတွက်ကြိုတင်ပြင်ဆင်မှုများ၊ ၂၀၂၃ ခုနှစ်အတွင်း အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်နှင့် ၂၀၂၃ ခုနှစ်အတွင်းကျင်းပမည့် အာဆီယံ စီးပွားရေး ဆိုင်ရာ အစည်းအဝေးများကို မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက် အကောင်အထည်ဖော်မှုကို ကြီးကြပ်မည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ ပထမအကြိမ် အစည်းအဝေးနှင့် အေအီးစီ မဏ္ဍိုင်အောက်ရှိ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ၏ (၁၄) ကြိမ်မြောက် (Committee of the Whole-CoW) အစည်းအဝေးများသို့ဆက်လက်တက်ရောက်၍ အဆိုပါ အစည်းအဝေးတို့တွင် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက် အကောင်အထည်ဖော်မှုကို ကြီးကြပ်မည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညွှန်းတမ်း ၊ အာဆီယံ အဆင့်မြင့်အရာရှိများ အစည်းအဝေးတို့မှ ထွက်ပေါ်လာသောရလဒ်များအပေါ် လိုက်ပါဆောင်ရွက်ရန်ကိစ္စရပ်များ ၊ ၂၀၂၂ ခုနှစ်၏ အေအီးစီ ဦးစားပေး လုပ်ငန်းများအကောင် အထည်ဖော်မှု အခြေအနေ၊ ၂၀၂၃ ခုနှစ် အတွင်း ဦးစားပေးအကောင်အထည်ဖော်မည့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ၊ အာဆီယံ အသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ဆိုင်ရာတိုးတက်မှုများ၊ အင်ဒိုနီးရှား နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ၂၀၂၃ ခုနှစ်အတွင်း အာဆီယံစီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအတွက် သဘောတရား စာတမ်းများတို့ အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ အာဆီယံ




ပေါင်းစပ် ညှိနှိုင်းရေးကော်မတီ၏ ၂၀၂၃ ခုနှစ်အတွက် အဓိက ဦးစားပေးလုပ်ငန်းများ ၊ အာဆီယံမဏ္ဍိုင် (၃) ရပ် အကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် အရေးကြီး ကိစ္စရပ်များဖြစ်သည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် အာဆီယံစီးပွားရေး မူဘောင်ဆိုင်ရာ

လုပ်ငန်း စီမံချက် (၂၀၂၃-၂၀၃၀) နှင့်လုပ်ငန်းအစီအစဉ်၊ ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံ မဟာဗျူဟာရေးဆွဲနိုင်ရေး၊ အာဆီယံ ဘဏ္ဍာငွေ တည်တံ့ခိုင်မြဲရေး၊ ဘန်ဒါဆရီဘီဂါဝမ် လမ်းပြမြေပုံ အကောင်အထည်ဖော်မှု၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ကွင်းဆက် အကောင်အထည်ဖော်မှုကို ကြီးကြပ်မည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး နှင့် စပ်လျဉ်းသည့် လုပ်ငန်းညွှန်းတမ်း၊ ကိုဗစ်အလွန်




ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေ တို့အပေါ် မှတ်တမ်းတင်ခဲ့ကြသည်။

## အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီ၏ အထူးအစည်းအဝေးကျင်းပ

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီ ၏ အထူးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ မြန်မာ စံတော်ချိန် (၀၈:၀၀) နာရီ မှ (၁၅:၀၀) နာရီ အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့ရာ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စား လှယ် အဖွဲ့က ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက် ခဲ့ပါသည်။ လာအိုနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့၍ ကျန်အာဆီယံ နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့က Physical ပုံစံဖြင့် တက်ရောက် ခဲ့ပါသည်။

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုညှိနှိုင်းရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် နှင့် အာဆီယံ ညှိနှိုင်းမှုညွှန်ကြားရေးမှူးဖြစ်သူ Mrs. Dina Kurniasari နှင့် ကနေဒါနိုင်ငံ Global Affairs မှ ကုန်သွယ်မှု ညှိနှိုင်းရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Jay Allen တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး ကနေဒါနိုင်ငံနှင့် အာဆီယံ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပါသည်။

အစည်းအဝေးတွင် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းခြင်းလုပ်ငန်းများအား ၂၀၂၃ ခုနှစ်တွင် အပြီးသတ်နိုင်ရန်အတွက် ကုန်သွယ်မှုညှိနှိုင်းရေး ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းအဖွဲ့/အဖွဲ့ခွဲများ၏ ဆွေးနွေးမှုအခြေအနေများ၊ အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်တွင် ထည့်သွင်းရန်အဆိုပြုထားသော မပြီးပြတ် သေးသည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

## အမေကင်အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ ၂၀၂၂ ခုနှစ် အတွက် ပထမအကြိမ် အစည်းအဝေး ကျင်းပ

အရှေ့အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအဖွဲ့၏ ၂၀၂၂ ခုနှစ်အတွက် ပထမအကြိမ်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဗွီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးသို့ ဂျပန်နိုင်ငံ၊စီးပွားရေး၊ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကုန်သွယ်ရေး မူဝါဒဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး ချုပ်ဖြစ်သူ Mr. Koichi CHIYO နှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတကာကုန်သွယ်ရေးရာညွှန်ကြားမှုဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Rath Saravuth တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး မဲခေါင် နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မဲခေါင် စက်မှု ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ (Mekong Industrial Development Vision- MIDV 2.0) လုပ်ငန်းအစီအစဉ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း နှင့် ဗီယက်နမ် နိုင်ငံ တို့က အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးတွင် မဲခေါင်စက်မှု ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ အောက်ရှိ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ဆွေးနွေးခဲ့ပြီး ပေါင်းစည်းမှု၊ ဒီဂျစ်တယ်တီထွင်ဆန်းသစ်မှုနှင့် ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အတွက် ဆောင်ရွက်မည့် စီမံချက်အသစ်များကို ကြိုဆိုပါကြောင်းနှင့် စီမံချက်များ အကောင်အထည်ဖော်ရာတွင် အတူလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ စက်မှုပူးပေါင်း ဆောင်ရွက်ရေးဦးစီး ဌာန၊ လမ်းဦးစီးဌာန၊ ပို့ဆောင်ရေး စီမံကိန်း ဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။



## အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် ကြားဖြတ်အစည်းအဝေး ကျင်းပ

အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်ကြားဖြတ်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် နေ့မှ ၃ ရက်နေ့ အထိ ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပူးတွဲသဘာပတိများ အဖြစ် ဘရူနိုင်းနိုင်ငံ၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး ဌာန၊ ကုန်သွယ်ရေးဌာနခွဲမှ Mr. Yusdiman Saman၊ ဩစတြေးလျနိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာနမှ Ms. Juliana Nam နှင့် နယူးဇီလန်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ Mr. Keawe Woodmore တို့က ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပူးတွဲကော်မတီ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့များမှ တင်ပြလာသည့် ဆွေးနွေးညှိနှိုင်းမှုများ၏ ဖြစ်ပေါ် တိုးတက်မှုအခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ အပြီးသတ် ကမ်းလှမ်းချက်များ ပေးပို့ရန် ကျန်ရှိသည့် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့သည်။ ထို့ပြင် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ခြင်းဆိုင်ရာသဘောတူစာချုပ်အဆင့်မြှင့်တင်ခြင်းအတွက် ညှိနှိုင်းမှုများ ပြီးစီးကြောင်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပ မည့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ထိပ်သီး အစည်းအဝေးတွင်ကြေညာနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။



MIFER

# ပြည်တွင်း၊ ပြည်ပ စီးပွားရေးသတင်းကဏ္ဍ

ရင်းနှီး/စီးပွားသတင်းလွှာ

MIFER BULLETIN

(1/2023)

## လျှပ်စစ်သုံးယာဉ်များရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ စတင်ဖွင့်လှစ်

လျှပ်စစ်သုံးယာဉ်များအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ (နေပြည်တော်) MG EV Charging Station (NPT) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၄ ရက်တွင် နေပြည်တော်သပြေကုန်းဈေး ယာယီမဏ္ဍပ်၌ကျင်းပခဲ့ရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အား ဖြည့်သွင်းရုံ(နေပြည်တော်) MG EV Charging Station (NPT) အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များကို လက်တွေ့စမ်းသပ်မောင်းနှင်ခဲ့ပါသည်။



မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီက Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် လျှပ်စစ်သုံးယာဉ်များ လွယ်ကူလျင်မြန်စွာ အားသွင်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Charging Station) များ တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိရာ နေပြည်တော်အတွင်း NPK Motor Co., Ltd က ပထမဦးစွာ တည်ဆောက်ဖွင့်လှစ် အသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီး Charging Stationနှင့်အတူ လျှပ်စစ်သုံး Taxi အငှားယာဉ်လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ (Charging Station) များကိုလည်း အမြန်ဆုံး ဖွင့်လှစ်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၉ စီးသည် မတ်လ ၃ ရက်က ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိလာပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် Asia Pacific Auto-maker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng အမျိုးအစား လျှပ်စစ်သုံးယာဉ်အစီး ၃၀ သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကာ အဆိုပါ လျှပ်စစ်သုံး ယာဉ်များတင်သွင်းမှုသည် ပြည်တွင်း လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောက်ခွန် ကင်းလွတ်ခွင့် သက်သာခွင့်ပြုထားကြောင်း သိရှိရပါသည်။



Source: https://www.myawady.net.mm

## ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်ရရှိ

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆၈၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၀၈၃၀ ကျော် တင်ပို့ခဲ့သည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၅၈၃၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၃၅၀၀၀ ခန့် တင်ပို့ခဲ့သည်။

ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၂၀ ခန့်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၈၃၀ ခန့်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၂၀၀ ခန့်၊ ထိုင်ဝမ်သို့ ဆန် တန်ချိန် ၅၀၀ နှင့် ဟောင်ကောင်နှင့် ဗီယက်နမ်သို့လည်း တန် ချိန်အနည်းငယ် တင်ပို့ခဲ့သည်။

ထို့ပြင် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၈၁၀၀ ကျော်၊ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၇၆၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၁၇၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၅၇၀ကျော်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၁၂၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၅၀ ခန့်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၄၂၀ ကျော်၊ ချက်နိုင်ငံသို့ ဆန်တန်ချိန်၁၀၇၀ ၊ နယ်သာလန်



နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ ခန့်၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၈၆၀ ကျော်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၇၇၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀ ခန့်နှင့် ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀ ကျော်၊ ပြင်သစ်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဂရိနိုင်ငံ၊ ခရိုအေးရှားနိုင်ငံတို့သို့လည်း ဆန်တန်ချိန် ၂၀၀ ကျော်စီ တင်ပို့ခဲ့သည်။ လစ်ဗျားနိုင်ငံနှင့် ဆိုက်ပရပ်စ်နိုင်ငံ တို့သို့လည်း ဆန်တန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၅၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၆၉၀၀ ကျော် တင်ပို့နိုင်သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၈၇၇၃၀ ကျော်ဖြစ်သည်။ ဇန်နဝါရီလအတွင်း ဆန်တင်ပို့မှုတန်ချိန်မှာ ၁၄၈၅၀၀ ကျော်ဖြစ်သဖြင့် ယခုလတွင် ဆန်တန်ချိန် ၆၀၀၀၀ ကျော် လျော့နည်းခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၀၈ သန်းတန်ဖိုးရှိ ဆန် ကွဲတန်ချိန် ၄၇၀၀၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၀၇၀၀ ကျော်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၆၃၀၀ ကျော် တင်ပို့သည်။

ဆန်ကွဲတင်ပို့သော နိုင်ငံများမှာ အာရှတွင် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၄၀၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၆၅၀၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၂၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀၀၊ အီတလီ ၅၇၀ ကျော်၊ ပိုလန် ၅၀၀၊ ပေါ်တူဂီ ၄၅၀ နှင့် ပြင်သစ်နိုင်ငံသို ဆန်ကွဲတန်ချိန် ၃၅၀၊ လစ်သူရေးနီးယား နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ နှင့် ချက်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

ဖေဖော်ဝါရီလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်ကွဲတန်ချိန် ၂၈၇၀၀ ကျော်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှ ဆန်ကွဲတန်ချိန် ၂၀၁၀ ကျော် စုစုပေါင်း နယ်စပ်မှ ဆန်ကွဲတင်ပို့မှုတန်ချိန် ၃၀၇၀၀ ကျော်မှ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၅၀ သန်းရရှိခဲ့သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ စုစုပေါင်း ဆန်ကွဲတင်ပို့မှုတန်ချိန် ၇၇၇၀၀ ကျော်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၅၈ သန်းရရှိခဲ့သည်။ ဇန်နဝါရီလ ဆန်ကွဲတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၆၀၀၀ ကျော် လျော့နည်းခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၆၅၄၃၀ ကျော်နှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၆၆ ဒသမ ၄၉၇ သန်း ရရှိခဲ့သည်။

Source : https://www.commerce.gov.mm/

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင်Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇ ဒေါ်လာဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဒေါ်လာ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဒေါ်လာဖြင့် လည်းကောင်း၊ ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေ ရိကန်ဒေါ်လာ ၅၀၂ ဒေါ်လာဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ ၄၉၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၈ ဒေါ်လာဖြင့် လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင်အမေရိကန်ဒေါ်လာ၄၇၂ ဒေါ်လာဖြင့်လည်းကောင်း၊ ညှော့မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၂ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၁ ဒေါ်လာ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန်၊ ညှော့မထ ၅ ရာခိုင်နှုန်း ဆန်၊ ညှော့မထ ၂၅ ရာခိုင်နှုန်းဆန် ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်း မြင့်တက်နေခဲ့ကာ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၁၃၀၆၅၀ ဒသမ ၈၄၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၄ ဒသမ ၁၄၇ သန်း၊ ဆန်ကွဲ တန်ချိန် ၇၀၂၅၀၆ ဒသမ ၅၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၄၃၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၈၃၃၁၅၇ ဒသမ ၃၅၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၆၇၄ ဒသမ ၅၈၅ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၀၇၈၀၈၉ ဒသမ ၈၂၀ တန်၊ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၃၈၂ ဒသမ ၈၆၈ သန်း၊ ဆန်ကွဲတန်ချိန် ၆၇၅၇၈၂ ဒသမ ၈၃၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၇၂၁ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၇၅၃၈၇၂ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၉၂ ဒသမ ၅၈၉ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၅၂၅၆၁ ဒသမ၀၂၆တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၇၉ သန်း၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၂၆၇၂၃ ဒသမ ၆၈၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၀ ဒသမ ၇၁၇ သန်း ပိုမိုတင်ပို့ခဲ့သည်ကို သိရှိရသည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက် အထိ (ယာယီ) စာရင်းများအရ မြန်မာ့ဆန်ကို ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကာ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ကို ဒုတိယနှင့် တတိယအများဆုံး တင်ပို့ထားပြီး

အီတလီ၊ စပိန်၊ ခရိုအေးရှား၊ ဂရိ၊ ဂျာမနီ၊ နယ်သာလန်နှင့် ပြင်သစ် အပါအဝင် ဥရောပအဖွဲ့ဝင်နိုင်ငံများဆီသို့လည်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတွင် တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် အီတလီ စသည့်နိုင်ငံများသို့ ပျမ်းမျှ ဆန်တန်ချိန် လေးသောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံမှ ဆန်တန်ချိန် ငါးသောင်းကျော်၊ COTED'IVOIRE နိုင်ငံမှ တန်ချိန် တစ်သိန်းကျော်နှင့် ကင်မရွန်းနိုင်ငံမှ တန်ချိန် ငါးသောင်းကျော် သိသိသာသာ တင်ပို့မှု လျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ (ယာယီ) စာရင်းများအရ ယခင်နှစ်က တင်ပို့မှုမရှိခဲ့သည့် အင်ဒိုနီးရှား ၊ တူရကီ၊ ဂရိ၊ ယူကေ၊ မာဒါဂါစကာ၊ လက်ဘနွန်၊ ဆလိုဗက်ကီးယား၊ ပွာတိုရီကို၊ ကနေဒါ နှင့် အက်စ်တိုးနီးယား စသည့်နိုင်ငံများသို့ ယခုဘဏ္ဍာနှစ်တွင် တင်ပို့မှု ရှိခဲ့ကြောင်း တွေ့ရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့ တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၂၀ကျပ်နှုန်းရှိပြီး ညွှန့်မထ ၂၅ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ကျပ် ၄၃၂၆၀ မှ ၄၅၃၆၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၈၅ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ညွှန့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ညွှန့်မထဆန် တစ်ပြည်လျှင် လွိုင်ကော်မြို့ တွင် ကျပ် ၃၄၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တွင် ညွှန့်မထဆန်သစ် တစ်ပြည်လျှင် ၁၈၀၀ ကျပ်ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည် ကို တွေ့ရှိရသည်။

Trading Economics Websiteတွင် ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၆၇ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့ သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

Source : https://www.commerce.gov.mm/



## မြန်မာ့ကြက်သွန်နီကို ပြည်ပသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့ရန် လုပ်ဆောင်နေ

အခြေခံ စားသောက်ကုန် စားဖိုဆောင် သီးနှံဖြစ်သည့် မြန်မာ့ကြက်သွန်နီကို ဈေးကွက် အလားအလာရှိသည့် ပြည်ပနိုင်ငံများသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့နိုင်ရန် လုပ်ဆောင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ယင်းသို့ တင်ပို့နိုင်ရန်အတွက် ဖိလစ်ပိုင် အပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများနှင့် ချိတ်ဆက်လုပ်ဆောင်သွားမည် ဖြစ်ပြီး လက်ရှိ ဖိလစ်ပိုင်နိုင်ငံတွင် ကြက်သွန်နီ ဈေးအမြင့်ဆုံး ရောက်ရှိနေသောကြောင့် အစိုးရချင်း ချိတ်ဆက်၍ တင်ပို့ရောင်းချနိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအတွက် အပင်ပိုးမွှားရောဂါများ ကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်များ လွယ်ကူစွာ ထုတ်ယူနိုင်ရန် ပြင်ဆင်ထားရှိသည့်အပြင် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ပြည်ပနိုင်ငံများသို့ ကြက်သွန်နီ တန်ချိန် တစ်သိန်းခန့် တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရာတွင် ဘဏ္ဍာနှစ်၏ ပထမသုံးလ ဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လ အထိ တန်ချိန် ၃၀၀၀၀၊ ဒုတိယသုံးလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလအထိ တန်ချိန် ၁၅၀၀၀၊ တတိယသုံးလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တန်ချိန်၂၀၀၀၀၊ ဘဏ္ဍာနှစ်နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ တန်ချိန် ၃၅၀၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် နှစ်စဉ် ကြက်သွန်နီ တန်ချိန်တစ်သန်းကျော်အထိ ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်များဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကိုမန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးနေခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တန်ချိန် ရှစ်သောင်းကျော် တင်ပို့ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

Source : https://www.commerce.gov.mm/



## နိုင်ငံ့စီးပွားမြင့်တင်ဖို့ MSME ကို အားပေးစို့

မွန်ပြည်နယ်၏ စီးပွားရေးလုပ်ငန်း အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေး လုပ်ငန်းများကို အဓိက လုပ်ကိုင်ကြသည်။ ထို့ပြင် သဘာဝ သယံဇာတများစွာ ထွက်ရှိသည့် ဒေသတစ်ခု လည်းဖြစ်သည်။ သို့သော် အဆိုပါစိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝသယံ ဇာတများမှ ထွက်ရှိလာသော ကုန်ပစ္စည်း များမှာ ကုန်ကြမ်းများသာဖြစ်ကြသည်။ အဆိုပါကုန်ကြမ်း များကို ပြည်တွင်း/ ပြည်ပများ၌ ရောင်းဝယ်ဖောက်ကား ရာတွင် ကုန်ချောများနှင့် ယှဉ်ပါက ဈေးနှုန်း/ ဈေးကွက် ကွာဟမှု များစွာရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကုန်ကြမ်းအဆင့်မှ ကုန်ချော အဆင့်သို့ တန်ဖိုးမြင့် ထုတ် လုပ်ရန် လိုအပ်သည်။ ထိုကဲ့သို့ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် အတွက် ပြည်တွင်းစီးပွားရေး၏ အဓိက မောင်းနှင်အား ဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများသည် အလွန် အရေးပါလှပေသည်။ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ အတွက် MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်လျက်ရှိ သည်။

MSME စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု၊ အခြား ဟူ၍ လေးမျိုးရှိရာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကုန်ထုတ်လုပ်မှု ကဏ္ဍသည် အရေးကြီးသော ကဏ္ဍတစ်ခုပင်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ပြည်တွင်း၌ လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်များကို ပြည်တွင်း၌ ဖူလုံ အောင်ထုတ်လုပ် နိုင်မည်ဆိုပါက ပြည်ပမှ သွင်းကုန် တင်သွင်းမှု လျော့ကျစေပြီး ကုန်သွယ်မှု လိုငွေပြမှုကို လျော့နည်း စေမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပို့ကုန်တင်ပို့ နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန် ဝင်ငွေများရရှိပြီး နိုင်ငံတော်၏ စီးပွားရေးလည်း ဖွံ့ဖြိုး တိုးတက် လာမည် ဖြစ်ပါသည်။

ထိုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ခြင်းနှင့်အတူ အလုပ်အကိုင်ရှားပါးမှု ပြဿနာ လျော့ကျလာပြီး အလုပ်အကိုင်အခွင့်အလမ်း များလည်း ဖန်တီးပေး နိုင်မည်ဖြစ်ရာ စီးပွားရေးမျှော်မှန်းချက် ဖြစ် သောထုတ်လုပ်ခြင်းမှ ရောင်းဝယ်ဖောက်ကား ကုန်သွယ် သည်အထိ စီးပွားရေးလုပ်ငန်းရှင် များသာမက အလုပ် သမားများပါ အားလုံးအကျိုးခံစားရသော ကုန်သွယ်မှု တစ်ခုလည်း ဖြစ်လာပေမည်။

မွန်ပြည်နယ်တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ MSME Member Card ထုတ်ပေးမှု စုစုပေါင်း ၁၂၈၆ ခုရှိကြောင်း သိရှိရသည်။ ၎င်းတို့အနက် ကုန်ထုတ်လုပ်ငန်းများ ဖြစ် သောဆန်စက်၊ ဆီစက်အပါအဝင် အစားအစာထုတ်လုပ်မှု လုပ်ငန်း၊ သစ်နှင့်သစ် အချောထည် ထုတ်လုပ်မှု လုပ်ငန်း၊ ရော်ဘာနှင့် ပလတ်စတစ်ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တု မဟုတ်သော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း (ဥပမာ-ကျောက်ခွဲလုပ်ငန်း)၊ အခြေခံသတ္တုပစ္စည်း များ ထုတ်လုပ်မှုလုပ်ငန်း၊ စက်နှင့်စက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်း၊ ဓာတုပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း (ဥပမာ-သဘာဝမြေသြဇာ ထုတ် လုပ်ငန်း)၊ ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း၊ အဝတ်အထည် ထုတ်လုပ်သည့် လုပ်ငန်း စသည့် ကုန်ထုတ် လုပ်ငန်းပေါင်း ၄၆၅ ခု ရှိကြောင်း ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန စာရင်းများအရ သိရှိရ သည်။

ယခုအခါ နိုင်ငံတော်မှ MSME စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီ ဆောင်ရွက်ပေးနေသည်မှာ MSME စီးပွားရေးလုပ်ငန်း ရှင်များအတွက် အားတက်ဖွယ်ရာ ဖြစ်ပါသည်။ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွ က် MSME Agency များကို ဗဟိုအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွဲ့စည်းအကောင်အထည် ဖော်ခြင်း၊ MSME Help Desk များဖွင့်လှစ်၍ ၎င်းတို့၏ အခက်အခဲ များကို ကူညီဆောင်ရွက်ပေးခြင်း၊ MSME Talk Show စကားဝိုင်း ဆွေးနွေးခြင်းများ ကျင်းပပြုလုပ်ပြီး ၎င်းတို့၏ အခက်အခဲများကို ဆွေးနွေးစေခြင်း၊ သက်ဆိုင်ရာဌာန များက မိမိတို့ ကဏ္ဍအလိုက် ဖြေကြားပေးခြင်းများကို ဆောင် ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းရှင်များ နှင့် ဆွေးနွေးချက်အရ MSME များ၏ အဓိက ရင်ဆိုင်နေ ရသော အခက်အခဲများမှာ မတည်ရင်းနှီးငွေ အခက်အခဲ များ၊ ဈေးကွက်အခက်အခဲများ၊ နည်းပညာ အခက်အခဲ

များရှိနေကြောင်း သိရှိရသည်။ မွန်ပြည်နယ်ရှိ MSME စီးပွားရေး လုပ်ငန်းရှင် အများစုမှာ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက် အတွက်သာ ရည်ရွယ်ပြီး ထုတ်ကုန်ပစ္စည်းကို တီထွင်ဆန်းသစ်မှုမရှိဘဲ မိရိုးဖလာ နည်းလမ်းအတိုင်းသာ ထုတ်လုပ်နေကြသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပြည်ပကိုတင်ပို့နိုင်သော MSME ထုတ်ကုန်ပစ္စည်းများ မရှိသလောက် နည်းပါးပြီး လက်ရှိအချိန်တွင် မွန်ပြည်နယ်၌ Export Quality အဆင့်မီသော ဆန်စက်တစ်လုံးသာ ရှိကြောင်း သိရှိရသည်။

မွန်ပြည်နယ်သည် ရော်ဘာအများဆုံးထွက်ရှိသည့် ပြည်နယ် တစ်ခုဖြစ်သော်လည်း MSME ကဏ္ဍမှထွက်ရှိသော ရော်ဘာများသည် နည်းပညာ လိုအပ်ချက်ကြောင့် အရည်အသွေးမမီသဖြင့် ၎င်းတို့၏ ဈေးကွက်သည် ပြည်နယ်အတွင်းရှိ ရော်ဘာစက်ရုံကြီးများကိုသာ မှီခိုနေရကြောင်း သိရှိရသည်။ MSME ထုတ်ကုန် ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်အာမခံချက် ရှိစေရန်၊ ဈေးနှုန်း/ဈေးကွက် ခိုင်မာစေရန်အတွက် ဈေးကွက်လိုအပ်ချက်များ၊ စားသုံးသူလိုအပ်ချက်များကို သိရှိထားရန် လိုအပ်ပြီး ဖြည့်ဆည်းပေးရန် လည်းလိုအပ်သည်။ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက် မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင်တိုးတက် ပြောင်းလဲနေသော ခေတ်နှင့်အညီ နည်းပညာများ၊ နည်းစနစ်များကို အသုံးချရန် လိုအပ်သည်။ ထိုကဲ့သို့ နည်းပညာများ၊ နည်းစနစ်များကို အသုံးချနိုင်ရန်အတွက် MSME လုပ်ငန်းရှင်များကို ကုန်ထုတ်လုပ်မှု နှင့် သက်ဆိုင်သော တီထွင်ဆန်းသစ်မှု နည်းပညာ၊ အရည်အသွေးမြှင့်တင်ခြင်း နည်းပညာ၊ ဒီဂျယ်တယ်စနစ်ဖြင့် ဈေးကွက် အရောင်းမြှင့်တင်ခြင်း ဆိုင်ရာ နည်းပညာများ စသည်တို့ကို ပံ့ပိုးပေးရန် လိုအပ်သည်။

MSME စီးပွားရေး လုပ်ငန်းရှင်များ ရင်ဆိုင်ရသည့် အခက်အခဲတစ်ခု ဖြစ်သော မတည်ရင်းနှီးငွေ အခက်အခဲနှင့်ပတ်သက်၍ နိုင်ငံတော် အနေဖြင့် ကိုဗစ် (၁၉) ရန်ပုံငွေမှ ထုတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ် လုပ်ငန်းများအတွက် နိုင်ငံ့စီးပွား မတည်ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးခြင်း၊ JICA Two Step Loan မှ ချေးငွေများ ထုတ်ချေးပေးခြင်း၊ MSME စီးပွားရေးလုပ်ငန်းများအတွက် ကာလတို၊ ကာလရှည်ချေးငွေများ ထုတ်ချေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

MSME ထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေး အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊စင်ကာပူ၊ ထိုင်း၊ တရုတ် (ပေကျင်း၊ နန်နင်း၊ ကူမင်း၊ ဟောင်ကောင်)၊ အမေရိကန် ပြည်ထောင်စု၊ ဂျာမနီနိုင်ငံများသို့ စီးပွားရေးသံမှူးများ စေလွှတ်ထားပြီးကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်း များကို စီးပွားရေးသံမှူးများနှင့် ပုံမှန်တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေး၊ ဈေးကွက်ရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။


ထို့ပြင် MSME ထုတ်ကုန်ပြပွဲများ၊ ကုန်စည်ပြပွဲများ၊ ဒေသထွက်ကုန်ပြပွဲများကို သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ မြစ်ကြီးနား၊ မုံရွာ၊ မူဆယ်၊ တောင်ကြီး၊ မကွေး၊ မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်၊ စစ်တွေ၊ ပုသိမ်၊ မော်လမြိုင်၊ လွိုင်ကော်မြို့များတွင် ကုန်သွယ်မှု ဗဟိုဌာနများ ဖွင့်လှစ်၍ ပြည်တွင်း/ ပြည်ပမှ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဒေသတွင်းမှ စီးပွားရေး လုပ်ငန်းရှင်များကို ချိတ်ဆက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဈေးကွက်သတင်းအချက်အလက်များဖြန့်ဝေ ပေးခြင်း ဆောင်ရွက်ပေးလျက် ရှိသည်။

ယခုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်ကဦးဆောင်၍ ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက် ပံ့ပိုးကူညီနေသည့် အချိန်တွင် MSME စီးပွားရေးလုပ်ငန်းရှင် များအနေဖြင့်လည်း အင်တိုက် အားတိုက်လိုက်ပါ ဆောင်ရွက်ပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရန်၊ ရေရှည်အာမခံ ချက်ရှိရန်၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုထိုးဖောက်နိုင်ရန်ကြိုးပမ်းကြရန်လိုပါသည်။ သို့မှသာ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ စီးပွားရေး လုပ်ငန်းရှင်များ အတူတကွ လက်တွဲ ချိတ်ဆက်ခြင်းဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အတူ နိုင်ငံတော်၏ လူမှုစီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။

ကိုးကား - မြန်မာ့အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ နိုင်ငံတကာကုန်သွယ်မှု တွင် ပိုမိုချိတ်ဆက် ပါဝင်နိုင်ရေး လေ့လာသုံးသပ် တင်ပြချက်။

**မိုးမိုး (မွန်)**

Source : https://www.commerce.gov.mm/



## လျှပ်စစ်ကားများအတွက် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် EV Charger များ မြန်မာနိုင်ငံသို့ ရောက်ရှိ

လျှပ်စစ်ကားများအတွက် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် အားသွင်းစက် (EV Charger) များ MITT ဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ EV Charger များ တင်သွင်းရန်အတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံမှ တင်သွင်းလာသည့် EV Charger 60 kw ငါးစုံနှင့် 200 kwနှစ်စုံတို့သည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း MITT ဆိပ်ကမ်းသို့ ဖေဖော်ဝါရီလ (၁) ရက်တွင်ရောက်ရှိ လာပြီး ဖေဖော်ဝါရီလ ၃ ရက်တွင် Import Declaration ဖွင့်လှစ်ပြီး အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် အားသွင်းစက် (EV Charger) များအား သွင်းကုန်လိုင်စင်များနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ ကိုက်ညီမှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး ဖေဖော်ဝါရီလ ၇ ရက်တွင် ဆိပ်ကမ်းမှ ထုတ်ယူခွင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ အမှတ်(၃) တိုးဂိတ်၊ ဖြူးယာဉ်ရပ်နားစခန်း ၊ နေပြည်တော်လမ်းဆုံ ယာဉ်ရပ်နားစခန်းတို့တွင် Charging Station များ တည်ဆောက်နိုင်ရေးအတွက် Earth Renewable Energy ကုမ္ပဏီက အဆိုပါ EV Charger များကို တရုတ်နိုင်ငံမှ တင်သွင်းလာခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ကုမ္ပဏီ(၂)ခုကတရုတ်နိုင်ငံထုတ် လျှပ်စစ်ကားအစီး(၄၀)ကို တင်သွင်းထားပြီး တချို့တဝက်ကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် Taxi အဖြစ်ပြေးဆွဲသွားမည်ဖြစ်ကြောင်းနစကာဘက်မှ ထုတ်ပြန်သည်။

အလားတူ လျှပ်စစ်သုံးယာဉ်(EV)တင်သွင်းရန် အဆိုပြုသောကုမ္ပဏီ(၄၀)နီးပါးအထိတိုးမြင့်လာခဲ့ပြီးကုမ္ပဏီ(၆)ခုအား သွင်းကုန်လိုင်စင် ခွင့်ပြုပေးထားကြောင်းလည်း သိရသည်။



Source: https://npnewsmm.com/news/63e378f5d6440b5ac270688f

## သတ္တုနှင့်တွင်းထွက်တင်ပို့မှုမှ ၁၀ လ အတွင်း အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော် ရရှိခဲ့

လက်ရှိ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ၁၀လအတွင်းသတ္တုနှင့် တွင်းထွက် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ သန်းကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန် အထိ စာရင်းများအရ ပြည်ပသို့ သတ္တုနှင့် တွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇၇ သန်း ရရှိထားခြင်းဖြစ်သည်။

နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ၂၃ ဒသမ ၄၃ သန်း၊ ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၀၄ သန်း ရရှိခဲ့ခြင်းဖြစ်ပြီး သတ္တုတွင်းထွက်ပစ္စည်း ကဏ္ဍအနေဖြင့် အဓိကတင်ပို့သည့် ပြည်ပနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်းသိရသည်။

တင်ပို့လျက်ရှိသည့် သတ္တုအမျိုးအစားများမှာ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ကြေးဝါ စသည်တို့ဖြစ်ကြောင်းသိရသည်။ အများဆုံး တင်ပို့လျက်ရှိသည့် ခဲမဖြူနှင့် အဖြိုက်နက် သတ္တုများကို ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိက ထုတ်လုပ်နေခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာ တွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက် နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက်ပစ္စည်း အမျိုးမျိုး တို့ကိုပါတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ဧပြီလမှ ဇန်နဝါရီလ ၂၇ ရက်အထိ သတ္တုတွင်းထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၄၅၇ သန်းအထိ ရရှိခဲ့ကြောင်း သိရသည်။



## လျှပ်စစ်ယာဉ် အစီးရေ ၃၀၀၀ ခန့် တင်သွင်းခွင့်ပြုထား

စက်မှုဝန်ကြီးဌာနက အငှားယာဉ် (Taxi) နှင့်ဘတ်(စ်) ကားများ ပါဝင်သည့် လျှပ်စစ်ယာဉ် (EVs) အစီးရေ ၃၀၀၀ ခန့်ကို ပထမအဆင့်အနေဖြင့် နိုင်ငံအတွင်း တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိတွင် EV ကား အစီးရေ ၁၁၀ ကျော် တင်သွင်းထားပြီး မကြာမီကာလအတွင်း ကားအစီးရေ ပိုမိုရောက်ရှိလာမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မတ် ၈ ရက်တွင် ပြောသည်။ “EV မူဝါဒကို ရေးဆွဲထားပြီးသားပါ။ အခု မတ်လမှာ မိတ်ဆက်သွားဖို့ရှိပါတယ်။ လက်ရှိမှာလည်း EV တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှု သိသိသာသာ လျှော့ချလိုက်တာကြောင့် လျှပ်စစ်ယာဉ်တင်သွင်းခြင်းနဲ့ ဝယ်ယူခြင်းတွေမှာ လူအများရဲ့ စိတ်ဝင်စားမှု မြင့်တက်လာပါတယ်”ဟု ၎င်းက ပြောသည်။

“တရုတ်နိုင်ငံထုတ် EV တွေက တင်သွင်းဖို့ အကြံပြုထားတဲ့ ကားတွေပါ။ တရုတ် EV တွေက ကမ္ဘာတစ်ဝန်းမှာ အောင်မြင်နေပါတယ်။ ဒါကြောင့် တရုတ်ကားတွေ တင်သွင်းဖို့ အားပေးနေပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် “လျှပ်စစ်မော်တော်ယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းကော်မတီ”ကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် CBU၊ CKD၊ SKDစနစ်များဖြင့် တင်သွင်းမည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသည့် အခွန်နှုန်းထားများကို သုည ရာခိုင်နှုန်းအထိ လျှော့ချသတ်မှတ်ခဲ့ကြောင်း သိရသည်။

တစ်နှစ်တာ ရှေ့ပြေး EV စီမံကိန်း ဖော်ဆောင်မှုအရ လက်ရှိတွင် တရုတ်နိုင်ငံထုတ် ဘက်ထရီလျှပ်စစ်ကား (BEV) ) များကို ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်ကာ တင်သွင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Source: https://www.commercejournal.com



## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များတိုးမြှင့်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ် ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန် ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ပြည်ပသို့ ရော်ဘာတန်ချိန် နှစ်သိန်းကျော်တင်ပို့ထားပြီး လတ်တလောတွင် ကမ္ဘာ့ရော်ဘာဈေးနှုန်း မြင့်တက်လျက် ရှိသောကြောင့် ပြည်တွင်းရော်ဘာများ ဈေးကောင်းရရှိနေ။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက် အထိ ၁၁ လကျော် ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၂၇၈.၁ သန်း ရရှိခဲ့။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ၁၁ လ တာကာလအတွင်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၇၈၃ သန်း တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂,၀၉၉,၆၉၄ တန် တင်ပို့ခဲ့။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်အထိ ၁၁ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန်ချိန် ၁၄,၆၀၄.၀၈၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၁.၆၆၃ သန်းရရှိခဲ့။

ပြီးခဲ့သည့်ကာလတူက ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ၁၂,၇၂၃.၀၆၆ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅.၈၁၉ သန်းရရှိခဲ့သည့် အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပုစွန်မက်ထရစ်တန်ချိန် ၁,၈၈၁.၀၁၆ တန် ပိုမိုတင်ပို့နိုင်ခဲ့။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပြည်ပသို့ ပျားရည်တန်ချိန် ၁,၅၄၁.၀၈ တန် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၂.၃၁၁ သန်းရရှိခဲ့။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ်လ ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃.၃၄၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄.၅၆၅ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇.၉၁၀ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.myawady.net.mm



## EV (လျှပ်စစ်ကား) နှင့် ICE Vehicle (လောင်စာဆီသုံးအင်ဂျင်ကား) တို့ ကွာခြားချက်၊ အားသာချက်များအကြောင်း

နိုင်ငံတော်အကြီးအကဲက ယနေ့ မြန်မာနိုင်ငံတွင် လျှပ်စစ်ယာဉ် EV (Electric Vehicle) များသုံးစွဲနိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းရခြင်းသည် အောက်ဖော်ပြပါ အကြောင်းများကြောင့်ဆိုလျှင် မမှားနိုင်ပေ။

လျှပ်စစ်ယာဉ် EV (Electric Vehicle) များသုံးစွဲခြင်းဖြင့် လောင်စာဆီ ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံခြားငွေ သုံးစွဲရမှု လျော့နည်းပပျောက်စေခြင်း၊ လောင်စာဆီသုံးယာဉ်များ ICE (Internal Combustion Engine) Vehicle ၏ မောင်းနှင်အသုံးပြုနိုင်ရန် အင်အားဖြစ်ပေါ်ရေးအတွက် လောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ကြောင့် လူ၊ သတ္တဝါများနှင့် သစ်ပင်များ ထိခိုက်ပျက်စီးသေကျေကြရမှု လွတ်ကင်းစေခြင်း၊ EV ယာဉ်များ သွားလာရာတွင် ICE ယာဉ်များကဲ့သို့ဆူညံသံမဖြစ်ပေါ်စေခြင်းနှင့် မောင်းနှင်ရန် လိုအပ်သည့်စွမ်းအင်ရရှိစေဖို့ စုဖွဲ့တည်ဆောက်ထားသည့် ပစ္စည်း အစိတ်အပိုင်းအုပ်စုပါဝင်မှု နည်းပါးပြီး လွယ်ကူရှင်းလင်းပေါ့ပါးသည့်အတွက် ICE ယာဉ်များကဲ့သို့ ရှုပ်ထွေးများပြားလေးလံသည့် အင်ဂျင်အုပ်စု စုဖွဲ့တည်ဆောက်ထားသည့် အစိတ်အပိုင်းများထက် EV ယာဉ်များ တည်ဆောက်မှုတွင် Induction Motor & Inverter စသောနည်းပါးသည့် အစိတ်အပိုင်းများဖြင့်သာ ပေါ့ပါးစွာ စုဖွဲ့တည်ဆောက်ထားသဖြင့် ပျက်စီး ချွတ်ယွင်းနိုင်မှု နည်းပါး၍ ပြုပြင်ထိန်းသိမ်းရန် လွယ်ကူသောကြောင့် ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်များစွာ လျော့နည်းစေသည်။

EV ယာဉ်နှင့် ICE ယာဉ်တို့၏ အလေးချိန်နှင့် စွမ်းအားပေးနိုင်မှုအချိုး နှိုင်းယှဉ်ရာတွင် EV ယာဉ်မှာ (8.5 kW/kg) စွမ်းအားရရှိပြီး ICE ယာဉ်မှာ (0.8 kW/kg) သာ စွမ်းအားရရှိသည့်အတွက် မောင်းနှင်ကုန်ကျစရိတ်မှာ EV ($0.03/mile) ဖြစ်ပြီး ICE Vehicle ($0.1/Mile) ဖြစ်သဖြင့် အကွာအဝေးများများမောင်းလေ EV ယာဉ်ဖြင့် သွားလာစရိတ်ကုန်ကျမှုသည် ICE ယာဉ်အသုံးပြုကုန်ကျစရိတ်ထက်များစွာ သက်သာကြောင်း နိုင်ငံတကာတွင် စမ်းသပ်တွေ့ရှိထားသည့်အတွက် EV ယာဉ်များကို သုံးစွဲကြည့်ဖို့ အလေးထား စဉ်းစားနိုင်ရန် ရှင်းလင်းတင်ပြခြင်းဖြစ်သည်။

EV ယာဉ်သည် ICE ယာဉ်ထက်ပေါ့ပါးပြီး ကမ္ဘာမြေ၏ ဗဟိုချက်သို့ ဆွဲငင်သည့်အား CG (Center of Gravity) မှာ မြေပြင်နှင့် ပိုမိုနီးကပ်သဖြင့် အရှိန်ဖြင့် ကွေ့ရာတွင် တိမ်းမှောက်နိုင်မှုကိုကာကွယ်နိုင်ခြင်း၊ အရှိန်ဖြင့် မောင်းနှင်သွားလာရာတွင်လည်း တော်ရုံတန်ရုံတိမ်းမှောက်မှုမရှိခြင်း၊ ကားဘီးများ ပွန်းစားမှု လျော့နည်းစေမှုကြောင့် ကားဘီး သက်တမ်းတာရှည်ခံသဖြင့် ကုန်ကျစရိတ် လျော့နည်းစေခြင်း တို့ကလည်း EV ယာဉ်၏ အားသာချက်များဖြစ်သည်။

ဈေးကြီးသည့် နိုင်ငံခြားဖြစ်စက်သုံးဆီအပြင် အင်ဂျင်ဝိုင် အစရှိသည့် အစိတ်အပိုင်းအုပ်စုများ လည်ပတ်ဖို့ ထည့်ပေးရသော ချောဆီများကို EV ယာဉ်များ မောင်းနှင်အသုံးပြုရာတွင် မလိုအပ်တော့သဖြင့် ကုန်ကျစရိတ်များစွာ သက်သာစေသည်။

EV ယာဉ်များ၏ အဓိက စွမ်းအားဖြည့်ပေးရသည့် ဘက်ထရီ Li-ion မှာ ဈေးမြင့်နေသော်လည်း နည်းပညာ တိုးတက်လာသည်နှင့် ဈေးလျော့ကျပြီး အရည်အသွေး တိုးမြင့်လာသည့် Li-Fe Battery, LiFePO4 Battery, Iron-Graphite Foils Battery စသည် စသည်ဖြင့် တိုးတက်ပြောင်းလဲသုံးစွဲနိုင်ရန်လည်း ပညာရှင်များက ကြိုးပမ်းတီထွင်ပေးလျက်ရှိသည့်အတွက် များမကြာမီ ခေတ်ကာလတွင် EV ယာဉ်များသုံးစွဲမှုမှာ အံ့မခန်းတိုးတက်လာမှာဖြစ်ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် ဒုတိယ လေးလပတ်မှစပြီး BYD မှ EV ကားများအတွက် အဆင့်မြင့်တီထွင်ထားသည့် BYD New Blade Battery များကို ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချသွားမည့်အကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် SAIC နှင့် US car giant General Motors (GM) တို့ Joint Venture ထုတ်လုပ်သည့် Mini EV ကားများသည် USD 4100- USD 5600 ခန့် ဈေးနှုန်းများမှ အစပြု၍ အခြားအဆင့်မြင့် EV ကားများမှာ အမျိုးအစားအလိုက် ဈေးနှုန်းအစားစားရှိကြသည်။

နာမည်ကြီး ကားကုမ္ပဏီများမှထုတ်လုပ်သော ကားများထက် BYD တရုတ်ပိုင် ကားကုမ္ပဏီနှင့် ၎င်းနာမည်ကြီး ကားကုမ္ပဏီများဖြစ်သော Tesla, GM, Ford, Chavolet, Mercedes, Volkswagen, Hundai, Toyota, Renault, etc တို့နှင့် Joint Venture များပြုလုပ်ပြီး Integrated

High Technology ဖြင့် ယခင်ထက် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ပြီဖြစ်ပါသည်။

ကျွန်တော့်လို EV ယာဉ်များအကြောင်း ဗဟုသုတ ရသူများ၊ EV ကားများကို ပိုင်ဆိုင်မောင်းနှင်ချင်သူများ အများအပြား ရှိလာနိုင်မည်ဖြစ်သော်လည်း ချက်ချင်းငွေ ပေးချေ (Cash Down) ဝယ်ယူနိုင်ရန် အခက်အခဲရှိကြ ပါလိမ့်မည်။ လောင်စာဆီသုံး အင်ဂျင်ကားများထက် EV လျှပ်စစ်ကားများကို သက်သာသောဈေးနှုန်းဖြင့် အများ ပြည်သူဝယ်ယူခွင့်ရရှိအောင် သက်ဆိုင်ရာက မူဝါဒ ချမှတ်ပေးခြင်း၊ သုံးစွဲသူတို့ အဆင်ပြေချောမွေ့မှုရှိစေရန် အချိန်တိုအတွင်း Charging ဖြည့်သွင်းနိုင်သော Fast Charging System များ၊ Servicing များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပြည်တွင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံ လိုသူ လုပ်ငန်းရှင်များ ပူးပေါင်းကာ ပေါင်းစပ်စီမံ ဖြည့်ဆည်းပေးခြင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများ ရှိဝန်ထမ်းများ ကျယ်ပြန့်စွာ သုံးစွဲနိုင်ကြရန်အတွက် Down payment and Installment ပေါင်းစပ်ရောင်းချ ပေးနိုင်ခြင်း စသည့်အစီအစဉ်များကို စီမံပေးနိုင်ပါ လျှင် မြန်မာပြည်သူများခေတ်မီအဆင့်မြင့်စွာ EV ယာဉ်များ တစ်စတစ်စ သုံးစွဲလာသူတိုးပွားလာမည်ကို မျှော်တွေးမိ ပါကြောင်းတင်ပြလိုက်ရပါသည်။




Source: https://www.myawady.net.mm

**ယခုနှစ် ဇန်နဝါရီလ ထိုင်းဆန်တင်ပို့မှုပမာဏ ၇၅.၂ % မြင့်တက်**

ထိုင်းနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလ ဆန်တင်ပို့မှု ပမာဏ သည် (၈၀၅,၅၁၉) တန်အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်အစောပိုင်းတွင် ၇၅.၂% ခန့် မြင့်တက်ခဲ့ကြောင်း၊ ထိုင်းဘတ်ငွေတန်ဖိုး ကျဆင်းမှု နှင့်မြင့်တက်လာသည့် ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသမှ ဆန်ဝယ်ကုန်အမှာစာများအပေါ် နှစ်ကုန်ခန့်က ဖြည့်တင်း တင်ပို့ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဆန်တင်ပို့မှု တန်ဖိုးအနေဖြင့်လည်း ယခုနှစ် ဇန်နဝါရီ လတွင် တစ်နှစ်ထက်တစ်နှစ် ၇၈.၇၆ %အထိ ပိုမိုမြင့်တက် ခဲ့ကြောင်းနှင့် ထိုင်းဘတ်ငွေ ၁၄.၂၈ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၅၄၈.၉ မီလီယံခန့်) ရှိကြောင်း၊ ထိုင်း နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Mr. Ronnarong Phoolpipat က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဇန်နဝါရီလ ဆန်တင်ပို့မှုသည် ထိတ်လန့်စရာကောင်း သည့်နှုန်းဖြင့် တိုးတက်လာခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ ကုန်သွယ်မှုမြှင့်တင်ရေး ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် လည်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့ပြီး ကမ္ဘာ့ အရှေ့အလယ်ပိုင်းဒေသ၊ အာရပ်နိုင်ငံအချို့၌ စိုက်ပျိုးရေး ထွက်ကုန် နည်းပါးနေခြင်းနှင့် ဝယ်လိုအားပမာဏ မြင့်မား နေခြင်းက ထိုင်းပို့ကုန်များထပ်မံတင်ပို့ရန် အခွင့်အရေး တစ်ရပ်ဖြစ်ကြောင်း ၎င်းကကောက်နုတ်ပြောကြားခဲ့သည်။

၂၀၂၁ခုနှစ်တွင် အဆိုပါဒေသသို့ ထိုင်းဆန်တင်ပို့မှုသည် (၆၃၀,၀၀၀) တန်ခန့်သာ ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်၌ ဆန်တန်ချိန် (၂.၀၂ မီလီယံ)တန်အထိ ပိုမိုတင်ပို့နိုင်ခဲ့ ကြောင်း၊ ၎င်းပမာဏသည် ထိုင်းတစ်နိုင်ငံလုံး စုစုပေါင်း ဆန်တင်ပို့မှုပမာဏ၏ ၂၆ % ခန့်အထိရှိခဲ့ပြီး ထိုင်းနိုင်ငံ အတွက် ကြီးမားသော ဈေးကွက်တစ်ခုကို ပိုင်ဆိုင်ထား သည့် ဒေသတစ်ခုဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Ronnarong က ထပ်လောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ထိုင်းဘတ်ငွေတန်ဖိုး ကျဆင်းနေမှုအပေါ် စောင့်ကြည့်အကဲခတ်ရန် လိုအပ်လျက်ရှိပြီး ဆန်တင်ပို့ရန် လျာထားချက် ပမာဏအပေါ်ကိုလည်း ပြန်လည်သုံးသပ် ဆောင်ရွက်ရန် လိုကြောင်း ၎င်းက ပြောကြားထားသည်။

ယခင်နှစ်အောက်တိုဘာလနှိုင်းယှဉ်မှုအရ ထိုင်းဘတ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာတန်ဖိုးအောက် ၁၃ % အထိသို့ ကျဆင်းခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ်အတွက် ဆန်တင်ပို့ရန် လျာထားချက် (၈ မီလီယံ) တန်မှ (၇.၅ မီလီယံ)တန်သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ထိုင်းဘတ်ငွေတန်ဖိုးသည် အမေရိကန်တန်ဖိုးအောက် ၁.၅ % ဆက်လက်ကျဆင်းနေခဲ့ပြီး အာရှတွင် တတိယမြောက် အဆိုးရွားဆုံး ငွေကြေးတန်ဖိုးကျဆင်းမှုတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင်ထိုင်းနိုင်ငံသည် ကမ္ဘာ့တတိယအကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏နောက်၌ ရပ်တည်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ထိပ်တန်းဆန်ဈေးကွက်နိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံများသို့ စုစုပေါင်း ဆန်တန်ချိန် (၇.၆၉ မီလီယံ) တန်အထိ တင်ပို့နိုင်ခဲ့ပြီး ဆန်တင်ပို့ရန်လျာထားချက်(၇.၅မီလီယံ)တန်ထက်ကျော်လွန်၍ ယခင်နှစ် ကာလတူထက် ၂၂.၁ % တိုးမြှင့် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။


Thailand is the world's third-largest rice exporter after India and Vietnam. PHOTO: ST FILE

Source: https://www.commercejournal.com

**ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုကော်ပိုရေးရှင်းမှ**
**အစိုးရသတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမည့် ကုန်စည်စာရင်းမှ**
**မုန့်ညင်းဆီထည့်သွင်း**

ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုကော်ပိုရေးရှင်းမှ ဝင်ငွေနည်း မိသားစုဦးရေ ၁၀ သန်းအတွက် အစိုးရ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမည့် မရှိမဖြစ်လိုအပ်သော ကုန်စည်စာရင်းတွင် မုန့်ညင်းဆီ ထည့်သွင်းရန် စီစဉ်နေကြောင်း နှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်နိုင်ငံခြားသုံးငွေ 100 ဘီလီယံ တာကာခန့် သက်သာသွားမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတစ်ဝှမ်းလုံးသို့ အဓိကလိုအပ်သောပစ္စည်းများ ရောင်းချပေးလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှု ကော်ပိုရေးရှင်း(TCB)စာရင်းတွင် စားသုံးဆီပါဝင်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနက မကြာသေးမီကတောင်းဆိုထားသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စားသုံးဆီထုတ်လုပ်မှုဖူလုံစေရန်နှင့် စားသုံးဆီ တင်သွင်းမှုမှီခိုနေရခြင်းကို (၄၀)ရာခိုင်နှုန်းခန့်လျှော့ချနိုင်ရန် ရည်ရွယ်၍ သုံးနှစ်တာ (၂၀၂၂-၂၀၂၅ ဘဏ္ဍာနှစ်) လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်းလည်း ရေးသားထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ လက်ရှိဘဏ္ဍာရေးနှစ်တွင် စားသုံးဆီတန်ချိန် ၇၁၉,၀၀၀ ထုတ်လုပ်ရန် လျာထားခဲ့သော်လည်း တန်ချိန် ၈၁၁,၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခုနှစ်လျာထားချက်ထက် ကျော်လွန် ထုတ်လုပ်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

လုပ်ငန်းစီမံချက်ကို စနစ်တကျ အကောင်အထည်ဖော်ရန်နှင့် ထွက်ရှိသော မုန်ညင်းများအတွက် သင့်တင့်မျှတသောဈေးနှုန်းများရရှိစေရန် အစိုးရက လုပ်ဆောင်နိုင်မည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက မျှော်လင့်ထားသည်ဟုလည်း ရေးသားထားသည်။

TCB စာရင်းတွင် မုန်ညင်းဆီပါဝင်လာပါက မုန်ညှင်းစိုက်တောင်သူများ မျှတသော ဈေးနှုန်းရရှိစေရန် အထောက်အကူဖြစ်စေမည်ဟု ၎င်းဌာနက ပြောကြားထားသည်ကိုလည်း ရေးသားထားသည်။

လက်ရှိတွင် TCB သည် နိုင်ငံ၏ နေရာအနှံ့အပြားတွင် ပဲပုပ်ဆီ၊ သကြားနှင့် ပဲအမျိုးမျိုး စသည့်မရှိမဖြစ် လိုအပ်သောကုန်ပစ္စည်းအချို့ကို ၎င်း၏ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် မြို့တော်ကော်ပိုရေးရှင်းများ၊ ခရိုင်နှင့် အုပ်ချုပ်ရေးအဖွဲ့များ ပေါင်းစည်းထားသည့်နေရာများတွင် ရောင်းချလျက်ရှိကြောင်းရေးသားထားသည်။



Source: https://www.commercejournal.com

**တရုတ်နိုင်ငံ အနောက်မြောက်ဘက်ရှိ အလက်စ်ရှန်ကူ နယ်စပ်ဂိတ်တွင် လယ်ယာထွက်ကုန်များအား အကောက်ခွန် လျှင်မြန်စွာစစ်ဆေးနိုင်ရေး အစိမ်းရောင်လမ်းကြောင်း ဖွင့်လှစ်ပေးထားခြင်း**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကာဇက်စတန်နိုင်ငံနှင့် နယ်နမိတ်ဆက်စပ်လျက်ရှိသော ရှင်းကျန်ဝေဂါ (XinjiangUygur) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အရေးကြီးသော ဝင်ပေါက်တစ်ခုဖြစ်သည့် အလက်စ်ရှန်ကူ (Alashankou) နယ်စပ်ဂိတ်တွင် လယ်ယာထွက်ကုန်များနှင့် အခြားကုန်ပစ္စည်းများအား လျင်မြန်စွာအကောက်ခွန်ရှင်းလင်းနိုင်ရေး အစိမ်းရောင်လမ်းကြောင်း (Green Channel)ကိုတရားဝင်ဖွင့်လှစ်ထားကြောင်း ဒေသဆိုင်ရာအစိုးရထံမှ သိရှိရသည်ဟု (၁၆-၃-၂၀၂၃) ရက်နေ့ထုတ် Global Times သတင်းစာက ဖော်ပြထားပါသည်။

အထူးလမ်းကြောင်းဖြစ်သည့်အစိမ်းရောင်လမ်းကြောင်းကို စမ်းသပ်လည်ပတ်မှု၏ ပထမပတ်အတွင်း အလက်စ်ရှန်ကူ (Alashankou) နယ်စပ်ဂိတ်ကို ဖြတ်သွားသည့် ကားအစီးရေ ၁၈၃၄ စီး ရှိကာ ပြီးခဲ့သည့် သီတင်းအပတ်ကထက် ၃၆.၁၅ ရာခိုင်နှုန်း တိုးလာကြောင်း၊ ပို့သွင်းပမာဏမှာ တန်ချိန် ၁၇၅၀၀ ဖြင့် ပြီးခဲ့သည့် သီတင်းအပတ်ကထက် ၃၅.၆၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အကောက်ခွန်ရှင်းလင်းခြင်းအတွက် သယ်ယူထောက်ပံ့ပို့ဆောင်စရိတ်များ လျော့ကျသွားသောကြောင့် နှစ်နိုင်ငံအကြား လယ်ယာထွက်ကုန်နှင့် အခြားကုန်ပစ္စည်းများကုန်သွယ်မှုတိုးမြင့်လာကာ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လာနိုင်ကြောင်း နယ်စပ်ကုန်သည်များထံက သိရှိရသည်ဟု Global Times က ဆိုသည်။

ကာဇက်စတန်နိုင်ငံမှ ကောက်ပဲသီးနှံ၊ ဆီနှင့် တိရစ္ဆာန်အစာထုတ်လုပ်ရန် ကုန်ကြမ်းတင်သွင်းသည့် တရုတ်ကုမ္ပဏီ AlashankouJinmu Biotechnology Co မှ ဒုတိယအထွေထွေ မန်နေဂျာဖြစ်သူ Yang Haiquan က ယခုကဲ့သို့ အကောက်ခွန်စစ်ဆေးခြင်းတွင် အစိမ်းရောင်လမ်းကြောင်းဆောင်ရွက်မှုကြောင့် ကုမ္ပဏီမှ ကုန်ကြမ်းလိုအပ်မှုကိုလျင်မြန်စွာဖြည့်ဆည်းပေးနိုင်ခဲ့ပြီးလုပ်ငန်းများတိုးချဲ့မည်ဖြစ်ကြောင်း၊ ကုမ္ပဏီနှစ်ပတ်လည်ရောင်းအားမှာ အမေရိကန်ဒေါ်လာ ၁၁၆ သန်း (တရုတ်ယွမ် ၈၀၀ သန်း) ရှိလာနိုင်ကာ လုပ်သား ၂၆၀ ဦး ထပ်တိုးခန့်အပ်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ပိုးလမ်းမစီးပွားရေးရပ်ဝန်း (Silk Road Economic Belt) ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်လာသည်နှင့်အမျှ အလက်စ်ရှန်ကူ (Alashankou) နယ်စပ်ဂိတ်တွင် လျင်မြန်သော အကောက်ခွန်ရှင်းလင်းရေး လမ်းကြောင်းကျင့်သုံးခြင်းဖြင့် တရုတ်နိုင်ငံနှင့် အာရှတိုက်အလယ်ပိုင်းနိုင်ငံများအကြား ရောင်းလိုအားနှင့် ဝယ်လိုအား အလားအလာများကို တွန်းအားပေးရန်နှင့် လယ်ယာထွက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက်လည်း စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအစိုးရက ပြောကြားခဲ့ပါသည်။




Source: https://www.commercejournal.com

## OUR WEBSITES:

*https//mifer.gov.mm*
*https//www.dica.gov.mm*
*https//www.myco.dica.gov.mm*
*https//doso.dica.gov.mm*
*https//mohinga.info*

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးရုံးမှ ၃ လ တစ်ကြိမ်ထုတ်ဝေသည်။